ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြို့ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

ကောင်းမှုအနည်းငယ်ပြုဖန်များသော် ကောင်းမှုနှင့်ပြည့်

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေသကဲ့သို့၊ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန်များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါပဝဂ်(ခဒ္ဓပဒ–၁၂၂)

၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်၊ တနလ်ာနေ့။ Monday, 31 August 2026 ၁၂၈၇

ယနေ့ ဖတ်စရာ

ဥပုဒ်တသန္တိစေတီတော်မြတ်ကြီး စတီးမဏ္ဍိုင်တော် စိုက်ထူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ

စာမျက်နှာ » ၄

ပျော်ရွှင်တဲ့ဘဝ ပိုင်ဆိုင်ဖို့ဆိုရင် .....

ဆောင်းပါး စာမျက်နှာ » ၆

ဝမ်းတွင်းဒေသထွက် ဝါကုန်ကြမ်းအခြေပြု MSMEs များဖြစ်သည့် ချည်ထည်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်

စာမျက်နှာ » ၇

မန္တလေး–နေပြည်တော် ရထားလမ်းပိုင်းရှိ တံတားအမှတ်(၆၉၁) စမုံတံတားသစ်တည်ဆောက်နေမှု ၆၅ ရာခိုင်နှုန်းပြီးစီး



နေပြည်တော် ဩဂုတ် ၃၀

မန္တလေး–နေပြည်တော် ရထားလမ်းပိုင်းရှိ စမုံဘူတာနှင့် သံတောဘူတာကြားရှိတံတားအမှတ်(၆၉၁) စမုံချောင်းတံတားသည် ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်စဉ်တွင် ပျက်စီးခဲ့သဖြင့် အရှည် ၃၆၄ ဒသမ ၁၇ ပေရှိ ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည် တည်ဆောက်လျက်ရှိရာ ၆၅ ရာခိုင်နှုန်း ပြီးစီးနေပြီး

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

စက္ခုတစ်ထောင်၊ လူတစ်ထောင် အလင်းဆောင်မည့် မျက်စိခွဲစိတ်အလှူ အစီအစဉ်ဖြင့် မျက်စိလူနာ ၅၀၀ ကျော်ကို ခွဲစိတ်ကုသပေးထား



ရန်ကုန် ဩဂုတ် ၃၀

“စက္ခုတစ်ထောင်၊ လူတစ်ထောင် အလင်းဆောင်မည့်”ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် မျက်စိခွဲစိတ်အလှူအစီအစဉ်တွင် မျက်စိလူနာ ၅၀၀ ကျော်ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ပျဉ်းမနားမြို့ သံဃဘောသဇ္ဈာနဝိဟာရဝန်ဃဉ်ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ်က ပြောသည်။

အဆိုပါ မျက်စိခွဲစိတ်အလှူအစီအစဉ်ကို မျက်စိအတွင်းကိမ်နှင့် မျက်သားခြစ်ကဲ့သို့သော မျက်စိရောဂါများကြောင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍



တတိယအကြိမ် အိပ်ရာပြင်ဆင်ခြင်းပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

အပြည်ပြည်ဆိုင်ရာ ကြယ်ငါးပွင့်ဟိုတယ်နှင့် ဧည့်ဝတ်ပြုမှု စီမံခန့်ခွဲရေးသင်တန်းကျောင်း၏ တတိယအကြိမ်မြောက် အိပ်ရာပြင်ဆင်ခြင်းပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် Novotel Hotel ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် IFS Academic Manager ဆရာ ဦးအောင်သူက နှုတ်ခွန်းဆက်စကားနှင့် ပြိုင်ပွဲပြုလုပ်ရခြင်းကို လည်းကောင်း၊ ဆရာမ ဒေါ်ချောစုအောင်က ပြိုင်ပွဲအကဲဖြတ် ဆရာ ဆရာမများ အမည်စာရင်းနှင့် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

အားကောင်းသော လေဖိအားနည်းရပ်ဝန်း အခြေအနေ

နေပြည်တော် ဩဂုတ် ၃၀

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ် – ဩရိသပြည်နယ်မြောက်ပိုင်း ကမ်းခြေတို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာပြီး အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက် – အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံဩရိသပြည်နယ်မြောက်ပိုင်း–အနောက်ဘင်္ဂလားပြည်နယ်တို့သို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/၈လ

ကျန်းမာကြံ့ခိုင်သန်စွမ်းဖို့ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းလုပ်ကြစို့ ...

ဆောင်းပါး စာမျက်နှာ » ၁၅



စေတုတ္တရာမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

စေတုတ္တရာ ဩဂုတ် ၃၀

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို အမှတ်(၂၀)ကာကွယ်ရေးပစ္စည်းစက်ရုံရှိ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား စက်ရုံရှိခန်းမ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက ကွင်းဆင်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့ ❐

ကြေးမုံ

စားရေရိက္ခာလုံခြုံဖူလုံပြည့်စုံစေရေး စိုက်ပျိုးမွေးမြူရေးတွန်းအားပေး

ကမ္ဘာ့လူဦးရေသည် တစ်နေ့တခြားတိုးပွားလျက်ရှိပြီး ယခုအခါ လူဦးရေ ရှစ်ဘီလီယံခန့်အထိ တိုးတက်ရောက်ရှိလာပြီဖြစ်သည်။ နောင်တွင်လည်း ဆက်လက်တိုးပွားလာနေဦးမည်ဖြစ်ပြီး အဓိကလိုအပ်ချက်မှာ လူဦးရေတိုးတက်လာမှုနှင့်အတူ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ စားရေရိက္ခာလုံခြုံစိတ်ချရေး(Food Security)ဖြစ်၍ ယင်းလိုအပ်ချက်များအတွက် နိုင်ငံများက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအကျယ်အဝန်းနှင့် လူဦးရေအချိုးအစားမှာ မျှတလျက်ရှိပြီး နိုင်ငံလူဦးရေတိုးနှုန်း မမြင့်မားသောနိုင်ငံဖြစ်သည်။ သို့သော် ရန်ကုန်မြို့ကဲ့သို့ မြို့ကြီးများအနေဖြင့် လူဦးရေတိုးနှုန်း တစ်နေ့တခြား မြင့်မားလျက်ရှိသည့် အခြေအနေအပေါ်မူတည်၍ လိုအပ်သည်များကို သက်ဆိုင်ရာအဖွဲ့အစည်းများက စီမံဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ရန်ကုန်မြို့သည် လူဦးရေအထူထပ်ဆုံး မြို့ကြီးတစ်မြို့ဖြစ်ပြီး ယခုအခါ လူဦးရေ ခုနစ်သန်းကျော်၊ ရှစ်သန်းခန့်အထိ နေထိုင်လျက်ရှိသည်။ နောင်တွင်လည်း လူဦးရေဆက်လက်တိုးပွားလာမည်ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပြအိမ်ရာတည်ဆောက်ရေးနှင့် စားရေရိက္ခာလုံခြုံရေးကို သက်ဆိုင်ရာအဖွဲ့အစည်းများက ကြိုးပမ်းတည်ဆောက် ဆောင်ရွက်လျက်ရှိသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဩဂုတ် ၂၉ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ ခုနစ်သန်းကျော်၊ ရှစ်သန်းခန့်၏ နေ့စဉ် အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက် လိုအပ်ချက်များကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေး လမ်းညွှန်မှာကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မွေးမြူရေးဇုန်များ တည်ထောင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ မွေးမြူရေးဇုန်များကို အပိုင်းလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဇုန်များအလိုက် ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ နွား၊ ငါးနှင့် ငုံးများ မွေးမြူထားသည်။ မွေးမြူရေးဇုန်များတွင် အသား၊ ငါးနှင့်ဥများ ထုတ်လုပ်ရောင်းချပေးလျက်ရှိသည်။ မွေးမြူရေးဇုန်များတွင် ရေလုံလောက်စွာရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး ရေတင်လုပ်ငန်းများဖြင့် ရေပေးဝေလျက်ရှိသည်။ ဇုန်များအလိုက် လျှပ်စစ်မီးရရှိရေးကို ဆောင်ရွက်ပေးထားပြီး ကုန်ထုတ်လမ်းများနှင့် အရိပ်ရလေကာပင်များ ဆောင်ရွက်ထားသည်။ ဇုန်များအလိုက် တိရစ္ဆာန်အစားအစာ လုံလောက်စွာရရှိရေး အစာစပ်စက်ရုံများဖြင့် ထုတ်လုပ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲက မွေးမြူရေးဇုန်များသို့ မကြာခဏလာရောက်ပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြား ဖြည့်ဆည်းပေးလျက်ရှိသည်။

စိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်ထားခြင်းသည် ထုတ်ကုန်များကို ဈေးနှုန်းသက်သက်သာသာဖြင့် ပြည့်ပြည့်ဝဝ ဝယ်ယူစားသုံးနိုင်ရေးအတွက်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် မြေပြင်အခြေခံ ကိန်းဂဏန်းအချက်အလက်များ ပြည့်စုံမှန်ကန်ရေးသည် အဓိကကျပြီး ယင်းအချက်အလက်များကိုအခြေခံ၍ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်သည်။ ပြည်သူများ သက်သာသော ဈေးနှုန်းများဖြင့် အသား၊ ငါးနှင့် ဥအမျိုးမျိုး လုံလောက်စွာဝယ်ယူစားသုံးနိုင်ရေးကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများက စီမံတွက်ချက် လျာထားဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြေနေရာများ ခွဲဝေချထားပေးထားပြီး အဆိုပါမြေကို အခြားနည်းဖြင့် အသုံးမပြုစေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်း(၄)သွယ်သည် မဖြစ်မနေလိုအပ်သည်။ မွေးမြူသည့်တိရစ္ဆာန် အမျိုးအစားအလိုက် မျိုးကောင်းမှသာ ထုတ်လုပ်မှုတိုးတက်လာမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် မြေပြုပြင်ခြင်းနှင့် မြေဩဇာများ ထည့်သွင်းအသုံးပြုရသကဲ့သို့ မွေးမြူရေးလုပ်ငန်းတွင်လည်း တိရစ္ဆာန်အစာကို လုံလောက်အောင်ကျွေးမွေးနိုင်ရန် တိရစ္ဆာန်အစာများကို စဉ်ဆက်မပြတ် ထုတ်လုပ်ရမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်ပျိုးရေနှင့်အောင်ရေ လုံလောက်စွာရရှိရေး လိုအပ်သကဲ့သို့ တိရစ္ဆာန်များအတွက်လည်း သန့်ရှင်းသောရေ လုံလောက်စွာရရှိရန်လိုအပ်သည်။ မွေးမြူရေးလုပ်ငန်းများ အထွက်နှုန်းကောင်းမွန်စေရေးအတွက် မွေးမြူမည့်နေရာ၊ ပမာဏ၊ ရေ၊ အစာနှင့် ကျန်းမာရေးဆိုင်ရာလိုအပ်ချက်၊ စဉ်ဆက်မပြတ် မွေးမြူထုတ်လုပ်မှုစသည်တို့ကို စနစ်တကျ စီမံဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ရန်ကုန်မြို့သည် လူဦးရေအထူထပ်ဆုံးမြို့ဖြစ်၍ ပြည်သူများ နေ့စဉ်လိုအပ်လျက်ရှိသည့် စားရေရိက္ခာများ လုံလောက်ဖူလုံစေရေး၊ ဈေးနှုန်းသက်သာစွာဖြင့် စဉ်ဆက်မပြတ် ဝယ်ယူစားသုံးနိုင်ရေးအတွက် မွေးမြူရေးဇုန်များအတွင်း ဆောင်ရွက်နေသည့် မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ပြီး ပြည်သူများလိုအပ်သည့် အသား၊ ငါးနှင့် ဥအမျိုးမျိုးတို့ကို စနစ်တကျ ထုတ်လုပ်၍ စားရေရိက္ခာလုံခြုံဖူလုံမှုကို စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် တွန်းအားပေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

အင်းစိန်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး ဆွေးနွေးပွဲပြုလုပ်

ရန်ကုန် ဩဂုတ် ၃၀

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)၊ မြို့နယ်စာပေဥယျာဉ်အသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းပြုလုပ်သည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့အတွက် သုတ၊ ရသ၊ စာပေ၊ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၂၇ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက်စာဖတ်ဝိုင်းကိုတက်ရောက်လာကြသော စာရေးဆရာအသင်းနှင့် စာပေဥယျာဉ်အသင်းဝင်များ ဖြစ်ကြသည့် စာရေးဆရာမ ဒေါ်ခင်နှင်းကြည် (နှင်းနှင်း-အင်းစိန်)က စာရေးဆရာမကြီး ဒေါ်ခင်စောတင့် ရေးသားထုတ်ဝေခဲ့သည့် စွန့်စားမှုဆီသို့ ခြေတစ်လှမ်းနှင့် အတွေးအမြင်စာစုများ စာအုပ်ပါအကြောင်းအရာများကို စိတ်ဝင်စားဖွယ် ဆွေးနွေးဟောပြော၍ တက်ရောက်လာကြသည့် ပျိုပျိုယောဂ (သစ်တော)၊ စိန်ညိုမင်း (ထန်းတစ်ပင်)၊ ဥသာမြတ် (ဆေး)၊ မေသစ်ဦးကြည်၊ စိုးမိုး(ပါရာဒိုင်း)တို့က သိလိုသည်များကို မေးမြန်းဆွေးနွေး အမြင်ချင်းဖလှယ်ကြပြီး မြို့နယ်စာပေဥယျာဉ်အသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့် (မောင်မောင်ဝင်းမြင့်-မှုခင်း)က ကျေးဇူးတင်စကားပြောကြားကာ ဦးဆောင်ဆွေးနွေးသူကို တာဝန်ရှိသူများက အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ မြင့်ဦး

သထုံမြို့နယ် ဓနသိဒ္ဓိရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

သထုံ ဩဂုတ် ၃၀

မွန်ပြည်နယ် သထုံမြို့နယ် ဓနသိဒ္ဓိရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို ယနေ့တွင် အဆိုပါအသင်းရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေအရ ဓနသိဒ္ဓိရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှစတင်ကာ ငါးနှစ်တာ ဆက်လက်တာဝန်ယူဆောင်ရွက်ကြမည့် အမှုဆောင်သစ်များကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူးက ဦးဆောင်၍ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ရွေးချယ်ကြကာ အသင်းသားများ၏ အတည်ပြုချက်ရယူ၍ ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

၃၀ - ၈ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၅၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

စာတည်းမှူးချုပ်	- ဝင်းနိုင်	**အကြီးတန်း**	- ခင်မို့မို့အောင်၊
စာတည်းမှူး	- အေဝမ်းစိုး	**သတင်းထောက်များ**	ခင်မျိုးနိုင်၊ မာမာစိုး၊
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊		ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
	ယုဝါဝါ၊ သီသီမင်း၊	**အငယ်တန်း**	- အောင်ကျော်ဦး၊ သန်းတင်အောင်
	ဟိန်းထက်လင်း၊ သက်ထွေး၊	**သတင်းထောက်များ**	ခင်သက်မွန်၊ မြသီတာ
	စန်းယဉ်ဥ၊ နိုင်လင်းကြည်	**သုတေသန**	- ဇင်မာဝင့်
		စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
ဘာသာပြန်	- အောင်ကျော်ကျော်၊	**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း**	- နီလာစိုးနှင့်အဖွဲ့
	စိုးသူရ	**အီးမေးလ်နှင့် အွန်လိုင်း**	- စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လို

စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့ လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည် မဖွံ့ဖြိုး မတိုးတက်စရာ အကြောင်းမရှိပါဘူး။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မိဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

✪ ရှေ့ဖုံးမှ

လာမည့်နှစ် မတ်လကုန်တွင် တံတားနှင့်ချည်ကပ် ရထားလမ်းများအားလုံးပြီးစီးကာ အစုနှစ်၊ အဆန်ရထားများ ပြေးဆွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ စမုံချောင်းတံတားအသစ်တည်ဆောက်နေမှုနှင့် တံတားတည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမြထွန်းဦးသည် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး စက်မှုလျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့နှင့်အတူ ကြည့်ရှုစစ်ဆေးပြီး တံတားတည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ချဉ်းကပ်ရထားလမ်းများအား တံတားနှင့်တစ်ပြိုင်တည်း ပြီးစီးရေးဆောင်ရွက်ရန်၊ ချောင်းကမ်းပါးနံရံများ ပြိုကျပိတ်ဆို့မှုမရှိစေရေး မြေထိန်းနံရံများ ဆက်လက်ဆောင်ရွက်ရန်၊ ရေလမ်းကြောင်း ကောင်းမွန်စေရေး စနစ်တကျ ဆောင်ရွက်ရန် မှာကြားသည်။

အလားတူ ယနေ့တွင် မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)သို့ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရထားပို့ဆောင်ရေးလုပ်ငန်းသည် Public Transportation အတွက် အရေးပါသည့် လုပ်ငန်း ဖြစ်ကြောင်း၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု အတွက် အခြေခံကျသည့် လူစီးတွဲနှင့်ကုန်တွဲများ တည်ဆောက်ပြုပြင်မှုကို အဓိကဆောင်ရွက်ရသော စက်ရုံတစ်ခုဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် တာဝန်ကျေပြွန်စွာ ထမ်းဆောင်ခြင်းဖြင့် ဂုဏ်ယူတတ် စေရန် လိုအပ်ကြောင်း ပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်၍ စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❍ စက္ခုတစ်ထောင့်မှ

အမြင်အာရုံထိခိုက်နေသူများ ခွဲစိတ်ကုသမှုရရှိစေရန်နှင့် အမြင်အာရုံပြန်လည်ရရှိစေရန် ရည်ရွယ်၍ အများပြည်သူ၏ စုပေါင်းလှူဒါန်းငွေများဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ယင်းအစီအစဉ်အရ ပျဉ်းမနားသံဃာ့ဆေးရုံ၊ မြောင်းမြဆေးရုံနှင့် မန္တလေးမြို့ရှိ မြစ်ငယ်မီးရထားဆေးရုံတို့တွင် မျက်စိခွဲစိတ်ကုသမှုများ ပြုလုပ်ပေးခဲ့ပြီး ယခုအချိန်အထိ မျက်စိလူနာ ၅၀၀ ကျော်အား ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီဟု သိရသည်။

ထို့အပြင် မန္တလေးမြို့ရှိ မြစ်ငယ်မီးရထားဆေးရုံကြီးတွင်လည်း မျက်စိခွဲစိတ်ကုသမှုများ ဆက်လက်ပြုလုပ်ပေးခဲ့ရာ ဩဂုတ် ၁၅ ရက်တွင် မျက်စိအတွင်းတိမ်လူနာ ၁၂ ဦးနှင့် မျက်သားခြစ်လူနာ နှစ်ဦး၊ စုစုပေါင်း ၁၄ ဦးကိုလည်းကောင်း၊ ဩဂုတ် ၂၂ ရက်တွင် မျက်စိအတွင်းတိမ်လူနာ ၁၆ ဦးနှင့် မျက်သားခြစ်လူနာ လေးဦး စုစုပေါင်းလူနာ ၂၀ ကို ထပ်မံခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း၊ ယင်းသို့ ခွဲစိတ်ကုသမှုများ ဆက်လက်ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် မြစ်ငယ်မီးရထားဆေးရုံကြီးတွင် ယနေ့အထိ မျက်စိအတွင်းတိမ်လူနာ ၁၀၅ ဦးနှင့် မျက်သားခြစ်လူနာ ၁၁ ဦး စုစုပေါင်း လူနာ ၁၁၆ ဦးကို ခွဲစိတ်ကုသပေးထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ မျက်စိခွဲစိတ်အလှူအစီအစဉ်တွင် အလှူရှင်များအနေဖြင့် မျက်စိတစ်လုံးလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် မိမိကိုယ်တိုင် ငွေကျပ် နှစ်သိန်း ထည့်ဝင်လှူဒါန်း၍ မျက်စိခွဲစိတ်ကုသမှုခံယူလိုသူများအနေဖြင့်လည်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **MT**

❖ တတိယအကြိမ်မှ

ဆက်လက်၍ အိပ်ရာပြင်ဆင်ခြင်းပြိုင်ပွဲကို ကျင်းပရာ အိပ်ရာခုတင်တစ်ခုလျှင် ကျောင်းသားတစ်ဦးနှုန်းဖြင့် ကျောင်းသားနှစ်ဦးစီ ယှဉ်ပြိုင်ကြပြီး အကောင်းဆုံး အိပ်ရာပြင်ဆင်ခြင်းကို ကျောင်းသား ကျောင်းသူ လေးဦးက ဆွတ်ခူးရရှိခဲ့သည်။

ထို့နောက် သင်တန်းကျောင်းမှ Housekeeping ဘာသာရပ်ပိုင်း ဆရာ ဦးကျော်မိုးနိုင်နှင့် ဆရာမ ဆရာများက အဆိုပါကျောင်းမှ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ၊ အိပ်ရာပြင်ဆင်ခြင်းပြိုင်ပွဲမှ ဆုရ ကျောင်းသား ကျောင်းသူ လေးဦးနှင့် ကျောင်းသား ကျောင်းသူတို့အား ဆုများနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

အပြည်ပြည်ဆိုင်ရာ ကြယ်ငါးပွင့်ဟိုတယ်နှင့် ဧည့်ဝတ်ပြမှု စီမံခန့်ခွဲရေးသင်တန်းကျောင်းကို ကမာရွတ်မြို့နယ် အောင်မြေသာစည်အိမ်ရာ၌ ၂၀၂၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီ Housekeeping နှင့် Bed Making ပိုင်းတွင် ထူးချွန်သော ကျောင်းသားများကို ဖော်ထုတ်၍ အနာဂတ် Hotel Industry အတွက် အရည်အချင်းပြည့်ဝသော လူငယ်များ ဖြစ်လာစေရန်၊ လူငယ်များ မိမိဝါသနာပါရာ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများဖြင့် နိုင်ငံ၏ ခရီးသွားဖြင့်တင်ရေးတွင် ဟန်ချက်ညီစွာ လိုက်ပါဆောင်ရွက်နိုင်ရန် နိုင်ငံတကာဟိုတယ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ရင်ပေါင်တန်းလုပ်ဆောင်နိုင်ရန်၊ Bed Making နည်းစနစ်များကို လက်တွေ့ပြုလုပ်ခြင်းမှတစ်ဆင့် ကျွမ်းကျင်မှုနှင့် လုပ်ငန်းခွင်အဆင့်အတန်း တိုးတက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဥသာ၊ ဓာတ်ပုံ – ကိုလွင်

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုမရှိစေရေး၊ အွန်လိုင်းမီတာလျှောက်ထားနိုင်ရေး ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဩဂုတ် ၃၀

တောင်ကြီးမြို့ ၆၆/၁၁ ကေဗွီဓာတ်အားခွဲရုံ၊ ဟိုပုန်းမြို့ ၆၆/ ၃၃ ကေဗွီဓာတ်အားခွဲရုံ၊ ပင်းပက် သံမဏိစက်ရုံအတွင်း တည်ဆောက်မည့် ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အား ပေးစက်ရုံနှင့် တောင်ကြီးပင်မ ဓာတ်အားခွဲရုံအတွင်း တိုးချဲ့တည်ဆောက်လျက်ရှိသည့် ၂၃၀/ ၁၁၂ ကေဗွီ ၁၅၀ အမ်ဗွီအေ Switchbay တည်ဆောက်နေမှု အခြေအနေများကို ယမန်နေ့က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးမီးလင်းရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်တာဝန်များ၊ အွန်လိုင်းမီတာ လျှောက်ထားမှုများအတွက် ပြင်ဆင်ထားရှိရမည့် အခြေအနေ၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး၊ ဓာတ်အားခမများ ကောက်ခံရရှိရေး၊ ဌာနဝင်ငွေ တိုးပွားရေးနှင့် တရားမဝင် ဓာတ်အား သုံးစွဲမှုများအား ဖော်ထုတ်ရေးမှာကြားပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်၍ အွန်လိုင်းမီတာ လျှောက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ဩဂုတ် ၂၈ ရက်က ပင်လောင်းမြို့နယ် အတွင်းရှိ တီကျစ် ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှု၊ တောင်ကြီးခရိုင်အတွင်းရှိ ဓာတ်အားခွဲရုံများမှ ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးနေမှု၊ ဓာတ်အား ပေးစက်ရုံ ထိန်းချုပ်ခန်းနှင့် ကျောက်မီးသွေးအခြောက်ခံစက် တို့ကို ကြည့်ရှုစစ်ဆေးပြီး ဇေဒ် စွမ်းအင်နှင့် သဘာဝအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ လီမိတက်၏ ကျောက်မီးသွေး တူးဖော်ရေး လုပ်ကွက်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❒ စေတုတ္တရာမြို့နယ်မှ

အခမ်းအနားတွင် အမှတ်(၂၀) ကာကွယ်ရေးပစ္စည်းစက်ရုံမှ စက်ရုံမှူး ဗိုလ်မှူးကြီး ဇော်ဝင်းထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID များ ပေးအပ်ပွဲကျင်းပခဲ့ရာ အမှတ်(၂၀) ကာကွယ်ရေးပစ္စည်း စက်ရုံမှ စက်ရုံမှူး ဗိုလ်မှူးကြီး ဇော်ဝင်းထွန်းနှင့် တာဝန်ရှိသူများက ကျောင်းသား ၃၄ ဦး၊ ကျောင်းသူ ၂၈ ဦး စုစုပေါင်း ၆၂ ဦးတို့ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆန်းကိုကို(ပြန်/ဆက်)

မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရောင်းဝယ်ရေး အသင်းအမှူဆောင် ပြန်လည်ရွေးချယ်

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် သာယာကုန်းရောင်းဝယ်ရေးသမဝါယမအသင်း ၂၀၂၅-၂၀၂၆ အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှူဆောင် ပြန်လည်ရွေးချယ်ပွဲကို ဩဂုတ် ၃၀ ရက်က ရပ်ကွက်မှောရံ၌ ကျင်းပသည်။

အခမ်းအနားတွင် သာယာကုန်းရပ်ကွက် သာယာကုန်းရောင်းဝယ်ရေးအသင်း၌ဌက္ကဋ္ဌက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အမှူဆောင်အစီရင်ခံစာနှင့် အသင်းသား စာရင်းစစ် အစီရင်ခံစာများကို အမှူဆောင်တစ်ဦးက ဖတ်ကြားပြီး အတည်ပြုသည်။



ယင်းနောက် အမှူဆောင် ငါးဦး၊ အသင်းသားစာရင်းစစ် နှစ်ဦးအား ရွေးချယ်အတည်ပြုကတိသစ္စာပြုခြင်းဆောင်ရွက်ခဲ့ကာ တက်ရောက်သူအသင်းသားများအား အစုပေါ်အမြတ်ငွေများ ထုတ်ပေးခဲ့ကြောင်း သိရသည်။ **ကျော်ကျော်**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး စတီးမဏ္ဍိုင်တော် စိုက်ထူပူဇော်ခြင်းမဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၃၀

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရတနာစတီး မဏ္ဍိုင်တော် စိုက်ထူပူဇော်ခြင်းမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ဒကိ္ခဏသီရိ မြို့နယ် မာရဝိဇယကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနေမိန္ဒ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ မာရဝိဇယကျောင်းဆရာတော် ဘဒ္ဒန္တ နေမိန္ဒအရှင်သူမြတ်ထံမှ ကိုးပါးသိလခံယူဆောက်တည်ကာ ဆရာတော် သံဃာတော် အရှင်သူမြတ်များ ရွတ်ဖွားသရဏဂုံတော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဏာဏတော်တွင် ပက်ဖျန်း၊ ကြဖြန့်၊ ချည်နှောင်၊ တားဆီး၊ ကာရံကြပြီး ဆရာတော်သံဃာတော် အရှင်သူမြတ်များအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ရတနာစတီး မဏ္ဍိုင်တော်ပုံတော်ကို ဆက်ကပ်လှူဒါန်း၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အောင်စည်သာပရိယတ္တိ စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဥိစက္ခဏ အရှင်သူမြတ်ထံမှ အနုမောဒနာတရား နာကြား၍ ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

ထို့နောက် ဥပါသကာများဦးဆောင်ပြီး ဘုရားဒါယကာများက ရတနာစတီးမဏ္ဍိုင်တော် အစိတ်အပိုင်းများကို လိုဏ်တော်အတွင်း၌ လက်ယာရစ် လှည့်လည်ပင့်ဆောင်၍ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ငြမ်းထက်သို့ ပင့်ဆောင်ကြကာ အခမ်းအနားမှူးက မင်္ဂလာအခါတော်စာတမ်းကို ဖတ်ကြား၍ မင်္ဂလာအချိန်တွင် ဘုရားဒါယကာများက ရတနာစတီးမဏ္ဍိုင်တော်ကို စိုက်ထူပူဇော်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့အား ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဘောဇနသာလဆွမ်းစားဆောင်၌ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပဋိစ္စသမုပ္ပါဒ်ဆုနှင်းသဘင်အခမ်းအနားကျင်းပ

ညောင်လေးပင် ဩဂုတ် ၃၀

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ တောရကြီးကျောင်းတိုက်၌ ကျင်းပပူဇော်အပ်သော အဂ္ဂမဟာပဏ္ဍိတဆရာတော်ကြီး၏ (၇၄)နှစ်မြောက် ပူဇော်ခြင်းနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပဋိစ္စသမုပ္ပါဒ်စာမေးပွဲ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်၊ စတုတ္ထဆင့် စာမေးပွဲအောင် ဆုနှင်း သဘင်ကို ဩဂုတ် ၂၈ရက်တွင် ညောင်လေးပင်မြို့ တောရကြီးကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါ ဆုပေးပွဲတွင် ပဋိစ္စသမုပ္ပါဒ် ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်၊ အထူးအောင် ကျောင်းသား ကျောင်းသူများအား အောင်လက်မှတ်နှင့် ဆုများကို တာဝန်ရှိသူများက ချီးမြှင့်ကြသည်။

ပဋိစ္စသမုပ္ပါဒ်ရွေတံဆိပ် ပဋိစ္စသမုပ္ပါဒ်မယ်ဆုကို အခြေခံပညာ အလယ်တန်းကျောင်း၌(ထော်နွတ်)မှ မခိုင်ဇင်ထက်က ဆွတ်ခူးရရှိပြီး အလှူရှင်များက ရွေတံဆိပ်ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခင်မောင်လွင်(ညောင်လေးပင်)



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဇဖာရ်ရှား ဂူဗီမာန်ကြီးကြေပ်ရေးကော်မတီက ကြီးမှူးကျင်းပသော (၁၅၀၁)ကြိမ်မြောက် တမန်တော်မွေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက အဆိုပါ ဂူဗီမာန်၌ ကျင်းပစဉ်။

နိုင်လင်းအောင်(တာမွေ)

မကွေးမြို့နယ်၌ အခွန်ဆိုင်ရာပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

မကွေး ဩဂုတ် ၃၀

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်၌ အခွန်ထမ်းလုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသည့် အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာနမှူးက အခွန်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ပြည်တွင်းအခွန်များ ဦးစီးဌာနက ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ အခွန်ကောက်ခံရခြင်း၏ ရည်ရွယ်ချက်၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ၊ အခွန်အမှတ် တံဆိပ်ကပ်နှိပ်ခြင်း၊ အခွန်ပေးသွင်းခြင်း၊ ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် အခွန်ထမ်းလုပ်ငန်းရှင်များက သိရှိလိုသည့် မေးမြန်းချက်များ အပေါ်ပြန်လည် ဖြေကြားခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

သနပ္ပင်မြို့နယ်၌ စနစ်ကျသောစိုက်ပျိုးရေးစနစ်ဆောင်ရွက်မည့် တောင်သူများနှင့်တွေ့ဆုံ

သနပ္ပင် ဩဂုတ် ၃၀

ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် သမဝါယမစနစ်ကို အခြေခံ၍ စုပေါင်း



ဆောင်ရွက်သည့် စနစ်ကျသောစိုက်ပျိုးရေးစနစ် စီမံကိန်းဆောင်ရွက်ရန် အတွက် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့က သနပ္ပင်မြို့နယ် ကမာဖရံကျေးရွာ၌ ဆောင်ရွက်သည်။

စုပေါင်းဆောင်ရွက်

ဦးစွာ ကမာဖရံကျေးရွာရှိ မြစိမ်းရောင်စိုက်ပျိုးရေးနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ စနစ်ကျလယ်ယာမြေဖော်ဆောင်ရန်အတွက် တစ်ဆက်တစ်စပ်တည်း ဧက ၃၀၀ ရှိသည့် အသင်းသားတောင်သူ ၈၀ နှင့်တွေ့ဆုံပြီး လက်ထောက်ညွှန်ကြားရေးမှူးက သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသောစိုက်ပျိုးရေးစနစ်ကို ဆောင်ရွက်ခြင်းဖြင့် သီးနှံများ စုပေါင်း၀ယ်ယူ၊ စုပေါင်းရောင်းချခြင်းများကြောင့် တောင်သူများအနေဖြင့် ကုန်ကျစရိတ် သက်သာမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ခရမ်းမြို့နယ်၌ ဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးပေးအပ်

ခရမ်း ဩဂုတ် ၃၀

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်တွင် နိုင်ငံစီးပွားဖြင့်တင်ရေးရန်ပုံငွေဖြင့် နိုင်ငံစီးပွားပြင်ပဧရိယာများ ဆောင်ရွက်သည့် မိုးစပါးသီးနှံအတွက် ဓာတ်မြေဩဇာများ တောင်သူများထံသို့ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက တောင်သူများထံသို့ ဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးပေးအပ်ခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

အလုပ်သမားဆေးရုံ(ထန်းတပင်)၌ ကျောက်ကပ်သွေးသန့်စင်ဆေးကြောနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

ရန်ကုန် ဩက္တိုဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အာမခံအလုပ်သမားလူနာများ ငွေကြေးစိုက်ထုတ်ကုန်ကျမှုမရှိဘဲ ပိုမိုလွယ်ကူအဆင်ပြေစေရန် လှိုင်သာယာမြို့နယ်ရှိ အလုပ်သမားဆေးရုံ (ထန်းတပင်)တွင် နာတာရှည် ကျောက်ကပ်ရောဂါခံစားနေရသော အာမခံအလုပ်သမားလူနာများအား ကျောက်ကပ်သွေးသန့်စင်သည့် ဝန်ဆောင်မှုဆောင်ရွက်နိုင်ရေး၊ ကျောက်ကပ်သွေးသန့်စင်ကဲသုံးလုံး တပ်ဆင်နိုင်ရေးနှင့် ရေသန့်စက်များတပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ စီစဉ်ဆောင်ရွက်နေမှုကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုထိရောက်လွယ်ကူစေရန် အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေး ဆေးခန်းများ၊ ဌာနကြီးဆေးခန်း၊ စာချုပ်ဆေးခန်းများဖြင့် ဆေးကုသမှုဝန်ဆောင်မှုများအပြင် နာတာရှည် ကျောက်ကပ်ရောဂါခံစားနေရသော အာမခံအလုပ်သမားလူနာများအား ကျောက်ကပ်သွေးသန့်စင်သည့် ဝန်ဆောင်မှုများကို အလုပ်သမားဆေးရုံကြီး(ရန်ကုန်)တွင် ကျောက်ကပ်သွေးသန့်စင်စက်လေးလုံးဖြင့် တစ်လပျမ်းမျှ လူနာဦးရေ ၁၂၆ ဦးအား အကြိမ် (၁၃၀) ကျောက်ကပ်သွေးသန့်စင် ဆောင်ရွက်လျက်ရှိပြီး အလုပ်သမားဆေးရုံကြီး (မန္တလေး) တွင်လည်း တစ်လပျမ်းမျှလူနာ ၁၄ ဦးအား (၁၀၁)ကြိမ် ကျောက်ကပ်သွေး သန့်စင်ဆောင်ရွက်ပေးလျက်ရှိသည်။



အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အာမခံစနစ်များကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဓိကလုပ်ငန်းစဉ်အနေဖြင့် အာမခံအလုပ်သမားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်ပေးခြင်းတို့အား ဆောင်ရွက်လျက်ရှိပြီး လူမှုဖူလုံရေးစီမံကိန်းအရ အကျိုးဝင်အာမခံအလုပ်သမားများကို ဆေးကုသပေးသည့် ဝန်ဆောင်မှုကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆေးရုံ၊ ဆေးခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ရောဝတီတိုင်းဒေသကြီး ပုသိမ်ရုံးအဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

ပုသိမ် ဩက္တိုဘာ ၃၀

ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ရောဝတီတိုင်းဒေသကြီး ပုသိမ်ရုံး အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီက ပုသိမ်မြို့ အမှတ်(၄)ရပ်ကွက် ပန်းခြံလမ်းရှိ အဆိုပါရုံးသစ် ဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ ရောဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမင်းဦး၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးအောင်စန်းချစ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်မျိုးတင်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်နှင့် မဟာလင်းသစ်ကုမ္ပဏီ CEO ဦးရှိန်မင်းသော်တို့က သတ်မှတ်နေရာ အသီးသီးတွင် ရတနာပန္နက်များကို စိုက်ထူပေးကြသည်။

ဆောက်လုပ်သွားမည်

အဆိုပါအဆောက်အအုံသစ်ကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ၆၇၇ ဒသမ ၆၅ သန်းဖြင့် မဟာလင်းသစ်ကုမ္ပဏီက တာဝန်ယူဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သန့်ဇင်(ပြန်/ဆက်)

မူဆယ်မြို့ ရှေ့သမင်ပန်းခြံ၌ မိုးနှောင်းစိုက်ပျိုးပွဲတော် အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုး

မူဆယ် ဩက္တိုဘာ ၃၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် မိုးနှောင်းစိုက်ပျိုးပွဲတော်အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မူဆယ်မြို့အဝင် ပြည်ထောင်စုလမ်းမကြီး ဘေးရှိ ရွှေသမင်ပန်းခြံ၌ ယမန်နေ့ နံနက် ၁၀ နာရီက စုပေါင်းစိုက်ပျိုးကြသည်။



ဦးစွာ ဆရာတော် သံဃာတော်များထံမှ ငါးပါးသီလခံယူကြပြီး သံဃာတော်များမှ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။ ဆက်လက်၍ သင်ပင်စိုက်ပျိုးပွဲကို ကျင်းပရာ ရွှေသမင်ပန်းခြံလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးအိုက်ထွန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ သစ်တောနှင့် သစ်ပင် ချစ်မြတ်နိုးသူများက စုပေါင်းကာ နှစ်ရှည်ပင်များနှင့် ပန်းအလှပင်များကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ချယ်ရီမြေ(မူဆယ်)

ရမည်းသင်းမြို့နယ် မြက်ပညာငွေစုငွေချေးနှင့် ပညာရေး (GEC) သမဝါယမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ရမည်းသင်း ဩက္တိုဘာ ၃၀

မန္တလေး တိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြက်ပညာငွေစုငွေချေးနှင့် ပညာရေး (GEC) သမဝါယမ အသင်းတို့၏ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ပိုင်းက မြို့နယ်သမဝါယမအသင်းစု သက်တံရောင်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြက်ပညာငွေစုငွေချေး သမဝါယမအသင်း ဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်သည်။

အစည်းအဝေးသို့ မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ၊ မြို့နယ် သမဝါယမအသင်းစု ဥက္ကဋ္ဌ၊ မြက်ပညာငွေစုငွေချေးနှင့် ပညာရေး(GEC) သမဝါယမအသင်းတို့မှ အမှုဆောင်အဖွဲ့များနှင့် အသင်းသား/ အသင်းသူများ တက်ရောက်ပြီး အမှုဆောင်အဖွဲ့က အသင်း၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း၊ ရှေ့လုပ်ငန်းစဉ် အစီအစဉ်များကို ဖတ်ကြားတင်သွင်းပြီး တက်ရောက်လာသူများက ကန့်ကွက်မှုမရှိ ထောက်ခံကြသဖြင့် သဘာပတိက အတည်ပြုပေးခဲ့ကာ အစုပေါ် အမြတ်နှင့် စုဆောင်းငွေပေါ် အတိုးများ ထုတ်ပေးခဲ့ကြောင်း သိရသည်။ **ကိုဇော်(ရမည်းသင်း)**



ကော့မှူးမြို့နယ်၌ သမဝါယမကဏ္ဍမှ ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

ကော့မှူး ဩက္တိုဘာ ၃၀

ရန်ကုန် တိုင်းဒေသကြီး ကော့မှူးမြို့နယ် သမဝါယမဦးစီးဌာနတွင် လွတ်တော်ကိုယ်စားလှယ်များနှင့် သမဝါယမလုပ်ငန်းများဆောင်ရွက်မှု တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက တောင်ပိုင်းရပ်ကွက် မြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်စုထွေးက သမဝါယမကဏ္ဍမှ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံစီးပွားမြှင့်တင်ရေးစီမံကိန်း၊ သက်တန့်ရောင်စီမံကိန်း၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုတို့နှင့် သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသော စိုက်ပျိုးရေးစနစ်(CBFP)စီမံကိန်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသော အသင်းသားတောင်သူများမှ CBFP စီမံကိန်းနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ကျော်သူရ(ကော့မှူး)



နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ကြေးမုံ

ပျော်ရွှင်တဲ့ဘဝ ပိုင်ဆိုင်ဖို့ဆိုရင် .....

လူတစ်ဦးရဲ့ဘဝ အနှစ်သာရထဲမှာ ပျော်ရွှင်ခြင်းဆိုတာ အရေးပါတဲ့အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။ ပျော်ရွှင်မှုရှိတဲ့ဘဝဟာ နေပျော်တဲ့ဘဝလို့လည်း ဆိုနိုင်တယ်။ ပျော်ရွှင်မှုက ကိုယ့်ရဲ့တစ်ကိုယ်ရေအတွက်ပဲဖြစ်ဖြစ်၊ လုပ်ငန်းခွင်ဘဝမှာပဲဖြစ်ဖြစ် အရေးပါတယ်။

သိန်းထွန်း (IR)

ပျော်ရွှင်တာနဲ့ စိတ်ဆင်းရဲတာ ဘယ်ဟာကို ယူမလဲဆိုရင် ဘယ်သူမဆို ပျော်ရွှင်မှုကိုပဲယူကြမှာပဲ။ ကိုယ့်ဘဝမှာ ကာယသုခ၊ စိတ္တသုခနဲ့ပြည့်စုံဖို့ ကြိုးစားအလုပ်လုပ်ကြတယ်၊ ငွေကြေး၊ ပစ္စည်း ဥစ္စာ၊ စည်းစိမ်၊ ရာထူး၊ အဆွေအရံတွေ ပြည့်စုံအောင် ရှာကြဖွေကြတယ်။ လိုချင်တာတွေပြည့်စုံလာပြန်တော့ တကယ့်စိတ်ချမ်းသာပျော်ရွှင်မှု ရကြရဲ့လား။ ရတဲ့သူလည်းရ၊ မရတဲ့သူလည်း မရကြဘူး။

လူ့လောဘက ဒီတစ်ခုရှိတော့ နောက်တစ်ခုလိုချင်ကြတယ်။ ဘဝဆိုတာ ပြည့်စုံတယ်လို့မှမရှိပဲကိုး။ ရပ်ဝေးသားအရာတွေ ပျောက်ပျက် ဆုံးရှုံးသွားမှာကို စိုးရိမ်ပူပန်ကြတယ်။ ငွေကြေးပစ္စည်းဥစ္စာ မပြည့်စုံသူတွေကြပြန်တော့ လောကခံတွေကြောင့် ပျော်ရွှင်မှုဆိုတာ ဆေးခါးကြီးပေါ်မှာ ပုံးထားတဲ့ သကြားအလွှာလေးလိုပဲ။ ခဏနဲ့ပျောက်ကွယ်သွားတတ်ကြတယ်။ ပျော်ရွှင်မှုဆိုတာက ချမ်းသာကြွယ်ဝမှု၊ ဆင်းရဲမှုနဲ့ တိုက်ရိုက်ဆိုင်သလားဆိုတော့ ကြွယ်ဝချမ်းသာပြီး မပျော်နိုင်တဲ့သူတွေ၊ ဆင်းရဲပေမယ့် ပျော်ပျော်ရွှင်ရွှင်နေနိုင်တဲ့သူတွေလည်းရှိကြပါတယ်။ ဒါကိုကြည့်ရင် ပျော်ရွှင်မှုဟာ ချမ်းသာမှု၊ ဆင်းရဲမှုနဲ့, သက်ဆိုင်သလို အခြားအကြောင်းရင်းတွေလည်း ရှိနေပါတယ်။

စိတ်ချမ်းသာပျော်ရွှင်မှု ဘယ်ကလာလဲဆိုတာကို စဉ်းစားမိတော့ ဓမ္မအမြင်နဲ့ လောကအမြင် ကွဲပြားတာတွေရှိပါတယ်။ ပစ္စုပ္ပန်ကာလ ပုထုဇဉ်လူသားတစ်ဦးအနေနဲ့ဆိုတော့ လောကအမြင်နဲ့ပဲ ကြည့်မိတယ်။ လောကအမြင်ရှုထောင့်ကကြည့်ရင် ပျော်ရွှင်မှုဆိုတာ ဘယ်က လာသလဲ။ ခေတ်သစ်စိတ်ပညာနဲ့ ချမ်းသာသုခသုတေသနတွေအရ ဆိုရင် ပျော်ရွှင်မှုဆိုတာ "အခြားသူပေးမှရသောအရာ" လို့ပြောလို့မရ နိုင်သလို "ကိုယ့်အတွင်းစိတ်မှာပဲ ရှိတဲ့အရာ" လို့လည်း ပြောလို့မရပါ ဘူး။ ပျော်ရွှင်မှုတွေရဖို့အတွက် ကိုယ့်အတွင်းစိတ်နဲ့ ပြင်ပလောက အကြား အပြန်အလှန်ဆက်သွယ်မှုကနေဖြစ်ပေါ်လာတဲ့ ရလဒ် တစ်ခုဖြစ်တယ်လို့ ဆိုပါတယ်။ ပျော်ရွှင်မှုတစ်ခုရဖို့ ကိုယ်ကိုယ်တိုင်၊ အခြားသူတွေနဲ့ ကိုယ်နဲ့အခြားသူတွေရဲ့ဆက်နွယ်မှုဆိုတဲ့ အကြောင်း တရား သုံးခု ပေါင်းစပ်ပါဝင်နေပါတယ်။

အချို့က ပျော်ရွှင်မှုရဖို့ အခြားသူတွေအပေါ်မှာ တည်မှီထားတတ် ကြတယ်။ ဥပမာ သူက ငါ့ကိုချစ်မှ ငါပျော်မယ်၊ သူက ငါ့ကို အသိအမှတ် ပြုမှ ငါတန်ဖိုးရှိပြီး ပျော်မယ်၊ သူက ငါ့ကို ပစ်မထားခဲ့မှ ငါပျော်မယ် ဆိုတဲ့ခံစားချက်တွေဟာ ကိုယ့်ရဲ့ပျော်ရွှင်မှုကို အခြားသူတွေရဲ့ တုံ့ပြန် မှုအပေါ် တည်မှီထားကြပါတယ်။ အကြောင်းတစ်ခုကြောင့် သူက ငါ့ကိုမချစ်တော့ဘူးလို့သိလိုက်တာနဲ့ ငါ့မှာပျော်ရွှင်တာတွေ ပျောက်သွားပါတယ်။ ဒါက ကိုယ့်ရဲ့ပျော်ရွှင်မှုကို အခြားသူထံ အလုံးစုံဝက္ကပ်အပ်လိုက်ရသလိုပါပဲ။

အလားတူပဲ တစ်စုံတစ်ယောက်က ကိုယ့်ကိုချီးကျူးတဲ့အခါ ပျော်ရွှင်ပြီး မချီးကျူးတဲ့အခါ မပျော်ရွှင်နိုင်ဘဲ စိတ်ထဲတန်ခိုးနဲ့ခံစားနေ ရရင် မိမိကိုယ်ကိုတန်ဖိုးထားမှုဟာ အခြားသူတွေအပေါ်မှာ မူတည် လာနေပြီဖြစ်ပါတယ်။ ဒီလိုပြောလို့ ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားမှု ရဖို့ အခြားသူတွေမလိုဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး။ အခြားသူအပေါ် လုံးဝ ဝက္ကပ်အပ်လိုက်ရင် ဖြစ်လာတဲ့အကျိုးဆက်ကို သတိပြုဖို့ပါပဲ။ အခြားသူတွေထံက ချစ်ခြင်း၊ လေးစားခြင်းနဲ့ ချီးကျူးအားပေးတာကို လက်ခံနိုင်ပေမယ့် ကိုယ့်ရဲ့ပျော်ရွှင်မှုတစ်ခုလုံးကို အခြားသူဆီကို အပ်လိုက်ရင်တော့ ကိုယ့်ရဲ့ပျော်ရွှင်မှုဟာ သူတစ်ပါးပေးမှရမယ့် အခြေအနေဖြစ်သွားမှာပါ။

ဒါဆိုရင် ကိုယ်ပျော်ရွှင်မှုရဖို့အတွက် အခြားသူထံက မျှော်လင့်နေ တာထက် ကိုယ်ကိုယ်တိုင်ဖန်တီးယူနိုင်မလားဆိုတာ စဉ်းစားစရာ ဖြစ်ပါတယ်။ အခြားသူတွေဆီက ချစ်ခြင်း၊ လေးစားခြင်း၊ ချီးကျူးခြင်း တွေမရလည်း ကိုယ့်ဘာသာပျော်အောင်နေလို့ ရနိုင်မလား။ ဒါကို Self-Determination Theory (SDT) က အခုလိုရှင်းပါတယ်။ လူတွေရဲ့ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ချမ်းသာသုခရဖို့အတွက် အခြေခံ အားဖြင့် ကိုယ်တိုင်ရွေးချယ်ဆုံးဖြတ်ခြင်း၊ ကိုယ့်ရဲ့ဓွမ်းဆောင်ရည်နဲ့ ဆက်နွယ်မှုတို့က အဓိကဖြစ်တယ်လို့ ပြောထားပါတယ်။

ကိုယ်ကိုယ်တိုင်ဆုံးဖြတ်ခြင်းဟာ အထက်မှာပြောခဲ့သလိုပဲ ကိုယ့်ပျော်ရွှင်မှုကို ကိုယ်တိုင်ရွေးချယ်ဆုံးဖြတ်ခြင်းပါပဲ။ ဆိုပါတော့ လူတစ်ယောက်ဟာ "ငါဘဝ ငါပိုင်တယ်" လို့ ခံစားနိုင်လေလေ အခြား သူအပေါ်မှာ ခိုခိုမှီမှီကင်းလာပြီး ကိုယ့်ဘဝအပေါ် ပိုင်နိုင်မှုနဲ့ အဓိပ္ပာယ် ရှိမှုကို ပိုခံစားရလေလေဖြစ်ပါတယ်။ အခြားသူအပေါ်မှီခိုနေရင်တော့ ကိုယ်ပိုင်ဆုံးဖြတ်နိုင်မှုထက် ပတ်ဝန်းကျင်ရဲ့လွှမ်းမိုးမှုအောက်မှာ ရောက်နေနိုင်ပါတယ်။ ကိုယ့်ဘဝကို ကိုယ်ပိုင်တယ်လို့ လက်ခံထားတဲ့ သူဟာ အခြားသူတွေရဲ့ ချစ်ခြင်း/မုန်းခြင်း၊ လက်ခံခြင်း/လက်မခံခြင်း ဆိုတဲ့အပေါ် လိုက်ပြီးခံစားမနေကြပါဘူး။ ကိုယ့်ဘဝ ကိုယ့်ပျော်ရွှင်မှုကို လွတ်လပ်စွာ ဖန်တီးတည်ဆောက်နိုင်ပါတယ်။

ဒုတိယအချက်ဖြစ်တဲ့ ကိုယ့်ရဲ့ဓွမ်းဆောင်ရည်က "ငါလုပ်နိုင် တယ်" ဆိုတဲ့ ခံစားချက်ပါ။ ဥပမာဆိုပါစို့ လူတစ်ယောက်ဟာ လုပ်ငန်း ခွင်အတွင်းမှာ ကိုယ်ရဲ့အလုပ်တွေ တိုးတက်လာတယ်၊ အခက်အခဲတွေ ကို ဖြေရှင်းလာနိုင်တယ်၊ အဖွဲ့ကိုဦးဆောင်လာနိုင်တယ်ဆိုရင် ကိုယ့်ရဲ့ လုပ်ဆောင်မှုအပေါ်မှာ စိတ်ကျေနပ်မှုရလာမှာဖြစ်ပါတယ်။ အဲဒီရလာ တဲ့ စိတ်ကျေနပ်မှုနဲ့ ပျော်ရွှင်မှုဟာ အခြားသူတွေရဲ့ အားပေးမှု၊ ချီးကျူး မှုကြောင့် ရတာမဟုတ်ပါဘူး။ ကိုယ့်အရည်အချင်းကြောင့် ရလာတဲ့ ပျော်ရွှင်မှုဖြစ်ပါတယ်။

တတိယအချက်ဖြစ်တဲ့ ဆက်နွယ်မှုကတော့ ကိုယ်နဲ့ ကိုယ့်ပတ်ဝန်း ကျင်အကြား ဆက်ဆံရေးတွေပါ။ အခြားသူတွေနဲ့ ပေါင်းသင်းဆက်ဆံ ရာမှာ ကိုယ့်အပေါ် လေးစားတန်ဖိုးထားတဲ့သူတွေရှိသလို ကိုယ်က လည်း အခြားသူတွေအပေါ် လေးစားတန်ဖိုးထားတာတွေလည်း ပါဝင် ပါတယ်။ အဲဒီလိုဆက်ဆံရေးတွေကနေ ပျော်ရွှင်မှုတွေရအောင် ဖန်တီးယူနိုင်ပါတယ်။ ဒီလိုအပ်ချက် သုံးခုကိုကြည့်ရင် လူတစ်ယောက် ရဲ့ ပျော်ရွှင်မှုဟာ ကိုယ်ကိုယ်တိုင်၊ အခြားသူနဲ့, ကိုယ်နဲ့အခြားသူတွေ ရဲ့ လူမှုပေါင်းသင်းဆက်ဆံရေးအပေါ် မူတည်နေတာတွေ့ရပါတယ်။

သုံးခုရှိတယ်လို့ သုတေသနလေ့လာချက်တွေအရ တွေ့ရပါတယ်။ ၂၀၀၅ ခုနှစ်က ထုတ်ဝေတဲ့ Pursuing Happiness: The Architecture of Sustainable Change စာတမ်းရဲ့တွေ့ရှိချက်အရဆိုရင် မျိုးရိုးဗီဇ ဆိုင်ရာသတ်မှတ်ချက်၊ ဘဝအခြေအနေတွေနဲ့, ပျော်ရွှင်မှုနဲ့သက်ဆိုင် တဲ့ လုပ်ဆောင်ချက်တွေနဲ့, အလေ့အကျင့်တွေက သက်ရောက်မှု ရှိတယ်လို့ဆိုပါတယ်။

ဒီတွေ့ရှိချက်အရ လူတစ်ယောက်ဟာ ပျော်ရွှင်မှုရဖို့ဆိုရင် ကိုယ့်ရဲ့ဗီဇ၊ ပတ်ဝန်းကျင်နဲ့, ကိုယ့်ရဲ့လုပ်ဆောင်မှုအတွေအပေါ် မူတည် ပါတယ်။ ကိုယ့်ရဲ့လုပ်ဆောင်ချက်တွေနဲ့, အလေ့အကျင့်တွေထဲမှာ မိသားစုနဲ့,အချိန်ပေးနေထိုင်ခြင်း၊ မိတ်ဆွေတွေနဲ့, ထိတွေ့ဆက်ဆံခြင်း၊ အခြားသူတွေကိုကူညီခြင်း၊ ကိုယ်နှစ်သက်ရာအလုပ်တွေ လုပ်ကိုင် ခြင်း၊ အပြုသဘောအမြင်ထားရှိခြင်း စတဲ့လုပ်ဆောင်ချက်တွေက ပျော်ရွှင်မှုရဖို့ အထောက်အကူဖြစ်စေတဲ့သဘောပါ။ Harvard Study of Adult Development က ဆယ်စုနှစ်များစွာကြာ လေ့လာတွေ့ရှိချက် တွေအရ အခြားသူတွေနဲ့,နီးကပ်ပြီး လေးနက်တဲ့ဆက်ဆံရေးဟာ ကျန်းမာရေးနဲ့,ဘဝကျေနပ်မှုအပါအဝင် ကောင်းမွန်တဲ့အသက်အရွယ် ကြီးရင့်မှုအတွက် အရေးပါတဲ့အချက်တစ်ချက်ဖြစ်တယ်ဆိုတာ တွေ့ခဲ့ ပါတယ်။

"ဓမ္မအမြင်၊ လောကုတ္တရာအမြင်အရဆိုရင်တော့ လောကီပျော်ရွှင်မှုတွေဟာ ခဏတာ ပျော်ရွှင်မှုသာဖြစ်ပြီး ထာဝရပျော်ရွှင်မှုအစစ်ရဖို့အတွက်ဆိုရင် မိမိကိုယ်တိုင်သာ တည်ဆောက်ရမှာ ဖြစ်ပါတယ်။ "ကာမဂုဏ်အာရုံငါးပါးဖြစ်တဲ့ ရူပါရုံ (အဆင်း)၊ သဒ္ဒါရုံ (အသံ)၊ ဂန္ဓာရုံ (အနံ့)၊ ရသာရုံ (အရသာ) နှင့် ဖောဋ္ဌဗ္ဗာရုံ (အတွေ့အထိ) တို့ကို အစွဲပြုပြီး အကြင်ချမ်းသာခြင်း 'သုခ'၊ ဝမ်းမြောက်ခြင်း 'သောမနဿ' သည်ရှိ၏။ ဤကိုယ်ချမ်းသာ စိတ်ချမ်းသာကို 'ကာမသုခ' ဟူ၍ ဆိုရ၏" ဟုလို့ ဗဟုဝေနီယသုတ်မှာ မြတ်စွာဘုရားဟောကြားတော်မူခဲ့ပါ တယ်။ ကာမသုခဟာ ခဏတာပျော်ရွှင်မှုကိုသာ ပေးနိုင်ပါတယ်။ သို့သော်လည်း လောကီလူသားတို့ဟာ လူ့သဘာဝအရ ထာဝရပျော်ရွှင်မှု၊ စစ်မှန်တဲ့ပျော်ရွှင်မှုရဖို့ဆိုတာထက် တစ်ခဏပျော်ရွှင်မှုပေးနိုင်တဲ့ ကာမသုခကို မက်မောတွယ်တာပြီး တစိုက်မတ်မတ်ရှာဖွေနေတတ် ကြပါတယ်။

ဓမ္မအမြင်၊ လောကုတ္တရာအမြင်အရဆိုရင်တော့ လောကီပျော်ရွှင် မှုတွေဟာ ခဏတာပျော်ရွှင်မှုသာဖြစ်ပြီး ထာဝရပျော်ရွှင်မှုအစစ်ရဖို့ အတွက်ဆိုရင် မိမိကိုယ်တိုင်သာ တည်ဆောက်ရမှာ ဖြစ်ပါတယ်။ "ကာမဂုဏ်အာရုံငါးပါးဖြစ်တဲ့ ရူပါရုံ (အဆင်း)၊ သဒ္ဒါရုံ (အသံ)၊ ဂန္ဓာရုံ (အနံ့)၊ ရသာရုံ (အရသာ) နှင့် ဖောဋ္ဌဗ္ဗာရုံ (အတွေ့အထိ) တို့ကို အစွဲပြု ပြီး အကြင်ချမ်းသာခြင်း 'သုခ'၊ ဝမ်းမြောက်ခြင်း 'သောမနဿ' သည် ရှိ၏။ ဤကိုယ်ချမ်းသာ စိတ်ချမ်းသာကို 'ကာမသုခ' ဟူ၍ ဆိုရ၏" ဟုလို့ ဗဟုဝေနီယသုတ်မှာ မြတ်စွာဘုရားဟောကြားတော်မူခဲ့ပါ တယ်။ ကာမသုခဟာ ခဏတာပျော်ရွှင်မှုကိုသာ ပေးနိုင်ပါတယ်။ သို့သော်လည်း လောကီလူသားတို့ဟာ လူ့သဘာဝအရ ထာဝရပျော်ရွှင် မှု၊ စစ်မှန်တဲ့ပျော်ရွှင်မှုရဖို့ဆိုတာထက် တစ်ခဏပျော်ရွှင်မှုပေးနိုင်တဲ့ ကာမသုခကို မက်မောတွယ်တာပြီး တစိုက်မတ်မတ်ရှာဖွေနေတတ် ကြပါတယ်။

ခဏတာပျော်ရွှင်မှုထက် စစ်မှန်တဲ့ပျော်ရွှင်မှုရဖို့အတွက် သောက ကင်းအောင်လုပ်ရမယ်၊ သောကဖြစ်စေတဲ့ တွယ်တာမှုတဏှာတွေ လျှော့ချရမယ်လို့ ပါမောက္ခချုပ် ဆရာတော်ကြီးက "မသေဆုံးခင်မှာ ပျော်ရွှင်အောင်နေထိုင်ပါ" တရားတော်နဲ့, "ပျော်ရွှင်မှုရသူနှင့် မရသူ အကြောင်း" တရားတော်မှာ ဟောကြားထားပါတယ်။ တွယ်တာမှု တဏှာလျှော့ချဖို့ဆိုရင် မဂ္ဂင်္ဂဝစ်ပါးဖြစ်တဲ့ မစ္ဆိုမဝဋ္ဌိပဒါလမ်းစဉ်ကို ကျင့်သုံးရမှာဖြစ်ကြောင်း ဟောပါတယ်။ မစ္ဆိုမဝဋ္ဌိပဒါလမ်းစဉ်ကို ကိုယ်တိုင်ကျင့်ကြံအားထုတ်ခြင်းဖြင့်သာ အဆင့်အမြင့်ဆုံးသော စစ်မှန် တဲ့ပျော်ရွှင်မှုရမှာဖြစ်တယ်လို့ ဟောတော်မူပါတယ်။

ဒါပေမဲ့ သာမန်ပုထုဇဉ်လူသားတွေကတော့ လောကစည်းစိမ်၊ ဘဝတဏှာသာယာမှုနဲ့, လောကခံတွေကြားမှာ ပျော်ရွှင်မှုကိုရှာကြပါ တယ်။ ကိုယ်ကြိုက်နှစ်သက်တာတွေ လုပ်ကိုင်ကြရင်း၊ နေထိုင်ကြရင်း လောကီပျော်ရွှင်မှုရဖို့ ကြိုးစားကြပါတယ်။ ပျော်ရွှင်မှုတွေရရှိဖို့ ကြိုးပမ်းကြရာမှာ ပျော်ရွှင်မှုအပေါ်သက်ရောက်နေတဲ့အခြေအနေ ရင်းနှီးတဲ့နှောင်ကြိုးတွေဟာ ဘဝရဲ့မကျေနပ်မှုတွေကနေ ကာကွယ်ပေးနိုင်ပါတယ်။ ဒါ့အပြင် စိတ်ပိုင်းဆိုင်ရာနဲ့, ရုပ်ပိုင်းဆိုင်ရာ ကျဆင်းတာကို နှောင့်နှေးစေဖို့ အထောက်အကူဖြစ်စေပြီး လူမှု အဆင့်အတန်း၊ IQ ဒါမှမဟုတ် မျိုးရိုးဗီဇများထက်ပင် ရှည်ကြာတဲ့ ပျော်ရွှင်မှုဘဝတွေ ရနိုင်တယ်လို့ ဆိုပါတယ်။ ဒါဟာ ရင်းနှီးချစ်ခင်မှု၊ အပြန်အလှန်ယုံကြည်မှုနဲ့, အပြုသဘောဆက်ဆံရေး ကောင်းမွန်မှု တွေက လူတစ်ယောက်အတွက် ပျော်ရွှင်မှုနဲ့,ဘဝတစ်ခုတည်ဆောက်ရာ မှာ အရေးပါနေတာကို တွေ့ရပါတယ်။ အခြားသူတွေနဲ့,ကောင်းမွန်တဲ့ ဆက်ဆံရေးတည်ဆောက်ခြင်းဟာ အခြားသူတွေအပေါ် မှီခိုတာနဲ့, မတူပါဘူး။ အခြားသူတွေအပေါ်မှီခိုနေသူဟာ ကိုယ့်ပျော်ရွှင်မှုကို အခြားသူထံက မျှော်လင့်နေတာဖြစ်ပြီး ကောင်းမွန်တဲ့ဆက်ဆံရေး ကတော့ အခြားသူတွေနဲ့,အတူ ပျော်ရွှင်မှုတည်ဆောက်မယ်ဆိုတဲ့ သဘောပါ။

မျိုးရိုးဗီဇဆိုင်ရာ သတ်မှတ်ချက်ကတော့ လူတစ်ယောက်မှာ မျိုးရိုးဗီဇ၊ စိတ်ခံစားမှုပုံစံနဲ့, ကိုယ်ရည်ကိုယ်သွေးဆိုင်ရာ လက္ခဏာတွေ ကြောင့် လူတစ်ဦးချင်းစီက ပျော်ရွှင်မှုအပေါ် ခံစားတုံ့ပြန်ရာမှာ မတူညီ ကြပါဘူး။ တစ်ခါတစ်ရံ ကိုယ့်ပတ်ဝန်းကျင်မှာ ကိုယ့်ကိုယ်ကိုယ် ပျော်အောင်နေတတ်တဲ့သူတွေကို တွေ့ဖူးကြမှာပါ။ ကြက်များလို ချေးကျရာ ပျော်တတ်သူမျိုးမဟုတ်တောင် ကြုံရာအခြေအနေမှာ ပျော်အောင်နေတတ်သူမျိုးပေါ့။ အပူအပင်ကင်းတယ်၊ အနောင်အဖွဲ့ ကင်းတယ်။ ကိုယ့်စိတ်ကို ပျော်အောင်ထားတယ်။ အဲဒီလိုပျော်နေနိုင်တဲ့ စိတ်က ခဏတာဖြစ်ဖြစ် ပျော်ရွှင်မှုရနိုင်ပါတယ်။ ဒါ့အပြင် အကောင်း မြင်တတ်တာက စိတ်ရွှင်လန်းဆန်းစေတတ်တဲ့အပြင် အခြားသူတွေ ထက် ပိုမိုပျော်ရွှင်မှုရနိုင်ပါတယ်။ တချို့ကတော့ စိုးရိမ်လွယ်၊ အဆိုး မြင်လွယ်တာမျိုးဆိုရင် ပျော်ရွှင်မှုရဖို့ခက်ခဲနိုင်ပါတယ်။ ဒါက တစ်ဦးချင်း ရဲ့ခံစားတုံ့ပြန်တဲ့ဗီဇ မတူညီကြတာကြောင့် ပျော်ရွှင်မှု ရှိ/ မရှိ ကွာခြားကြခြင်းဖြစ်ပါတယ်။

စာမျက်နှာ ၇ သို့ ➲



ဝမ်းတွင်းဒေသထွက် ဝါကုန်ကြမ်းအခြေပြု MSMEs များဖြစ်သည့် ချည်ထည်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် သြဂုတ် ၃၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့တွင် ဒေသထွက်ဝါကုန်ကြမ်းအခြေပြု MSMEs များဖြစ်သည့် ချည်ထည်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ချည်ထည်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ Agro-Base Textile Industries များမှ Export ကဏ္ဍာမြှင့်တင်ပြီး နိုင်ငံခြားဝင်ငွေတိုးပွားရရှိရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး တစ်ဖက်တစ်လမ်းမှပံ့ပိုးကူညီနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဝမ်းတွင်းမြို့ရှိ Leader of Textile စက်ရုံ၊ မင်းရန်နိုင်ဝါစက်နှင့် နန်းထိုက်တော်ဝင် အထည်ကြိတ်စက်၊ ကိန္နရီအဆင့်မြင့်ချည်ချောလုံချည်စက်ရုံ၊ ဖိုးပြိုးချို့စက်ရုံတို့၌ ရက်ကန်းနှင့် ချည်အချောကိုင် လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်နေမှုများ၊ ကုန်ကြမ်းရရှိမှုနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု၊ ပြည်တွင်းဖြစ်ကုန်ကြမ်းများအသုံးပြု၍ Made In Myanmar အမှတ်တံဆိပ်ဖြင့် ဂျပန်နိုင်ငံသို့ ဂျူဒို၊ ကရာတေးဒိုအားကစားဝတ်စုံများ ချုပ်လုပ်တင်ပို့နိုင်မှုခြေစောင်များနှင့် ကော်ဇောများကိုအရည်အသွေးကောင်းမွန်ပြီး စျေးနှုန်းချိသာစွာဖြင့် ပြည်တွင်းစျေးကွက်သို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနေမှုတို့ကို ယမန်နေ့မွန်းလွဲပိုင်းတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအကျင်စီဥက္ကဋ္ဌ၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ပြည်သူများအတွက် အဝတ်အထည်နှင့် ချည်ထည်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဝါစေ့ဆီလုပ်ငန်းမှစားသုံးဆီလိုအပ်ချက်ကိုပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ရေး၊ ပြည်ပမှ ချည်များတင်သွင်းနေရမှုကို လျှော့ချနိုင်ရေး၊ လုပ်ငန်းများတိုးချဲ့ဆောင်ရွက်ကာ ထုတ်ကုန်အမည်သစ်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ဒေသတွင်းလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ဖြင့်တင်ပေးနိုင်ရေးနှင့် နိုင်ငံတကာစျေးကွက်သို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ဝမ်းတွင်းမြို့ရှိ အမှတ်(၇)အထည်စက်ရုံခွဲ(ဝမ်းတွင်း)၌ အထည်ချုပ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး တာဝန်ရှိသူများက MSMEs များ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများနှင့် လုပ်ငန်းရှင်များက အခက်အခဲများ၊ တိုးချဲ့ဆောင်ရွက်ရန်လိုအပ်ချက်များကို ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ချည်ထည်လုပ်ငန်းရှင်များ၏ ထုတ်ကုန်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် လျာထားနေရာများ၊ ဝမ်းတွင်းမြို့နယ် လျှော်ပင်ကျေးရွာရှိ ဖြိုးဖြိုးစက်ရက်ကန်းလုပ်ငန်း၌ ကုန်ချောထုတ်လုပ်မှုနှင့် ဆိုလာစနစ်တပ်ဆင်သုံးစွဲနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပြင်ဦးလွင်မြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

ပြင်ဦးလွင် သြဂုတ် ၃၀

ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်ပွဲကို သြဂုတ် ၂၈ ရက်တွင် ပြင်ဦးလွင်မြို့နယ် အင်းယားကျေးရွာဘုန်းကြီးကျောင်း၌ ကျင်းပသည်။



အဆိုပါသင်တန်းတွင် ရေချိုးဆပ်ပြာရည်၊ အဝတ်လျှော်ဆပ်ပြာရည်၊ ပန်းကန်ဆေးဆပ်ပြာရည်၊ ခေါင်းလျှော်ရည်ပြုလုပ်နည်းတို့ကို သြဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၃ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး မွမ်းမံသင်တန်းကို လည်း စက်တင်ဘာ ၁၄ ရက်မှ ၂၀ ရက်အထိ ထပ်မံသင်ကြားပေးသွားမည် ဖြစ်ကာ သင်တန်းပြီးမြောက်ပါက လုပ်ငန်းထူထောင်မည့်သူငါးဦးအား ဌာနမှ တစ်ဦးလျှင် ငွေကျပ် ၁၈ သိန်းနှင့် ညီမျှသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကို သုံးစွဲခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ဒေးဒဲရဲမြို့နယ်၌ မိုးစပါးအထွက်နှုန်းတိုးရေး ဓာတ်မြေဩဇာကြဲပက်သရုပ်ပြ

ဒေးဒဲရဲ သြဂုတ် ၃၀

ဧရာဝတီ တိုင်းဒေသကြီး ဒေးဒဲရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ယူရီးယား ဓာတ်မြေဩဇာ စုပေါင်းကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့ နံနက်ပိုင်းတွင် ကုန်းတန်းကလေး ကျေးရွာ တောင်သူ ဦးထွန်းထွန်း၏ လယ်မြေ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူးက မိုးစပါးအထွက်နှုန်း တိုးတက်ရေး နည်းပညာပေး အချက်အလက်များအကြောင်း ရှင်းလင်းဆွေးနွေးပြီး မိုးစပါးအထွက်နှုန်း တိုးစေရေး ယူရီးယား ဓာတ်မြေဩဇာများ စုပေါင်းကြဲပက်ခဲ့ကြောင်း သိရသည်။ **အေဇာလင်း**

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်ရေးစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

✪ စာမျက်နှာ ၆ မှ

ဘဝအခြေအနေများဆိုတာကတော့ ရှင်းပါတယ်။ ကိုယ်နဲ့ ကိုယ့်ပတ်ဝန်းကျင်အခြေအနေတွေရဲ့ သက်ရောက်မှုတွေပါ။ အဲဒီထဲမှာ ကိုယ်နေထိုင်ရာ နိုင်ငံ၊ ဒေသ၊ လူမျိုး၊ ယဉ်ကျေးမှု၊ လူမှုစီးပွားရေး အခြေအနေ၊ မိသားစုအခြေအနေ၊ အသက်အရွယ်၊ လူနေမှုအဆင့်အတန်း၊ ဘာသာရေး၊ အလုပ်အကိုင်နဲ့ ဘဝအတွေ့အကြုံတွေ ပါဝင်ပါတယ်။ ဆိုပါစို့ အိမ်တစ်အိမ်မှာ အလုပ်အကိုင်တွေကောင်းတယ်၊ ဝင်ငွေကောင်းတယ်၊ ကျန်းမာရေးကောင်းတယ်၊ ဘဝအခြေအနေမြင့်လာရင် လူတစ်ယောက်အတွက် ပျော်ရွှင်မှုတွေ တိုးစေပါတယ်။ ဒါပေမဲ့လည်း ဒီလိုအခြေအနေတွေကောင်းလာတိုင်း ပျော်ရွှင်မှု တိုးလာနိုင်တယ်လို့ တထစ်ချမဆိုနိုင်ပါဘူး။ အခြေအနေကောင်းနေတာတွေနဲ့ နေသားကျလာရင် ပျော်ရွှင်မှုဟာ တိုးမလာတတ်ပါဘူး။

အထက်မှာပြောခဲ့တဲ့ ပျော်ရွှင်မှုရဖို့နဲ့ ပျော်ရွှင်မှုအပေါ် လွှမ်းမိုးနေတဲ့ အချက်တွေကိုကြည့်ရင် အခြေအနေနှစ်မျိုးပဲဖြစ်တာကို တွေ့ရမှာပါ။ အဲဒါကတော့ ကိုယ်ကိုယ်တိုင်နဲ့ ပတ်ဝန်းကျင်ပါပဲ။ ဒါကြောင့် ပျော်ရွှင်မှုတွေဆိုတာ ကိုယ့်ရဲ့အခြေအနေနဲ့ ပြင်ပပတ်ဝန်းကျင်အကြား အပြန်အလှန်ဆက်သွယ်မှုကနေဖြစ်ပေါ်လာတဲ့ ရလဒ်တစ်ခုဖြစ်တယ်လို့ ဆိုခြင်းဖြစ်ပါတယ်။ အထူးသဖြင့်တော့ ကိုယ်ကိုယ်တိုင်နဲ့ ပတ်ဝန်းကျင်အကြားဆက်နွယ်မှုက သက်ရောက်မှုကြီးပါတယ်။

World Happiness Report 2025 ရဲ့ “Connecting with Others: How Social Connections Improve the Happiness of Young Adults” အခန်းမှာ Rui Pei နှင့် Jamil Zaki တို့က လူမှုဆက်သွယ်မှုနဲ့ happiness ကြားဆက်နွယ်မှုကို အထူးလေ့လာခဲ့ကြပါတယ်။ ဒီလေ့လာချက်အရ ပျော်ရွှင်မှုဟာ တစ်ဦးတည်းထိုင်ပြီးရှာဖွေရမယ့် အရာတစ်ခုမဟုတ်ပါဘူး။ မိတ်ဆွေတွေနဲ့ စကားပြောခြင်း၊ မိသားစုထမင်းလက်ဆုံစားခြင်း၊ အခြားသူတွေကို ကူညီပေးခြင်း၊ မိမိကိုယ်တိုင်လည်း အခြားသူတစ်ဦးထံမှ အကူအညီလက်ခံခြင်း စတာတွေက ပျော်ရွှင်မှုရရှိစေတယ်ဆိုတာ တွေ့ရပါတယ်။

မြတ်စွာဘုရားဟောကြားတဲ့တရားတော်ကတော့ စစ်မှန်သော ပျော်ရွှင်မှုဟာ ပြင်ပအရာများကိုသာ ခိုခိုနေခြင်းမဟုတ်ဘဲ ကိုယ့်ရဲ့ စိတ်ကို ကိုယ်တိုင်လေ့ကျင့်ပြုပြင်နိုင်ခြင်းအပေါ်မှာသာ မူတည်ပါတယ်။ ကာမအာရုံတွေကြောင့်ရသာတဲ့ ကာမသုခဆိုတာကလည်း အနိမ့်ဆုံးအဆင့်ပျော်ရွှင်မှုဖြစ်ပြီး စစ်မှန်တဲ့ပျော်ရွှင်မှုကို မဖြစ်စေပါဘူး။ ကာမသုခတွေဟာ တစ်ခဏတာပျော်ရွှင်မှုကိုသာ ရရှိစေပြီး မတည်မြဲတတ်ကြပါဘူး။ ဒါကြောင့်လောကီ၊ လောကုတ္တရာပျော်ရွှင်မှုကို ရှာဖွေတည်ဆောက်နိုင်မယ်ဆိုရင်တော့ ပစ္စုပ္ပန်ဘဝအတွက်သာမက သံသရာအထိအကျိုးပေးနိုင်တဲ့ ပျော်ရွှင်မှုကိုရမှာဖြစ်ပါတယ်။

ကိုးကား –

၁။ ဗဟုဝေနိယသုတ်၊ မစ္ဆိမနိကာယ်၊ မစ္ဆိမပဏ္ဏာသိဠိတော် ။

၂။ ပါမောက္ခချုပ်ဆရာတော်၊ “မသေဆုံးခင်မှာ ပျော်ရွှင်အောင်နေထိုင်ပါ” တရားတော်၊ “ပျော်ရွှင်မှုရသူနှင့် မရသူအကြောင်း” တရားတော်။

၃။ Mineo, L. (2017, April 11). *Good genes are nice, but joy is better*. The Harvard Gazette. https://news.harvard.edu/gazette/story/2017/04/over-nearly-80-years-harvard-study-has-been-showing-how-to-live-a-healthy-and-happy-life/ .

၄။ Ryan, R. M., & Deci, E. L. (2000). “Self-Determination Theory and the Facilitation of Intrinsic Motivation, Social Development, and Well-Being.” *American Psychologist*, 55(1), 68–78. https://doi.org/10.1037/0003-066X.55.1.68.

၅။ Lyubomirsky, S., Sheldon, K. M., & Schkade, D. (2005). “Pursuing Happiness: The Architecture of Sustainable Change.” *Review of General Psychology, 9*(2), 111–131. https://doi.org/10.1037/1089-2680.9.2.111.

၆။ Pei, R., & Zaki, J. (2025). Connecting with others: How social connections improve the happiness of young adults. In J. F. Helliwell, R. Layard, J. D. Sachs, J.-E. De Neve, L. B. Aknin, & S. Wang (Eds.), *World Happiness Report 2025* (pp. 123–158). Wellbeing Research Centre, University of Oxford. https://doi.org/10.18724/WHR-ZC5N-4F96

၇။ Harvard Study of Adult Development. Harvard University. Longitudinal research on adult development, relationships, health, and well-being.

■

ပဲခူးမြို့ကို Clean City၊ Green City ဖြစ်စေရေးဆောင်ရွက်လျက်ရှိ

ပဲခူး ဩဂုတ် ၃၀

ပဲခူးမြို့ကို Clean City၊ Green City ဖြစ်စေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိရာ ပဲခူးမြစ်ကမ်းဘေးရှိ နိုင်းဂနိုင်း မြောက်ပိုင်းပန်းခြံတည်ဆောက်မှု၊ ပန်းလှိုင်ပန်းခြံတည်ဆောက်နေမှု၊ ပန်းလှိုင်တာကြံခိုင်မှုနှင့် ပန်းလှိုင်တာပေါ်သို့ အတက်အဆင်းလမ်းများ ကောင်းမွန်မှုရှိစေရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ပဲခူးမြို့နယ် ဘုရားကြီးမြို့ ဈေးရုံအသစ် တည်ဆောက်နေမှုနှင့် ကလေကျေးရွာရှိ ထီးတော်ကျတံတားပျက်စီးနေမှုကို ကြည့်ရှုစစ်ဆေးပြီး သံပေါင်တံတားတစ်စင်း အမြန်ဆုံးတည်ဆောက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရှု ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော် အဆောက်အဦများနှင့် ဆက်စပ်လုပ်ငန်းများ ဘက်စုံအဆင့်မြှင့်တင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသကြက်ကောင်ရေ ၁၀၀၀၀ စံပြမွေးမြူရေးခြံ တည်ဆောက်မည့်နေရာကိုကြည့်ရှု စစ်ဆေးပြီး ဒေသခံမွေးမြူရေး ဝါသနာရှင်များ လွယ်ကူစွာ လာရောက် လေ့လာနိုင်ရေးနှင့် ဒေသမျိုးကြက်များထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ရေးမှာကြားပြီး ပဲခူးစက်မှုဇုန်အဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

ရေကြည်မြို့နယ်အတွင်း ရေဘေးသင့်ပြည်သူ ၂၀၇၈၇ ဦးအား ဆန်နှင့်ဆီများ ထောက်ပံ့ပေးအပ်

ရေကြည် ဩဂုတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ငဝန်တာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျရှုဖြစ်မှုကာ ရေကျော်စီးဝင်ပြီး ရေဘေးသင့်ခဲ့ရသည့် ရေကြည်မြို့နယ်အတွင်းရှိ ရေကြီးနစ်မြုပ်နေသည့် ရေဘေးသင့်ပြည်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့်ဆန်နှင့်ဆီများ ခွဲဝေချထားပေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။



အဆိုပါ ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာတွင် ကျုံပျော်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ရေကြည်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆန်နှင့်ဆီများကို မြို့နယ်အတွင်းရှိ ရေကြီးနစ်မြုပ်သည့် ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၅၃၃၀၊ လူဦးရေ ၂၀၇၈၇ ဦးအတွက် ဩဂုတ် ၂၂ ရက်မှ ၃၁ ရက်အထိ ပထမအကြိမ် ၁၀ ရက်စာ ဆန်နှင့် ဆီများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြောက်ဥက္ကလာပမြို့နယ်၌ နွယ်သာကီရောင်းဝယ်ရေး သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အတွင်းရှိ သမဝါယမ အသင်းများမှ နွယ်သာကီ ရောင်းဝယ်ရေး သမဝါယမ အသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်နေ့ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက မြို့နယ်သမဝါယမ ရုံးခန်းမ၌ ပြုလုပ်သည်။



ဦးစွာ မြောက်ဥက္ကလာပမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးမှူးက အသင်းများအနေဖြင့် သမဝါယမ အသင်းဥပဒေအရ အမှုဆောင် ရွေးချယ် တင်မြှောက်ရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ကို ရှင်းလင်းပြောကြားသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ အသင်းမှ အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေး ရှင်းတမ်းများကို အသင်းအမှုဆောင်က ဖတ်ကြားတင်ပြခဲ့ပြီး အသင်းသားများ၏ အတည်ပြုချက်များ ရယူကာ အမှုဆောင်ရွေးချယ်ခဲ့ကြပြီး အစုပေါ်အဖြတ်နှင့် အသင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

တာပွန်မြို့၌ ငှက်ပျောပင် စိုက်ပျိုးပွဲကျင်းပ

နတ်တလင်း ဩဂုတ် ၃၀

မူလတန်း၊ အလယ်တန်း ကျောင်းသားကျောင်းသူများ အာဟာရဖြည့်စွက်စာ တစ်သျှူးငှက်ပျောနှင့် ဖီးကြမ်းငှက်ပျော စုပေါင်းစိုက်ပျိုးပွဲကို ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်မြို့ အထက်တန်းကျောင်းကွင်းပြင်၌ ကျင်းပသည်။



စိုက်ပျိုးပွဲတွင် တာပွန်မြို့အုပ်ချုပ်ရေးမှူးက ကျောင်းအုပ်ဆရာမကြီးအား တစ်သျှူးငှက်ပျောပင်များပေးအပ်ပြီး တက်ရောက်လာသူများက ငှက်ပျောပင် ၆၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်းသိရသည်။

တင်မြင့်(နတ်တလင်း)

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

စင်ကာပူရောက် မြန်မာနိုင်ငံသားများ နိုင်ငံကူးလက်မှတ် သက်တမ်းတိုးရာတွင် သံရုံး၏ တရားဝင် ထုတ်ပြန်ချက်များအတိုင်းသာ ဆောင်ရွက်ရန် မြန်မာသံရုံး မေတ္တာရပ်ခံ

ရန်ကုန် ဩဂုတ် ၃၀

စင်ကာပူနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ အနေဖြင့် နိုင်ငံကူးလက်မှတ် (Passport) သက်တမ်းတိုးမြှင့်ခြင်း လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မြန်မာသံရုံး၏ တရားဝင်အသိပေးကြေညာချက်များအတိုင်းသာအခြေခံ၍ ဆောင်ရွက်ကြရန် စင်ကာပူနိုင်ငံရှိ မြန်မာသံရုံးက မေတ္တာရပ်ခံ အသိပေးထားသည်။

လက်ရှိတွင် အမျိုးအစားပြောင်းလဲလျှောက်ထားမည့်သူများနှင့် ရက်ချိန်းရယူထားသူများအနေဖြင့် PT၊ PE၊ PS သို့ ပြောင်းလဲလျှောက်ထားသူများသည် သံရုံး၏ကြေညာချက်ပါ လိုအပ်သော အချက်အလက်များကို သံရုံး၏ တရားဝင်အီးမေးလ်သို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။ PV မှ PJ သို့ သက်တမ်းတိုးမြှင့်သူများသည် မိမိတို့ရယူထားသည့် ရက်ချိန်းအတိုင်း ခေတ္တစောင့်ဆိုင်းပေးကြရန် လိုအပ်သည်။

အဆိုပါ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သံရုံးမှ ကြေညာချက်အသစ် ထုတ်ပြန်လာမှသာ ထိုလမ်းညွှန်ချက်များအတိုင်း ဆက်လက် ဆောင်ရွက်ရန် ထပ်မံအသိပေးထားသည်။ ထို့ပြင် လျှောက်လွှာဖြည့်သွင်းရာတွင် ပုံစံ (Form) နှစ်မျိုးရှိသဖြင့် မိမိနှင့်သက်ဆိုင်သည့် Form ကို သေချာစွာ ရွေးချယ်ဖြည့်စွက်ရန်နှင့် ကြေညာချက်များကို အစမှအဆုံးအထိ သေချာစွာဖတ်ရှုကြရန် သံရုံးက တိုက်တွန်းထားသည်။

လျှောက်လွှာဖောင် ဖြည့်သွင်းပြီးပါက သတ်မှတ်ချက်နှင့်အညီ ဓာတ်ပုံကို သေချာစွာကပ်၍ PDF ဖိုင်ပြုလုပ်ကာ ပေးပို့ရမည်ဖြစ်ပြီး WhatsApp မှတစ်ဆင့် PDF ဖိုင်ပြုလုပ်နိုင်သည့် နည်းလမ်းများကိုပါ မျှဝေပေးထားကြောင်း သိရသည်။

TWA



တပ်ကုန်းမြို့၌ သမဝါယမစနစ်ကို အခြေခံ၍ စုပေါင်းဆောင်ရွက်မည့် (CBFP)နှင့် (WRF) စီမံကိန်းလုပ်ငန်းများ ရှင်းလင်းပွဲကျင်းပ

တပ်ကုန်း ဩဂုတ် ၃၀

ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ် သမဝါယမဦးစီးဌာနရုံးတွင် ယနေ့မွန်းလွဲပိုင်းက နေပြည်တော်တိုင်း သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ တာဝန်ရှိသူများနှင့် သမဝါယမအသင်းသားတောင်သူများတက်ရောက်၍ သမဝါယမစနစ်ကိုအခြေခံကာ စုပေါင်းဆောင်ရွက်မည့် စနစ်ကျ (Cooperative- Based Farming Project- CBFP) စီမံကိန်းနှင့် သီးနှံသိုလှောင်ရုံ၊ သီးနှံအပ်နှံလက်မှတ်ကြိုတင်ချေးငွေ (Warehouse Receipt Financing -WRF) စနစ်ဖြင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းစဉ်များ ရှင်းလင်းပွဲကျင်းပသည်။

ရှင်းလင်းတင်ပြ

ဦးစွာ တပ်ကုန်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ (ကိုယ်စား) တာဝန်ရှိသူတစ်ဦးက ရပ်ကွက်၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လွှတ်တော်သို့တင်ပြထားရှိမှုအပေါ် ရှင်းလင်းပြောကြားခဲ့ပြီး နေပြည်တော်တိုင်း သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်မည့် (CBFP)နှင့် (WRF) စီမံကိန်းလုပ်ငန်းဆောင်ရွက်သွားမည့်စနစ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

တင်စိုးလွင်(ပြန်/ဆက်)

တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်

စာတည်းအဖွဲ့

သြဂုတ် ၂၄ ရက်မှ ၃၀ ရက်အတွင်း ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့သည့် သတင်းများအနက် အုပ်ချုပ်ရေး၊ နိုင်ငံခြားဆက်ဆံရေး၊ ဆက်သွယ်ရေး၊ ပညာရေး၊ သယံဇာတဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်ထူထောင်ရေး၊ ရေဘေးကယ်ဆယ်ရေး၊ ငြိမ်းချမ်းရေး၊ ခရီးသွား၊ အားကစား၊ မှုခင်းနှင့် မိုးလေဝသအခြေအနေ စသည့်သတင်းများကို စုစည်း၍ တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်အဖြစ် ဖော်ပြလိုက်ပါသည်။

အုပ်ချုပ်ရေး

နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးသို့ သြဂုတ်လ ၂၅ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ၎င်း၏ ထိုင်း၊ ရုရှားနှင့် ဘယ်လာရုစ်နိုင်ငံ ခရီးစဉ်ရလဒ်များကို ရှင်းလင်းပြောကြားခဲ့ပြီး ပြည်တွင်းကုန်ထုတ်လုပ်မှု မြှင့်တင်ရေးနှင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေး၊ တရားမဝင် ကုန်သွယ်မှုတားဆီးရေးနှင့် မိုးရာသီရေကြီးရေလျှံမှု ကာကွယ်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် တွန်းအားပေးဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံခြားဆက်ဆံရေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung အား သြဂုတ် ၂၆ ရက်တွင် နေပြည်တော်၌ လက်ခံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ အလားတူ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည်လည်း ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံကာ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် Doi Moi Plan (2.0) ဆိုင်ရာများကို ဆွေးနွေးခဲ့သည်။

ထို့ပြင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို နေပြည်တော်ရှိ သံတမန်ဆောင်ဧည့်ခန်းမ၌ သြဂုတ် ၂၈ ရက်တွင်ပေးအပ်ခဲ့ပြီး နှစ်နိုင်ငံ ကုန်သွယ်ရေး၊ နယ်စပ်လုံခြုံရေးနှင့် ချစ်ကြည်ရေးခရီးစဉ်များအကြောင်း ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

ဆက်သွယ်ရေး

မြန်မာ့ဆက်သွယ်ရေးကဏ္ဍတွင် 5G နည်းပညာဖြင့် ဝန်ဆောင်မှု ပေးနိုင်ရန် စီမံဆောင်ရွက်နေပြီး နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး မြို့ကြီးများတွင် ဦးစွာဆောင်ရွက်သွားရန်ရှိကြောင်း သြဂုတ် ၂၄ ရက် သတင်းများအရ သိရသည်။

ပညာရေး

ATOM ဆက်သွယ်ရေးကုမ္ပဏီက ထူးချွန်ကျောင်းသား ၁၀ ဦး အတွက် လစဉ်သုံးသိန်းနှင့် နှစ်စဉ် ငါးသိန်း ထောက်ပံ့ပေးမည့် Bright Futures ပညာသင်ဆုကို သြဂုတ် ၂၄ ရက်တွင် မိတ်ဆက်ခဲ့ပြီး စက်တင်ဘာ ၃၀ ရက်အထိ လျှောက်ထားနိုင်သည်။

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ တိုင်းရင်းသား ရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာတွင် ယနေ့အထိ ဒေသခံ ပြည်သူ ၈၀၀ အား သက်မွေးပညာရပ်များကို သင်ကြားပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း သြဂုတ်လ ၂၅ ရက်နေ့တွင် ကျင်းပသည့် ကွန်ပျူတာနှင့် စက်ချုပ်သင်တန်းဖွင့်ပွဲမှ သိရှိရသည်။

သြဂုတ် ၂၈ ရက် နေ့စွဲဖြင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက ၂၀၂၇ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲများအတွက် လျှောက်လွှာများကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ တင်သွင်းကြရန် အသိပေးကြေညာထားသည်။

သယံဇာတဖွံ့ဖြိုးတိုးတက်ရေး

သြဂုတ်လ ၂၈ ရက်သတင်းအရ ခရီးသွားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်–တိုက်ကြောင်ကလေး–ဒဂုံတက္ကသိုလ် ရထားခရီးစဉ်များကို ဘက်ထရီလျှပ်စစ်ရထားစက်ခေါင်းဖြင့် စက်တင်ဘာ ၁ ရက်မှစတင်ကာ နေ့စဉ် ၁၂ ခေါက် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ပြန်လည်ထူထောင်ရေး

သြဂုတ်လ ၂၈ ရက်သတင်းအရ ဖလမ်းမြို့ကို တပ်မတော်က ထိန်းချုပ်ပြီးနောက် မေလ ၆ ရက်မှ သြဂုတ် ၂၇ ရက်အထိ နေရပ် ပြန်လည်ဝင်ရောက်လာသူ စုစုပေါင်း ၄၁၅၀၀ ရှိပြီဖြစ်ကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ရေဘေးကယ်ဆယ်ရေး

သြဂုတ် ၂၇ ရက်အထိ စာရင်းများအရ ဇူလိုင်လကုန်ပိုင်းမှစတင်ကာ နိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ခဲ့သူ များအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့များ၏ ထောက်ပံ့မှုစုစုပေါင်းမှာ ငွေကျပ်သိန်း ၃၁၀၀၀ ခန့်ရှိပြီဖြစ်သည်။

ငြိမ်းချမ်းရေး

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ PDF အဖွဲ့ဝင် အမျိုးသား ၁၃၁ ဦးနှင့် အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၄၀ သည် သြဂုတ် ၂၈ ရက်တွင် လက်နက်မျိုးစုံ ၂၇ လက်၊ လက်ပစ်ဗုံး ၁၆ လုံး၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာခဲ့သဖြင့် မိဘအုပ်ထိန်းသူ များထံ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့သည်။

ခရီးသွား

ကရင်ပြည်နယ် ဘားအံမြို့ရှိ အာလပ်အင်း ဖောင်စီးခရီးစဉ်သည် သဘာဝအလှအပကြောင့် လူမှုကွန်ရက်စာမျက်နှာများတွင် ရေပန်းစားလာနေကြောင်း သြဂုတ် ၂၄ ရက် သတင်းတွင် ဖော်ပြထားသည်။

မန္တလေးတိုင်းဒေသကြီး ကူမဲမြို့ရှိ ပန်းလောင်မြစ်ရေတံခွန်၊ ကင်းတားလေးဆည်နှင့် ဝိန္ဓိပင်ကြိုးတံတားတို့သို့ နေ့စဉ် ခရီးသွား ဧည့်သည် ၅၀၀ ခန့် လာရောက်အပန်းဖြေလျက်ရှိကြောင်း သြဂုတ် ၂၉ ရက် သတင်းတွင် ဖော်ပြထားသည်။

အားကစား

သြဂုတ်လ ၁၇ ရက်မှ ၂၃ ရက်အတွင်း ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၂၆–၂၀၂၇ ရာသီ အာရှအမျိုးသမီး ချန်ပီယံလိဂ်ခြေစစ်ပွဲတွင် မြန်မာကလပ် ဧရာဝတီအသင်းသည် အုပ်စု (F) မှ ရမှတ် ၉ မှတ်ဖြင့် ခြေစစ်ပွဲ အောင်မြင်ခဲ့သည်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အမျိုးသား (သုံးယောက်တွဲ) ပထမဆုကို စစ်ကိုင်းတိုင်းဒေသကြီး အသင်းကလည်းကောင်း၊ အမျိုးသမီး (သုံးယောက်တွဲ) ပထမဆုကို ဧရာဝတီတိုင်းဒေသကြီးအသင်းကလည်းကောင်း အသီးသီး ဆွတ်ခူး ရရှိခဲ့ကြောင်း သြဂုတ် ၂၉ ရက် သတင်းများအရ သိရသည်။

မှုခင်း

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီနှင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တို့တွင် တက္ကစီယာဥ်မောင်းများကို ဓားထောက်ခြိမ်းခြောက်၍ ယာဉ်လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသား လေးဦးကို သြဂုတ် ၂၃ ရက်တွင် သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့သည် သြဂုတ် ၁၄ ရက်၊ ၁၇ ရက်နှင့် ၂၀ ရက်တို့တွင်အလားတူ လုယက်မှုများ ကျူးလွန်ခဲ့ကြသူများဖြစ်သည်။

သြဂုတ် ၁၅ ရက် ညပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ နေအိမ်စစ်အိမ်တွင် ဝင်ရောက်ရှာဖွေခဲ့ရာ ဒေသကာလတန်ဖိုး ငွေကျပ် ၁၅ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆ ဒသမ ၂ သန်းကို တရားခံများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သြဂုတ် ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

မိုးလေဝသအခြေအနေ

သြဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၂ ရက်အထိ မုတ်သုံလေအားကောင်း နေခြင်းနှင့် လေထုမတည်ငြိမ်မှုများကြောင့် တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက် မိုးကြီးနိုင်ငြိုး နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ မကွေး၊ ဧရာဝတီ၊ တနင်္သာရီ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်း၊ ကရင်၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

မုတ်သုံလေဆုတ်ခွာမည့်ရက်များ - မြန်မာနိုင်ငံမြောက်ပိုင်း (စက်တင်ဘာ ၁၄-၁၉)၊ အလယ်ပိုင်း (စက်တင်ဘာ ၂၀-၂၅)၊ မြစ်ဝကျွန်းပေါ် (စက်တင်ဘာ ၂၆-အောက်တိုဘာ ၁) နှင့် တောင်ပိုင်းဒေသများ (အောက်တိုဘာ ၂-၇) အတွင်း မုတ်သုံလေ အသီးသီး ဆုတ်ခွာသွားနိုင်သည်။

ရန်ကုန်မြို့အမျိုးသားပြတိုက်နှင့်အာကာသပြတိုက်သို့ ရွှေပြည်သာမြို့နယ်ရှိ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ



ရန်ကုန် သြဂုတ် ၃၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုဖြင့် ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ နိုင်ငံ၏ ခိုင်မာသည့် သမိုင်းကြောင်း အစဉ်အလာနှင့် ယဉ်ကျေးမှု တန်ဖိုးများ သိရှိနားလည်လာစေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားလာစေရန်၊ ဘိုးဘွားများ၏ ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်လိုစိတ်ရှိစေရန် နှင့် အာကာသဆိုင်ရာ ဗဟုသုတများရရှိစေရန် ရည်ရွယ်၍ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၁၃) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ရန်ကုန်မြို့ အမျိုးသားပြတိုက်နှင့်အာကာသ ပြတိုက်များသို့ သွားရောက် လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသား ပြတိုက်သို့ ရောက်ရှိကြပြီး ခေတ် အဆက်ဆက် သမိုင်းမှတ်တမ်းများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် များကို စိတ်ဝင်စားစွာ ကြည့်ရှု လေ့လာခဲ့ရာ အမျိုးသားပြတိုက် တာဝန်ရှိသူတစ်ဦးက အမျိုးသား ပြတိုက်၏သမိုင်း၊ မြန်မာ့သမိုင်း နှင့် ယဉ်ကျေးမှုဆိုင်ရာ ပြခန်းများ အကြောင်းကို ရှင်းလင်းပြသသည်။

ဆက်လက်၍ အာကာသ ပြတိုက်သို့ သွားရောက်ကာ ပြတိုက်အတွင်း၌ Deep Space Exploration ပြခန်း၊ Space Station ပြခန်း၊ အာကာသအတွင်း အာကာသဆိုင်ရာ ဗဟုသုတများ စေလွှတ်ခဲ့သည့် ဒုံးပျံများ၊ ဂြိုဟ် ကို ကြည့်ရှုလေ့လာခဲ့ကြောင်း များ၊ နက္ခတ်တာရာများ စသည့် သိရသည်။ **ခွဲထက်ကို(ပြန်/ဆက်)**

✪ MFF မှ

၁၀ ပွဲဆက်အနိုင်ရရှိပြီး အမှတ်ပေးဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် SGF Youth အသင်းသည် ပထမအကျော့နောက်ဆုံးပွဲတွင် ဒုတိယ နေရာမှ Victoria အသင်းနှင့် သရေကျကာ နိုင်ပွဲဆက်မှု ရပ်တန့်ခဲ့ခြင်း ဖြစ်သည်။ ပွဲစဉ် (၁၁) တွင် Jullniss အသင်းက TKA Star အသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ United City အသင်းက Avengers Junior အသင်းကို ငါးဂိုး–နှစ်ဂိုး၊ Mahar Burma အသင်းက မာရိန်းအသင်းကို ရှစ်ဂိုး–ဂိုးမရှိ၊ Pacific Sun Far အသင်းက FFU မင်းမဟော်အသင်းကို လေးဂိုး–တစ်ဂိုး၊ ဘူရီဒိုအသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို လေးဂိုး–သုံးဂိုးဖြင့် အနိုင်ရရှိပြီး Victoria အသင်းနှင့် SGF Youth အသင်းတို့ လေးဂိုးစီသရေကျခဲ့သည်။ SGF Youth အသင်းသည် နိုင်ပွဲဆက်မှု ရပ်တန့်ခဲ့သော်လည်း ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ပထမအကျော့အပြီးတွင် SGF Youth အသင်းက ၃၁ မှတ်ဖြင့် ရာသီဝက် ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့ပြီး Victoria အသင်းက ၂၈ မှတ်၊ FFU မင်းမဟော်အသင်းနှင့် Mahar Burma အသင်းတို့က ၂၁ မှတ်စီ၊ Pacific Sun Far အသင်းက ၁၉ မှတ်၊ Avengers Junior အသင်းနှင့် United City အသင်းတို့က ၁၈ မှတ်စီ၊ Jullniss အသင်းက ၁၆ မှတ်၊ TKA Stars အသင်းက ၁၅ မှတ်၊ ဘူရီဒိုအသင်းက လေးမှတ်၊ ရွှေပြည်သာယူနိုက်တက် အသင်းက သုံးမှတ်၊ မာရိန်းအသင်းက တစ်မှတ်ရရှိထားသည်။

သတင်း - ရွှိုင်းထက်ဇော်

ဓာတ်ပုံ - MFF

Digital Smart မီတာအသစ်လျှောက်ထားခြင်းများအတွက် အသုံးပြုနည်းလမ်းညွှန်ချက်များ

(ယမန်နေ့မှအဆက်)

မှတ်ပုံတင်ဓာတ်ပုံ တင်သွင်းပြီးပါက ဆက်လက်၍ လျှောက်ထားသူ၏ အိမ်ထောင်စုစာရင်း (အိမ်ထောင်စုဇယား) ကာလာဓာတ်ပုံကို အောက်ပါအတိုင်း ပူးတွဲတင်သွင်းရမည်ဖြစ်ပါသည်–

(၁) စနစ်အတွင်း အချက်အလက်များ မှန်ကန်မှုကို စစ်ဆေးနိုင်ရန် မိမိအိမ်ထောင်စုစာရင်း၏ **အရှေ့ဘက် မျက်နှာပြင် (မျက်နှာဖုံးစာမျက်နှာ)** ကာလာဓာတ်ပုံကို မဖြစ်မနေဖြည့်သွင်းပေးရမည်ဖြစ်ပါသည်။

(၂) အကယ်၍ မိမိအိမ်ထောင်စုစာရင်း၏ အနောက်ဘက်ခြမ်းတွင် မည်သည့်စာသား သို့မဟုတ် တံဆိပ်တုံးမျှ ရိုက်နှိပ်ထားခြင်းမရှိပါက (စာမျက်နှာလွတ်ဖြစ်နေပါက) ထည့်သွင်းရန် မလိုပါ။

အထူးသတိပြုရန်

(၁) တင်သွင်းမည့် ဓာတ်ပုံဖိုင်များသည် **JPG, JPEG, PNG** အမျိုးအစားများသာ ဖြစ်ရပါမည်။

(၂) ဓာတ်ပုံတစ်ပုံလျှင် အများဆုံး **5 MB (5 Megabytes max)** အထိသာ လက်ခံမည်ဖြစ်ပါသည်။

(၃) စုစုပေါင်း ဓာတ်ပုံ (၂) ပုံအထိသာ အများဆုံး တင်သွင်းခွင့်ရှိပါသည်။

ဓာတ်ပုံများအားလုံး စနစ်တကျထည့်သွင်းပြီးပါက အောက်ခြေရှိ **"ဆက်လက်လုပ်ဆောင်မည်"** စာသားကို Click နှိပ်၍ နောက်တစ်ဆင့်သို့ ဆက်သွားရမည်ဖြစ်ပါသည်။



ပုံ(၂၇) အိမ်ထောင်စုစာရင်းဖြည့်သွင်းရမည့် ဖောင်ပုံစံ

ထို့နောက် လျှောက်ထားသူသည် ၎င်းနေရပ်လိပ်စာ၌ အမှန်တကယ်နေထိုင်ကြောင်း၊ မိမိနေထိုင်သည့် အဆောက်အဦသည် ကျူးကျော်အိမ်ရာမဟုတ်ကြောင်း သက်သေပြသည့် **နေထိုင်မှုမှန်ကန်ကြောင်းနှင့် ကျူးကျော်မဟုတ်ကြောင်း ထောက်ခံစာ** မူရင်းကာလာဓာတ်ပုံကို တင်သွင်းပေးရမည်ဖြစ်ပါသည်။

အထူးသတိပြုရန်

(၁) တင်သွင်းမည့် ဓာတ်ပုံဖိုင်များသည် **JPG, JPEG, PNG** အမျိုးအစားများသာ ဖြစ်ရပါမည်။

(၂) ဓာတ်ပုံတစ်ပုံလျှင် အများဆုံး **5 MB (5 Megabytes max)** အထိသာ လက်ခံမည် ဖြစ်ပါသည်။

ဓာတ်ပုံများအားလုံး စနစ်တကျထည့်သွင်းပြီးပါက အောက်ခြေရှိ **"ဆက်လက်လုပ်ဆောင်မည်"** စာသားကို Click နှိပ်၍ နောက်တစ်ဆင့်သို့ ဆက်သွားရမည်ဖြစ်ပါသည်။



ပုံ(၂၈) နေထိုင်မှုမှန်ကန်ကြောင်းနှင့်
ကျူးကျော်နေထိုင်မှုမဟုတ်ကြောင်းထောက်ခံစာဖြည့်သွင်းရန် ဖောင်ပုံစံ

ထို့နောက် လျှောက်ထားသူသည် မိမိနေထိုင်ရာ အဆောက်အဦ/မြေနေရာနှင့် ပတ်သက်သည့် တရားဝင်ပိုင်ဆိုင်မှု စာရွက်စာတမ်း (မူရင်း) ကာလာဓာတ်ပုံများကို သတ်မှတ်ထားသော ကွက်လပ်တွင် မိမိ၏ **မြေဂရန်(ဂရန်စာချုပ်)** သို့မဟုတ် တရားဝင်ချုပ်ဆိုထားသော **အရောင်းအဝယ်စာချုပ်** ဓာတ်ပုံများကို စနစ်တကျ ဖြည့်သွင်းရမည်ဖြစ်ပါသည်။ အကယ်၍ ပိုင်ဆိုင်မှုအထောက်အထား စာမျက်နှာသည် တစ်မျက်နှာထက်မက (ဥပမာ - စာချုပ် ရှေ့/နောက် သို့မဟုတ် စာမျက်နှာအများအပြား) ရှိပါက ၎င်းစာရွက်စာတမ်းများအားလုံးကို **သတ်မှတ်ထားသော ကွက်လပ်များအလိုက် ပြည့်စုံစွာ** စုစည်း၍ Upload တင်ပေးရမည်ဖြစ်ပါသည်။


အထူးသတိပြုရန်

(၁) တင်သွင်းမည့် ဓာတ်ပုံဖိုင်များသည် **JPG, JPEG, PNG** အမျိုးအစားများသာ ဖြစ်ရပါမည်။

(၂) ဓာတ်ပုံတစ်ပုံလျှင် အများဆုံး **5 MB (5 Megabytes max)** အထိသာ လက်ခံမည် ဖြစ်ပါသည်။

(၃) အရေအတွက် ကန့်သတ်ချက် မရှိပါ။

ဓာတ်ပုံများအားလုံး စနစ်တကျထည့်သွင်းပြီးပါက အောက်ခြေရှိ **"ဆက်လက်လုပ်ဆောင်မည်"** စာသားကို Click နှိပ်၍ နောက်တစ်ဆင့်သို့ ဆက်သွားရပါမည်။



ပုံ(၂၉) ပိုင်ဆိုင်မှုစာရွက်စာတမ်း ဖြည့်သွင်းရန် ဖောင်ပုံစံ

ပိုင်ဆိုင်မှု စာရွက်စာတမ်းများတင်ပြီးပါက ဆက်လက်၍ မိတာတပ်ဆင်မည့် အဆောက်အဦနှင့် ပတ်သက်သည့် မြေပြင်ဓာတ်ပုံများကို အောက်ပါအတိုင်း စနစ်တကျ Upload တင်ပေးရမည်ဖြစ်ပါသည်–

(၁) ကြယ်အမှတ်အသား (*) ပြထားသော **အဆောက်အဦ ရှေ့ဘက်ဓာတ်ပုံ** *၊ **အဆောက်အဦ ဝဲဘက်ဓာတ်ပုံ** * (ဘယ်ဘက်ခြမ်း)၊ **အဆောက်အဦ ယာဘက်ဓာတ်ပုံ** * (ညာဘက်ခြမ်း) အတွက် ဓာတ်ပုံများကို မဖြစ်မနေ တင်သွင်းရပါမည်။

(၂) အဆောက်အဦ နောက်ဘက်ဓာတ်ပုံအတွက်မူ ဓာတ်ပုံရှိပါက ထည့်သွင်းနိုင်ပြီး မရှိပါက ကျော်သွားနိုင်ပါသည်။

အထူးသတိပြုရန်

(၁) တင်သွင်းမည့် ဓာတ်ပုံဖိုင်များသည် **JPG, JPEG, PNG** အမျိုးအစားများသာ ဖြစ်ရပါမည်။

(၂) ဓာတ်ပုံတစ်ပုံလျှင် အများဆုံး **5 MB (5 Megabytes max)** အထိသာ လက်ခံမည် ဖြစ်ပါသည်။

(၃) စုစုပေါင်း ဓာတ်ပုံ **(၄) ပုံအထိသာ** အများဆုံး တင်သွင်းခွင့် ရှိပါသည်။

ဓာတ်ပုံများအားလုံး စနစ်တကျထည့်သွင်းပြီးပါက အောက်ခြေရှိ **"ဆက်လက်လုပ်ဆောင်မည်"** စာသားကို Click နှိပ်၍ နောက်တစ်ဆင့်သို့ ဆက်သွားရမည်ဖြစ်ပါသည်။



ပုံ(၃၀) အဆောက်အဦဓာတ်ပုံ ဖြည့်သွင်းရန် ဖောင်ပုံစံ

အချက်အလက်များနှင့် ဓာတ်ပုံများ အားလုံးဖြည့်သွင်းပြီးပါက စနစ်၏ နောက်ဆုံးစာမျက်နှာပါ အချက်အလက်အပြည့်အစုံသို့ ရောက်ရှိမည်ဖြစ်ပါ၍ အောက်ပါအတိုင်း စနစ်တကျ စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ပါသည်–

(၁) မိမိဖြည့်သွင်းခဲ့သော အချက်အလက်များနှင့် ပူးတွဲဖိုင်များအားလုံး မှန်ကန်မှု ရှိ/ မရှိကို သေချာစွာ စစ်ဆေးကြည့်ရှုပေးပါ။

(၂) ပြင်ဆင်လိုပါက ခေါင်းစဉ်တစ်ခုချင်းစီရှိသော **"ပြင်ဆင်ရန်"** စာသားကို Click နှိပ်လိုက်ပါက အချက်အလက်များကို ပြန်လည်ပြင်ဆင်နိုင်ပါသည်။

(၃) ဓာတ်ပုံများ မှုန်ဝါးခြင်း ရှိ/ မရှိ သို့မဟုတ် စာရွက်စာတမ်း ခေါင်းစဉ်လွဲမှားနေခြင်း ရှိ/ မရှိကို အလွယ်တကူ ဝင်ရောက်စစ်ဆေးကြည့်ရှုနိုင်ပါသည်။ အကယ်၍ မှားယွင်းမှုရှိပါက **"ပြင်ဆင်ရန်"** နှိပ်၍ အချက်အလက်များကို ပြန်လည်ပြင်ဆင်နိုင်ပါသည်။

(၄) အကယ်၍ လိုအပ်သော စာရွက်စာတမ်းများ မစုံလင်သေးပါက လျှောက်လွှာကို လုံးဝမတင်ဘဲ **"မူကြမ်းအဖြစ်သိမ်းမည်"** ခလုတ်ကိုနှိပ်၍ သိမ်းဆည်းထားနိုင်ပါသည်။ (နောက်မှ ပြန်လည်ဖြည့်စွက်နိုင်ပါသည်။)

(၅) မဖြစ်မနေဖြည့်သွင်းရမည့် အချက်အလက်များနှင့် ပူးတွဲဖိုင်များအားလုံး ပြီးပြည့်စုံစွာဖြည့်သွင်းပြီးမှသာ စခရင်ပေါ်တွင် **"လျှောက်လွှာတင်သွင်းမည်"** စာသားကို Click နှိပ်နိုင်မည်ဖြစ်ပါသည်။ အချက်အလက်များ သို့မဟုတ် စာရွက်စာတမ်းများ မပြည့်စုံသေးပါက **"လျှောက်လွှာတင်သွင်းမည်"** စာသားကို Click နှိပ်၍မရနိုင်ဘဲ **"မူကြမ်းအဖြစ် သိမ်းမည်"** စာသားကို Click နှိပ်၍ မူကြမ်းအနေဖြင့်သိမ်းထားနိုင်ပါသည်။

(၆) **"လျှောက်လွှာတင်သွင်းမည်"** စာသားကို Click နှိပ်လိုက်ပါက မိမိ၏ မီတာလျှောက်လွှာသည် သက်ဆိုင်ရာ လျှပ်စစ်အင်ဂျင်နီယာရုံးသို့ အလိုအလျောက်ပေးပို့ပြီးဖြစ်ပါသဖြင့် ရုံးဘက်မှ စိစစ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့် (Application Status)ကို ဆက်လက် စောင့်ဆိုင်းရမည်ဖြစ်ပါသည်။

(၇) မီတာလျှောက်လွှာပုံစံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ လျှောက်လွှာလက်ခံပြီးပါက ယာဘက်ထိပ်တွင် လျှောက်ထားသူ၏ လျှောက်လွှာအမှတ်စဉ်အား ဖော်ပြထားမည်ဖြစ်ပါသည်–



ပုံ(၃၁) မီတာလျှောက်လွှာပုံစံ

(၈) လျှောက်လွှာလက်ခံရရှိကြောင်း အကြောင်းကြားစာကို မိမိ၏စာတိုက်ပုံး(Inbox) စာမျက်နှာနှင့် ဆက်သွယ်ရမည့်ဖုန်းနံပါတ်သို့ MOEE Info မှ SMS – စာတိုပေးပို့သွားမည်ဖြစ်ပါသည်။

စာမျက်နှာ ၁၁ သို့ ➲


✪ စာမျက်နှာ ၁၀ မှ



ပုံ(၃၂) လျှောက်လွှာလက်ခံရရှိကြောင်း SMS – စာတိုပေးပို့မည့်ပုံစံ

(ခ) မြေပြင်ကွင်းဆင်းစစ်ဆေးမည့်အခြေအနေအား အကြောင်းကြားခြင်း


သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များတွင် မြို့နယ်အလိုက် လျှောက်ထားသော မီတာလျှောက်လွှာများကို လက်ခံပြီးနောက် သက်ဆိုင်ရာအင်ဂျင်နီယာများမှ မြေပြင်ကွင်းဆင်းစစ်ဆေးမည့်ရက်ကို စာတိုက်ပုံး(Inbox) စာမျက်နှာနှင့် လျှောက်ထားသူ၏ဖုန်းနံပါတ်သို့ MOEE Info မှ SMS – စာတိုပေးပို့သွားမည်ဖြစ်ပါသည်။ ကွင်းဆင်းစစ်ဆေးသည့်ရက်တွင် လျှောက်လွှာတွင်ပါဝင်သော စာရွက်စာတမ်းမူရင်းများအား အင်ဂျင်နီယာဌာနမှ ကွင်းဆင်းစစ်ဆေးသည့်အချိန်တွင် စစ်ဆေးသွားမည်ဖြစ်ပြီး အထောက်အထားမိတ္တူတစ်စုံကို ကွင်းဆင်းစစ်ဆေးသူအား ပေးရမည်ဖြစ်ပါသည်။



ပုံ(၃၃) မြေပြင်ကွင်းဆင်းစစ်ဆေးမည့် အခြေအနေအား အကြောင်းကြားခြင်း SMS – စာတိုပေးပို့မည့်ပုံစံ

(ဂ) မီတာသတ်မှတ်ကြေး ငွေပေးသွင်းရန်နှင့် ငွေလက်ခံရရှိကြောင်း အကြောင်းကြားခြင်း

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များတွင် မြို့နယ်အလိုက်လျှောက်ထားသော မီတာလျှောက်လွှာပါ လိပ်စာအတိုင်း ကွင်းဆင်းစစ်ဆေးပြီးနောက် လျှောက်ထားသူ၏အကောင့်တွင် ငွေပေးသွင်းရန်အကြောင်းကြားခြင်း စာမျက်နှာပေါ်ပေါက်လာမည်ဖြစ်ပါသည်။ ငွေပေးသွင်းရန်အတွက် စာတိုက်ပုံး(Inbox) စာမျက်နှာနှင့် လျှောက်ထားသူ၏ဖုန်းနံပါတ်သို့ MOEE Info မှ SMS – စာတိုပေးပို့သွားမည်ဖြစ်ပါသည်။



ပုံ(၃၄) ငွေသွင်းရန်အကြောင်းကြားခြင်း SMS – စာတိုပေးပို့မည့်ပုံစံ

(ခ) လျှောက်ထားသည့်မီတာအမျိုးအစားအလိုက် ဌာနမှသတ်မှတ်ထားသော မီတာသတ်မှတ်ကြေးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသောဘဏ်များမှ ကြိုက်နှစ်သက်ရာဘဏ်ကို ရွေးချယ်ပေးသွင်းနိုင်ရန်အတွက်

(၁) ငွေပေးသွင်းမှုစာမျက်နှာတွင် ဘဏ်ကို Click နှိပ်၍ ရွေးချယ်ရမည်ဖြစ်ပါသည်။

(၂) သက်ဆိုင်ရာဘဏ်၏ Pay Application အား ဖွင့်၍ Home Page တွင်ရှိသော Pay Bill ကို Click နှိပ်၍ ဝင်ရောက်ပါ။

(၃) New Meter Registration Payment အတွက် YESC (ရန်ကုန်)၊ MESC (မန္တလေး)နှင့် ESE (နေပြည်တော်နှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်)တို့ ဖြင့်ရမည်ဖြစ်ပြီး မိမိပေးသွင်းလိုသည့် မီတာအမျိုးအစားကိုရွေးချယ်၍ အချက်အလက်များကို ဖြည့်စွက်ရမည်ဖြစ်ပါသည်။ Customer ID မှာ လျှောက်လွှာ၏အပေါ်ဘက်ရှိ System Code အား ဆိုလိုခြင်းဖြစ်ပါသည်။

(၄) ပေးချေရမည့်ငွေပမာဏအား ဖြည့်သွင်းရန်၊ ပေါ်လာပါက မှန်ကန်မှုရှိမရှိစစ်ဆေးပါ၊ မှန်ကန်ပါက လျှို့ဝှက်နံပါတ် (PIN)ကို ရိုက်ထည့်ပါက ငွေပေးသွင်းမှုလုပ်ငန်းစဉ် အောင်မြင်စွာပြီးဆုံးမည်ဖြစ်ပါသည်။

(၅) ငွေပေးချေမှုအောင်မြင်ကြောင်းပြသသည့် အီလက်ထရောနစ်ပြေစာ(E-Receipt)အား သိမ်းဆည်း၍ Scan မှတ်တမ်းတင်ပုံအား Upload ပူးတွဲထည့်သွင်းရမည်ဖြစ်ပါသည်။

(၆) ထို့နောက် လျှောက်ထားသူအသုံးပြုသော သက်ဆိုင်ရာဘဏ်၏ ငွေသွင်းပြေစာပေါ်ရှိ ဘဏ်၏ငွေသွင်းပြေစာအမှတ်အား ဖြည့်သွင်းရမည်ဖြစ်ပါသည်။




ပုံ(၃၅) ငွေပေးသွင်းရန်ပုံစံ




ပုံ(၃၆) ကြိုက်နှစ်သက်ရာဘဏ်ကိုရွေးချယ်၍ ငွေပေးသွင်းရန်ပုံစံ

ဌာနနှင့်ဘဏ်တို့မှ ပေးသွင်းပြီးသော ငွေသွင်းပြေစာအမှတ်၊ မီတာသတ်မှတ်ကြေးတို့ကို တိုက်ဆိုင်စစ်ဆေးပြီးနောက် စာတိုက်ပုံး(Inbox)စာမျက်နှာနှင့် လျှောက်ထားသူ၏ဖုန်းနံပါတ်သို့ MOEE Info မှ SMS – စာတို ပေးပို့သွားမည်ဖြစ်ပါသည်။




ပုံ(၃၇) ငွေပေးသွင်းမှုအား စစ်ဆေးအတည်ပြုမှုအခြေအနေအား အကြောင်းကြားခြင်း SMS – စာတိုပေးပို့မည့်ပုံစံ



ပုံ(၃၈) ငွေလက်ခံရရှိမှုအကြောင်းကြားခြင်း SMS – စာတိုပေးပို့မည့်ပုံစံ

(ဃ) Digital Smart မီတာအသစ် တပ်ဆင်ပေးမည့်ရက် အကြောင်းကြားခြင်းနှင့် တပ်ဆင်ပေးခြင်း

Digital Smart မီတာအသစ်လျှောက်ထားသူမှ မီတာသတ်မှတ်ကြေးဌာနသို့ ပေးသွင်းပြီးနောက် မီတာတပ်ဆင်ပေးမည်ဖြစ်ပါ၍ စာတိုက်ပုံး(Inbox) စာမျက်နှာနှင့် လျှောက်ထားသူ၏ဖုန်းနံပါတ်သို့ MOEE Info မှ မီတာတပ်ဆင်ပေးမည့်ရက်အား SMS – စာတိုပေးပို့ အကြောင်းကြားသွားမည်ဖြစ်ပါသည်။ အကြောင်းကြားထားသည့်ရက်တွင် လျှောက်ထားသည့် မီတာအသစ်အား တပ်ဆင်ပေးသွားမည်ဖြစ်ပါသည်။



ပုံ(၃၉) မီတာတပ်ဆင်ပေးမည့်ရက် အကြောင်းကြားခြင်း SMS – စာတိုပေးပို့မည့်ပုံစံ

❍ M-League မှ

ရှမ်းယူနိုက်တက်အသင်းသည်ရာသီကြိုကွင်းဖွင့်ပွဲကစားခဲ့သည့် ပွဲထွက်လူစာရင်းမှ ကစားသမားအများစုဖြင့် ပွဲထွက်လာပြီး ရန်ကုန်စီးတီးအသင်းမှာလည်း နိုင်ငံခြားသားကစားသမား ငါးဦးကို ဝင်းနိုင်ထွန်း၊ မြတ်ကောင်းခန့်၊ ခွန်ကျော်ဇင်ဟိန်းတို့ဖြင့် တွဲဖက်အသုံးပြုခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားကာ ၁၅ မိနစ်တွင် ကွင်းလယ်ကစားသမား မိုဝူဆူ၏ အဝေးကနဲချက်ဖြင့် ရှမ်းယူနိုက်တက်အသင်း အဖွင့်ဂိုးရခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် ရန်ကုန်စီးတီးနောက်ခံလူ ဟာယူကီဘောလုံးဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ်သွင်းမိသဖြင့် ပထမပိုင်းအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုးပြတ်ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ရန်ကုန်စီးတီးအသင်းက ချေပဂိုးရရန် ကစားသမားများ ပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့ပြီး ၆၅ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် အောင်ကောင်းမာန်က ခေါင်းတိုက်သွင်းသဖြင့် ပထမချေပဂိုးရခဲ့သည်။ ၆၁ မိနစ်တွင် ရှမ်းယူနိုက်တက် ကွင်းလယ်ကစားသမား ကျော်မင်းဦး၊ ၆၆ မိနစ်တွင် ရန်ကုန်စီးတီးတိုက်စစ်မှူး အောင်ကောင်းမာန်တို့ တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံရသည်။ ရှမ်းယူနိုက်တက်အသင်းသည် လက်ကျန်မိနစ်များတွင် အနိုင်ရလဒ် ထိန်းကစားနိုင်ရန် ကြိုးပမ်းသော်လည်း ၉၀+၄ မိနစ်တွင် ရန်ကုန်စီးတီးအသင်း ဒုတိယချေပဂိုးရခဲ့ပြီး တာဆူချီယာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် AYA Player of the Match ဆုကို ရန်ကုန်စီးတီးကွင်းလယ်ကစားသမား မြတ်ကောင်းခန့်ကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ၁၀ သိန်းရရှိသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် နောက်ကျဂိုးများဖြင့် အဖွင့်ပွဲအမှတ်ပြည့်ရယူနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၈၆ မိနစ်တွင် မောင်မောင်လွင်၊ ၉၀+၄ မိနစ်တွင် မူစတာဖာကသွင်းယူသည်။ ယခုပွဲအတွက် AYA Player of the Match ဆုကို ရန်ကုန်ယူနိုက်တက် တိုက်စစ်ကစားသမား မောင်မောင်လွင်ကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ၁၀ သိန်းရရှိသည်။

သတင်း – ကိုညီလေး၊ ဓာတ်ပုံ – စိုးညွှန့်သော်

ဝန်တာနိမ့်ကျမှုအပေါ် ရေတိုက်စားမှုကာကွယ်ရေးနှင့် ရေဝင်လမ်းကြောင်းပိတ်ဆို့ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

ပုသိမ် သြဂုတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ဝန်တာတမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့မှုအပေါ် ရေတိုက်စားမှုကာကွယ်ရေးနှင့် ရေစီးလမ်းကြောင်းပိတ်ဆို့ကာကွယ်ရေးလုပ်ငန်းများကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တံတားဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ စုပေါင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းတွင် သဲဖြူချောင်းဖျားနှင့် မဟာမြိုင်တောရဆရာတော် ဒေါက်တာဘဒ္ဒန္တပညာဓောတနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်တို့ သွားရောက်ကြည့်ရှုအားပေးကြသည်။

ထိုသို့ သွားရောက်ကြည့်ရှုစဉ် သဲဖြူချောင်းဖျားနှင့် မဟာမြိုင်တောရဆရာတော်က ရေစီးလမ်းကြောင်း ပိတ်ဆို့ကာကွယ်ခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား အလှူငွေများ လှူဒါန်းပြီး ပရိတ်တရားတော်များ ချီးမြှင့်သည်။

ထို့အတူ သဲဖြူချောင်းဖျားနှင့် မဟာမြိုင်တောရဆရာတော်သည် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ ဟင်္သာတမြို့နယ် လဟာပကျေးရွာဘုန်းတော်ကြီးကျောင်းတိုက်ကို သွားရောက်၍ လေးမျက်နှာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ ရေဘေးသင့်ပြည်သူများအား ပရိတ်တရားတော်ချီးမြှင့်ခြင်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းထောက်ပံ့ခြင်းတို့ ဆောင်ရွက်သည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဟင်္သာတမြို့၌ မြန်မာနေရှင်နယ်လိုဂ်ဥက္ကဋ္ဌ၊ ရှမ်းယူနိုက်တက်ဘောလုံးအသင်း၊ ဧရာဝတီယူနိုက်တက်အမျိုးသမီးဘောလုံးအသင်း၊ ရန်ကုန်ယူနိုက်တက်ဘောလုံးအသင်း၊ ရတနာပုံယူနိုက်တက်ဘောလုံးအသင်း၊ မြန်မာ့လက်ရွေးစင် ကစားသမားဟောင်းများ၊ မြန်မာ့လက်ရွေးစင် ကစားသမားများနှင့် M League တို့က ရေဘေးသင့်ဒေသများအတွက် အလှူငွေကျပ်သိန်း ၁၀၀၀ စုပေါင်းလာရောက် လှူဒါန်းမှုကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။



တိုင်းဒေသကြီး(ပြန်/ဆက်)

ဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွားကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် သြဂုတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုစတင်ဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငပိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။

ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော်လည်း ရေကြည်မြို့နယ်၌ သြဂုတ် ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၈ ပေ ၁၁ လက်မခန့်သာ ကျန်ရှိတော့သဖြင့် ၂ပေ ၃ လက်မခန့် ဆက်လက်ကျဆင်းသွားခဲ့ကြောင်းနှင့် ငပိုင်းချောင်းမြို့တွင် ဝန်မြစ်ရေသည် သြဂုတ် ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၉ ပေ ၁ လက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။



အဆိုပါဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနေနာက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်ဆောင်ရွက်

ထို့ပြင် ရေပြန်လည်ကျဆင်းသွားသည့် လေးမျက်နှာမြို့နယ် ကုန်းစုကျေးရွာ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်းရှိ စာသင်ခန်းများ၊ အဆောက်အအုံများ၊ စာသင်ခုံများ ၊ လူသွားစင်္ကြံများတွင် တင်ကျန်ခဲ့သည့် နွံနုန်းများနှင့် အမှိုက်များအား ရှင်းလင်းဆောင်ရွက်ပေးခြင်း၊ ဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြုရန် Geobags သဲအိတ်ကြိုးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းတို့ကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် သြဂုတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တွင် သြဂုတ် ၂၅ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀ ၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှုဖြစ်ပွားခဲ့သည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာခြေတွင် တုတ်တန်းရိုက် သဲအိတ်ဖြည့်ခြင်း၊ ယာယီပန်းတာပြုလုပ်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine (ရေစီးနှုန်းလျော့ကျစေပြီး ရေထဲတွင်ပါလာသော နုန်းမြေ (sediment)များ စုပုံလာစေရန် ပြုလုပ်သည့်လုပ်ငန်း) ချထားခြင်း၊ Steel Cable Groyne (သံမဏိကြိုးအသုံးပြု ရေစီးထိန်းလုပ်ငန်း) ဆောင်ရွက်ခြင်းတို့ကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



အီရန်နှင့် အမေရိကန်တို့အကြား ငြိမ်းချမ်းရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်ရှိတွင် မသေချာမရေရာဖြစ်နေကြောင်း အီရန်သမ္မတ ပြောကြား

တီဟီရန် ဩဂုတ် ၃၀

အီရန်သမ္မတ မာဆွတ် ပီဇက်ရှ်ကီယန်က အီရန်နှင့် အမေရိကန်တို့အကြား လက်မှတ်ရေးထိုးခဲ့သော ငြိမ်းချမ်းရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) သည် အီရန်နိုင်ငံ၊ အနောက်အာရှနှင့် ကမ္ဘာကြီးအတွက် အကျိုးရှိစေသော်လည်း လက်ရှိတွင် မသေချာမရေရာသည့် အခြေအနေတွင်ရှိနေကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ငြိမ်းချမ်းရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို အကောင်အထည်ဖော်ခြင်းအားဖြင့် အမေရိကန်နှင့် အစ္စရေးတို့က ဒေသတွင်း၌ မငြိမ်မသက်မှုများ၊ ကျူးကျော်တိုက်ခိုက်မှုများနှင့် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို ဖန်တီးနိုင်တော့မည် မဟုတ်ကြောင်းနှင့် ဒေသတွင်းနိုင်ငံများအနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း ၎င်းက အလေးပေးပြောကြားခဲ့သည်။

အီရန်နိုင်ငံသည် စစ်ပွဲကို စတင်ဖန်တီးသူ ဘယ်သောအခါမျှ မဖြစ်ခဲ့ဖူးကြောင်း၊ ၎င်းတို့အနေဖြင့် စစ်ပွဲကို လိုလားခြင်းမရှိသော်လည်း မည်သည့်ကျူးကျော်သူကိုမဆို ပြင်းထန်စွာ ခုခံတွန်းလှန်သွားမည်ဖြစ်ပြီး ၎င်းတို့၏ ဖွဲ့မ်းအားနှင့် ဆန္ဒအပြည့်အဝဖြင့် ရပ်တည်နေသော



နိုင်ငံတစ်နိုင်ငံကို လက်နက်ချစေရန် မည်သည့်အင်အားစုကမျှ အတင်းအကျပ် ပြုလုပ်နိုင်မည်မဟုတ်ပါကြောင်း အီရန်သမ္မတ မာဆွတ် ပီဇက်ရှ်ကီယန်က ထပ်လောင်းပြောကြားခဲ့သည်။

ထို့ပြင် ကိုယ်ကျိုးစီးပွားအတွက် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ဈေးကွက်များကို လိုသလိုခြယ်လှယ်ရန်နှင့် အီရန်အပေါ်အမေရိကန်၏ စစ်ပွဲကို ဆက်လက်ကြာရှည်စေရန် ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်နေကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ဆာယက် အာဘတ်စ် အာရာချိက လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားခဲ့သည်။

ဖေဖော်ဝါရီ ၂၈ ရက်တွင် အစ္စရေးနှင့် အမေရိကန်တို့သည် တီဟီရန်နှင့် အခြားအီရန်ဖြို့ကြီးများအပေါ် ပူးတွဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည်။ အီရန်ကလည်း တုံ့ပြန်သည့်အနေဖြင့် ဒေသတွင်းရှိ အစ္စရေးနှင့် အမေရိကန်တို့၏ စစ်အခြေစိုက်စခန်းများနှင့် ပိုင်ဆိုင်မှုများကို ပစ်မှတ်ထားကာ ဒုံးကျည်များနှင့် ဒရုန်းများဖြင့် အကြိမ်ကြိမ်တိုက်ခိုက်ခဲ့ပြီး ဟော်မုဇ်ရေလက်ကြားအပေါ် ၎င်း၏ထိန်းချုပ်မှုကို တင်းကျပ်ခဲ့သည်။

ဇွန် ၁၈ ရက်တွင် အမေရိကန်နှင့် အီရန်တို့သည် ဒေသတွင်းစစ်ပွဲကို ဘက်ပေါင်းစုံမှ အဆုံးသတ်ရေးအတွက် ငြိမ်းချမ်းရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါစာချွန်လွှာအရ နှစ်နိုင်ငံအနေဖြင့် နောက်ဆုံးသဘောတူညီချက်တစ်ခု ရရှိနိုင်ရန်အတွက် ရက်ပေါင်း ၆၀ အတွင်း (ဩဂုတ် ၁၇ ရက်တွင် ကုန်ဆုံးခဲ့သောကာလအတွင်း) ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန် စီစဉ်ထားခဲ့သော်လည်း ပြီးခဲ့သည့်လက နှစ်နိုင်ငံအကြား တင်းမာမှုများ မြင့်တက်လာခဲ့ပြီးနောက် ယင်းဆွေးနွေးပွဲများ၏ အလားအလာမှာ မရေမရာဖြစ်နေဆဲဖြစ်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်

နီပေါနိုင်ငံ၌ ရုတ်တရက်ရေကြီးရေလျှံမှုများဖြစ်ပွားပြီးနောက် ၅၅ နာရီအကြာတွင် အသက်ခြောက်နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးကို ကယ်ဆယ်နိုင်ခဲ့

ခတ္တမန္တူ ဩဂုတ် ၃၀

နီပေါနိုင်ငံနှင့် တရုတ်နိုင်ငံ နယ်စပ်တစ်လျှောက် ရုတ်တရက် ရေကြီးရေလျှံမှုများ ဖြစ်ပွားပြီးနောက် ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေစဉ် အတွင်း နီပေါရဲတပ်ဖွဲ့က အသက်ခြောက်နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးကို အပျက်အစီးပုံများကြားမှ ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။



ပြောကြား

ရွှံ့နွံစီးဆင်းမှုဒဏ် ခံခဲ့ရသည့် နီပေါ–တရုတ် နယ်စပ်ဖြတ်ကျော် ဂိတ်မှ ရေစီးကြောင်းအတိုင်း ၃ ကီလိုမီတာခန့်အကွာရှိ မြို့တစ်မြို့တွင် အဆိုပါ မိန်းကလေးငယ်ကို တွေ့ရှိခဲ့ကြောင်း နီပေါရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ဘေးအန္တရာယ်ဖြစ်ပွားပြီး ၅၅ နာရီကျော်အကြာတွင် မိန်းကလေးငယ်၏ အော်ဟစ်အကူအညီ တောင်းသံကို ကြားသိရပြီးနောက် ၎င်းတို့တပ်ဖွဲ့ဝင်များက ကယ်ဆယ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ အဖွဲ့က ပြောကြားခဲ့သည်။

ကယ်ဆယ်ရေးသမားများက ရွှံ့နွံများဖုံးလွှမ်းနေသော အပျက်အစီးများကြားမှ မိန်းကလေးငယ်ကို မြင်တွေ့ခဲ့ရကြောင်း နီပေါရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

၎င်းအား ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့ပြီး အစားအစာများ ကျွေးမွေးခဲ့ကြောင်း သိရသည်။

မိန်းကလေးငယ်၏ မျက်နှာနှင့် ကျောတို့တွင် ဒဏ်ရာများရရှိထားသော်လည်း အသက်အန္တရာယ် စိုးရိမ်ရသည့် အခြေအနေမျိုး မဟုတ်ကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။ လက်ရှိတွင် အဆိုပါ မိန်းကလေးငယ်ကို မြို့တော်ခတ္တမန္တုရှိဆေးရုံတစ်ရုံ၌ ကုသမှုပေးလျက်ရှိကြောင်းလည်း ၎င်းတို့က ထပ်လောင်းပြောကြားသည်။

လမ်းများ ရေစီးနှင့်အတူ ပါသွားခဲ့သဖြင့် ရဟတ်ယာဉ်ဖြင့်သာ သွားလာနိုင်သော နေရာတစ်ခုတွင် အဆိုပါကယ်ဆယ်ရေးလုပ်ငန်းကို လုပ်ဆောင်ခဲ့ရကြောင်း နီပေါရဲတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ နီထရာကာကီက ပြောကြားခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုများအပါအဝင် အကြောင်း အမျိုးမျိုးကြောင့် ရွာဖွေရေးလုပ်ငန်းများ အခက်အခဲရှိခဲ့ကြောင်းနှင့် မိန်းကလေးငယ်ကို ကယ်ဆယ်နိုင်ခဲ့ခြင်းမှာ အံ့ဖွယ်ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကိုးကား – အင်နံအိတ်ချ်ကေ

ဘာသာပြန် – အောင်ကျော်ကျော်

လက်ဘန္ဓနိုင်ငံတောင်ပိုင်း၌ အစ္စရေးက တိုက်ခိုက်မှုများ ဆောင်ရွက်နေခြင်းကို လက်မခံဟု အီရန်ပြောကြား

ဘေရွတ် ဩဂုတ် ၃၀

လက်ဘန္ဓနိုင်ငံတောင်ပိုင်းတွင် အစ္စရေးက တိုက်ခိုက်မှုများ ဆောင်ရွက်နေခြင်းကို လက်မခံကြောင်းနှင့်အထက်ပါအရေးနှင့် ပတ်သက်၍ လက်ဘန္ဓနိုင်ငံနှင့် တစ်သားတည်းရပ်တည် ဆောင်ရွက်မည်ဟု အီရန်က ပြောကြားခဲ့သည်။

နဗာတက်ပြည်နယ်တွင် အစ္စရေးတပ်ဖွဲ့က နေ့ပိုင်းအချိန်၌ တိုက်ခိုက်မှုများဆောင်ရွက်ခဲ့ရာ အီတက်အယ်လ်ဂျဗာကျေးရွာအနီးတွင် ပေါက်ကွဲမှုများဖြစ်ခဲ့ပြီး နဗာတက်အယ်လ်ဖော်ကွာဒေသတွင်လည်း တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုတိုက်ခိုက်မှုများမဖြစ်မီကလည်း အာရပ်ဆလင်ဒေသတွင် အစ္စရေးတပ်ဖွဲ့က တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့သဖြင့် လက်ထပ်ပြီးစ သတို့သမီးတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ တိုက်ခိုက်မှုများ ဆောင်ရွက်ခြင်းသည် ဟစ်ဘိုလာအဖွဲ့က အစ္စရေးတပ်ဖွဲ့အား ဒုံးကျည်ဖြင့် တိုက်ခိုက်မှုကို တုံ့ပြန်ခြင်းဖြစ်သည်ဟု အစ္စရေးက ပြောကြားသည်။

မကြာသေးမီအချိန်က အီရန်နိုင်ငံခြားရေးဝန်ကြီး ဆာယက် အာဘတ်စ် အာရာချိနှင့် လက်ဘန္ဓနိုရှီးယိုက် အစ္စလာမ္မစ်ကောင်စီ တာဝန်ရှိသူ ရှိက်အလီ အယ်တတ်တို့ တွေ့ဆုံဆွေးနွေးရာတွင် လက်ဘန္ဓနိုင်ငံတောင်ပိုင်းတွင် အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ဒေသခံများနေရပ်စွန့်ခွာမှုများရှိသဖြင့် ကူညီဆောင်ရွက်ပေးရန် အီရန်နိုင်ငံခြားရေးဝန်ကြီးအား ၎င်းကပန်ကြားခဲ့သည်။ အီရန်အနေဖြင့် အီရန်–အမေရိကန် နားလည်မှုစာချွန်လွှာပထမအဆင့်ကို အကောင်အထည်ဖော်ရေးဆောင်ရွက်နေပြီး အဆိုပါ စာချွန်လွှာ ပထမအဆင့်အရ အစ္စရေးတပ်ဖွဲ့၏ လက်ဘန္ဓနိအား တိုက်ခိုက်မှုများကို ရပ်တန့်ရန် တောင်းဆိုထားကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ကိုးကား – RT News

ဘာသာပြန် –စိုးသူရ

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအတွက် ရန်ပုံငွေလျှော့ချခံရခြင်းကြောင့် အာဟာရချို့တဲ့ကလေးငယ် ကုသရေးစင်တာပေါင်း ၁၀၀ ကျော် ပိတ်သိမ်းခဲ့ရ

ကဘူး ဩဂုတ် ၃၀

အာဖဂန်နစ္စတန်နိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအတွက် ရန်ပုံငွေ လျှော့ချခံရခြင်းကြောင့် အာဟာရချို့တဲ့ကလေးငယ်များကို ကုသပေးနေသော စင်တာပေါင်း ၁၀၀ ကျော် ပိတ်သိမ်းခဲ့ရကြောင်း ကုလသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ်ရေးဌာနဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ် မီလစ်ဆာ ဖလီမင်းက ယနေ့ ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း၌ ကလေးငယ် ၃ ဒသမ ၇ သန်းခန့်သည် လက်ရှိ၌ ပြင်းထန်သော အာဟာရချို့တဲ့မှုဒဏ်ကို ခံစားနေရပြီး ၎င်းတို့အနက် ကလေးငယ် တစ်သန်းခန့်မှာမူ အသက်အန္တရာယ်ရှိနိုင်လောက်သည့် ပြင်းထန်သော အာဟာရချို့တဲ့မှုကို ရင်ဆိုင်နေရကြောင်း ဖလီမင်းက ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

နိုင်ငံအတွင်း အကျပ်အတည်းများ ဆက်လက်ရှိနေခြင်းကြောင့် ၂၀၂၆ ခုနှစ်တွင် ကလေးငယ် ၁၁ ဒသမ ၆ သန်းအပါအဝင် လူဦးရေ ၁၂ ဒသမ ၉ သန်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်လိမ့်မည်ဖြစ်ကြောင်း ကမ္ဘာ့ကလေးသူငယ်များရန်ပုံငွေအဖွဲ့က ယခင်က ခန့်မှန်းထားခဲ့သည်။

ယင်းအခြေအနေကို တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် ကမ္ဘာ့ကလေးသူငယ်များရန်ပုံငွေအဖွဲ့က ကလေးငယ် ၆ ဒသမ ၅ သန်းအပါအဝင် လူဦးရေ ၁၂ သန်းအား အသက်ကယ်အကူအညီများနှင့် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၉၄၉ ဒသမ ၁ သန်းရရှိရေး အရေးပေါ်တောင်းဆိုမှုတစ်ရပ်ကို စတင်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – အောင်ကျော်ကျော်

တရုတ်နိုင်ငံ၌ ဥာဏ်ရည်တုနည်းပညာအသုံးပြု၍ ဥပဒေအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

ပေကျင်း ဩဂုတ် ၃၀

တရုတ်နိုင်ငံတွင် လာမည့်ငါးနှစ်အတွင်း ဥာဏ်ရည်တုနည်းပညာနှင့် အချက်အလက်များအသုံးပြု၍ နိုင်ငံသားများအား ဥပဒေအသိပညာပေးလုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် ဆောင်ရွက်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တရုတ်နိုင်ငံတွင် ၂၀၂၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ဆောင်ရွက်မည့်ငါးနှစ်ကြာ ဥပဒေအသိပညာပေးရေးအစီအစဉ်တွင် နိုင်ငံသားများအတွက် တစ်သက်တာ ဥပဒေအသိပညာပေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံသားများ၏ နေ့စဉ်လုပ်ငန်းခွင်၊ လူနေမှုဘဝများနှင့် ဥပဒေအသိပညာပေးလုပ်ငန်းများ နီးစပ်မှုရှိစေရေးဆောင်ရွက်မည် ဖြစ်သည်။

တရားရေးဝန်ကြီးဌာနသည် အစိုးရအေဂျင်စီများ၊ တရားစီရင်ရေးအဖွဲ့အစည်းများနှင့် အင်တာနက်ကုမ္ပဏီများမှ ကြီးမားသော ဒေတာအရင်းအမြစ်များကို အသုံးပြု၍ လူတန်းစားပေါင်းစုံ၏ ဥပဒေရေးရာလိုအပ်ချက်များအား သိရှိနိုင်ရေးဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာန ဥပဒေရေးရာပြန်ကြားရေးနှင့် အုပ်ချုပ်မှုဗျူရို ညွှန်ကြားရေးမှူး ဇူယန်ကီက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ

မွန်ပြည်နယ် ဥပဒေရေးရာဝန်ကြီးဌာန၏ (၅)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

မော်လမြိုင် ဩဂုတ် ၃၀

ပြည်ထောင်စု ရှေ့နေချုပ်ရုံးကို ၂၀၂၁ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ဥပဒေရေးရာဝန်ကြီးဌာနအဖြစ် ပြောင်းလဲ ဖွဲ့စည်းခဲ့ကြောင်း ဥပဒေအရာရှိများသည် ဥပဒေပညာကို ကျွမ်းကျင်ရုံတင်မက ရိုးသားခြင်း၊ ရဲရင့်ခြင်း၊ တရားမျှတမှုကို လေးစားခြင်းစသည့် "ဥပဒေစိတ်ဓာတ်" ရှိရန် လိုအပ်ကြောင်း၊ တရားဥပဒေ စိုးမိုးရေး၏ ဦးတည်ချက်တွင် နိုင်ငံသားတိုင်း ဥပဒေ၏ အကာအကွယ်အောက်တွင် လုံခြုံစွာနေထိုင်နိုင်ရေးဖြစ်ကြောင်း၊ ပြည်သူများ ဥပဒေကို နားလည် လေးစားလာစေရန် ဥပဒေအသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန်၊ အကတိကင်းရှင်းစွာဖြင့် လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်ကြရန် ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ငွေမိုးဟိုတယ်၌ ကျင်းပသည့် ဥပဒေရေးရာ ဝန်ကြီးဌာန၏ (၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက တိုက်တွန်းပြောကြားသည်။



ဆက်လက်၍ မွန်ပြည်နယ် ဥပဒေချုပ် ဒေါ်မိသန္တာမြင့်က နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဥပဒေရေးရာ ဝန်ကြီးဌာနမှ ပေးပို့လာသော Video Clip ကို ဖွင့်လှစ်ပြသကာ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အမှတ်တရ လက်ဆောင်ပစ္စည်းများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ် ဝန်ကြီးတို့ကို ပေးအပ်ကြသည်။

ထို့ပြင် ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ် ဥပဒေအရာရှိတို့က သွေးလှူဒါန်းပေးကြသူများနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်၍ ကံစမ်းမဲများ ဖွင့်ဖောက်ပေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

မဂ်လာတောင်ညွန့်မြို့နယ်၌ ရှေ့သို့ရောင်းဝယ်ရေးအသင်း စည်းဝေး



ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်တိုင်းဒေသကြီး မဂ်လာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက် ရှေ့သို့ရောင်းဝယ်ရေးအသင်း၏ ၂၀၂၅ - ၂၀၂၆ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင် ပြန်လည်ရွေးချယ်ပွဲကို ယနေ့တွင် ရပ်ကွက်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေ့သို့ရောင်းဝယ်ရေးအသင်းဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှုဆောင်အစီရင်ခံစာနှင့် အသင်းသားစာရင်းစစ်အစီရင်ခံစာများကို အမှုဆောင်တစ်ဦးက ဖတ်ကြားပြီး အတည်ပြုသည်။

ယင်းနောက် အမှုဆောင် ငါးဦး၊ အသင်းသားစာရင်းစစ် နှစ်ဦးအား ရွေးချယ်အတည်ပြု၍ ကတိသစ္စာပြုခြင်း ဆောင်ရွက်ခဲ့ကာ တက်ရောက်သူ အသင်းသားများအား အစုငေါ်အဖြတ်ငွေများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

ကျော်စိုးမိုး(မဂ်လာတောင်ညွန့်)

၂၀၂၆ ခုနှစ် စက်တင်ဘာလ လပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၃၀

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအား နည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင် မုတ်သုံလေသည် ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၄ ရက်မှ ၁၉ ရက်အတွင်း မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများမှ လည်းကောင်း၊ စက်တင်ဘာ ၂၀ ရက်မှ ၂၅ ရက်အတွင်း မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများမှလည်း ကောင်း၊ စက်တင်ဘာ ၂၆ ရက်မှအောက်တိုဘာ ၁ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှ လည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့် ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှု အခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် ရွာသွန်းမြဲနှင့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၁ ရက်မှ ၂၅ ရက်ခန့်၊ နေပြည်တော်၊ မန္တလေး တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၁၆ ရက်မှ ၂၀ ရက်ခန့်နှင့် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် ၁၁ ရက်မှ ၁၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မြစ်ရေအခြေအနေ

၂၀၂၆ ခုနှစ် စက်တင်ဘာလအတွင်း ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟသ်ာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့နှင့် ဖောင်ပြင်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒဂုံဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့်၊ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

မိုး/ဇလ



ကျန်းမာကြံ့ခိုင်သန်စွမ်းဖို့ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းလုပ်ကြစို့ ...

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံသားအားလုံး၏ ကျန်းမာကြံ့ခိုင်မှုအပေါ်မူတည်သည်ဖြစ်၍ နိုင်ငံသားအားလုံး၏ ကျန်းမာရေးအသိပညာ မြင့်မားရေးသည် အလွန်အရေးကြီးပေသည်။ ကျန်းမာရေးအသိပညာမြင့်တင်ရေးလုပ်ငန်းများအနက် အားကစားဆိုင်ရာ ကျန်းမာရေးအသိပညာမြင့်မားပြီး လက်တွေ့လိုက်နာကျင့်သုံးလာစေရေးသည်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါသည်။

အောင်မင်း(ကျန်းမာရေးပညာ)

ကိုယ်လက်လှုပ်ရှား နည်းပါးခြင်းကြောင့် မကူးစက်နိုင်သော နာတာရှည်ရောဂါများ ဖြစ်ပွားမှု တစ်နေ့တခြား ပိုမိုများပြားနေပါသည်။ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ခြင်းနှင့်အတူ လုပ်ငန်းခွင်နှင့် အိမ်မှုကိစ္စများတွင် လှုပ်ရှားမှု နည်းပါးခြင်း၊ သီးသန့်ကိုယ်လက်လှုပ်ရှားမှုများ မလုပ်ဆောင်ခြင်းတို့ကြောင့် မကူးစက်နိုင်သော နာတာရှည်ရောဂါများဖြစ်ပွားမှုသည် တစ်နေ့တခြား များပြားလာနေပါသည်။

မကူးစက်နိုင်သောရောဂါများသည် စနစ်တကျ ကုသထိန်းချုပ်နိုင်ခြင်းမရှိပါက ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် မသန်စွမ်းဖြစ်ခြင်းနှင့် ရောဂါခံစားရသူတစ်ဦးတစ်ယောက်ချင်း ကိုသာမက ရောဂါ၏နောက်ဆက်တွဲဝေဒနာများ ကြောင့် အလုပ်လုပ်နိုင်စွမ်း ကျဆင်းလာခြင်း၊ ဆေးကုသမှုကုန်ကျစရိတ်များကြောင့် ၎င်းတို့၏ မိသားစုအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုကို ဝန်ထုပ်ဝန်ပိုးဖြစ်စေခြင်း၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကိုပါ အဟန့်အတားဖြစ်ပေါ်စေခြင်းတို့ကြောင့် ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်ခြင်း၊ ဖြစ်ပွားလာပါက စောစီးစွာသိရှိကုသခြင်းသည် အထူး အရေးကြီးလှပါသည်။

ထို့ကြောင့် **"ကိုယ်လက်လှုပ်ရှားအားကစား သည် ဆေးဖြစ်သည်"** ဆိုသည့်စကားအတိုင်း မိမိ အသက်အရွယ်၊ ကျား/မ အလုပ်အကိုင်၊ သဘာဝအရ မိမိနှင့် သင့်တော်သည့် ကိုယ်လက်လှုပ်ရှားလေ့ကျင့် ခန်းများကို လူတိုင်းမှ စနစ်တကျ လုပ်ဆောင်နိုင်ရန် အရေးတကြီး လိုအပ်နေပြီ ဖြစ်ပါသည်။

ခန္ဓာကိုယ်လှုပ်ရှားမှုဟူသည် စွမ်းအင်-အင်အားကိုသုံးကာ ခန္ဓာကိုယ်အစိတ်အပိုင်းများ လှုပ်ရှားမှုဖြစ်သည်။ နေ့စဉ်လုပ်နေကျလှုပ်ရှားမှု (ထိုင်၊ ထ၊ လမ်းလျှောက် - စသည်)၊ အသက်မွေး ဝမ်းကျောင်းအလိုက် လုပ်ကိုင်ရသော လှုပ်ရှားမှု၊ အားလပ်နားနေချိန်ပြုလုပ်သော လှုပ်ရှားမှုတို့ ပါဝင်ကြသည်။ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း ဟူသည်မှာမူ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ရန် အတွက်ရည်ညွှန်း၍ပြုလုပ်ရမည့် အမျိုးအစား၊ ပြင်းထန်မှုကြာမြင့်ချိန်နှင့် အကြိမ်တို့ကို စနစ်တကျ စီစဉ်ရေးဆွဲထားပြီး အစီအစဉ်အတိုင်း ဆောင်ရွက်ရ မည့် လှုပ်ရှားမှုမျိုးဖြစ်သည်။

ခန္ဓာကိုယ်လှုပ်ရှားမှုနည်းပါးခြင်း၏ ဆိုးကျိုးများ

ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းကြောင့် မကူးစက်နိုင်သော နာတာရှည်ရောဂါများဖြစ်သည့် အဝလွန်ရောဂါ၊ ဆီးချိုသွေးချိရောဂါ၊ သွေးတိုး ရောဂါ၊ နှလုံးသွေးကြောရောဂါနှင့် ကင်ဆာရောဂါ အမျိုးမျိုးကို ဖြစ်ပေါ်စေနိုင်သည်။ မကူးစက်နိုင်သော ရောဂါများသည် ပြည်သူတို့၏ကျန်းမာရေးကို အချိန် ကြာမြင့်စွာ ထိခိုက်စေနိုင်သော ရောဂါများဖြစ်ပြီး အလွန်လျင်မြန်စွာ ကြီးထွားလာသည့်ပြဿနာ တစ်ခုဖြစ်ပါသည်။ ခေတ်မီတိုးတက်သော စက်မှု သိပ္ပံပညာများထွန်းကားလာခြင်း၊ လူနေမှုအဆင့် အတန်း မြင့်မားတိုးတက်လာခြင်းနှင့်အတူ လုပ်ငန်း ခွင်နှင့် အိမ်မှုကိစ္စများတွင် ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းတို့ကြောင့် မကူးစက်နိုင်သော နာတာ ရှည်ရောဂါများ ဖြစ်ပွားသေဆုံးမှုသည် မြင့်တက် လာနေပါသည်။

ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် ရရှိနိုင်သောအကျိုးကျေးဇူးများ

ပုံမှန်ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ် ခြင်းဖြင့် နှလုံးနှင့် သွေးကြောရောဂါများ၊ သွေးတိုး ရောဂါ၊ အဝလွန်ရောဂါ၊ သွေးချိဆီးချိရောဂါ၊ ခါးနာ ရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ သွေးတွင်းအဆီ ဓာတ်များခြင်း၊ ကင်ဆာရောဂါများ၊ သွေးကြောတွင်း သွေးခဲပိတ်ရောဂါ၊ စိတ်ကျရောဂါ၊ စိတ်ပူပင်သောက ရောဂါ၊ မှတ်ဉာဏ်ချို့ယွင်းမှုရောဂါနှင့် သူငယ်ပြန် ရောဂါများဖြစ်ပွားမှုတို့ကို ကာကွယ်နိုင်ခြင်း၊ ရောဂါ ဖြစ်ပွားနှုန်းနည်းစေခြင်းနှင့် ရောဂါရှိသော်လည်း ကျန်းမာစွာနေနိုင်ခြင်း အကျိုးကျေးဇူးများကို ရရှိ နိုင်ပါသည်။

ထို့အပြင် အိုမင်းသည်အထိ သုတစ်ပါးအကူအညီ မလိုဘဲ ကိုယ့်အားကိုယ်ကိုး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်သည့် ပျော်ရွှင်ကျန်းမာသော ဘဝရရှိနိုင်ပါသည်။

ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုလုပ်ခြင်း ကို ငယ်စဉ်ကလေးဘဝကစ၍ ပြုစုပျိုးထောင်လာရပါမည်။ လူတစ်ဦးခွဲရှိသင့်သောကိုယ်အလေးချိန်ကို ထိန်းသိမ်းရန်နှင့် ကိုယ်အလေးချိန်များလျှင်



❝ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုလုပ်ခြင်းကို ငယ်စဉ်ကလေးဘဝကစ၍ ပြုစုပျိုးထောင်လာရပါမည်။ လူတစ်ဦးခွဲရှိသင့်သောကိုယ်အလေးချိန်ကို ထိန်းသိမ်းရန်နှင့် ကိုယ်အလေးချိန်များလျှင် လျှော့ချရန်ကြိုးစားရမည်။ ရောဂါရှိသော်လည်း (သို့မဟုတ်) အသက်အရွယ်ကြီးလာသော်လည်း သင့်လျော်သောကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ ပြုလုပ်နိုင် ❞

လျှော့ချရန်ကြိုးစားရမည်။ ရောဂါရှိသော်လည်း (သို့မဟုတ်) အသက်အရွယ်ကြီးလာသော်လည်း သင့်လျော်သော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း များ ပြုလုပ်နိုင်ပါသည်။

ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း ဆောင်ရွက် ရာတွင် လေ့ကျင့်ခန်းအမျိုးအစား၊ ပြင်းထန်မှု၊ အချိန် ကြာမြင့်မှုနှင့် အကြိမ်တို့အပေါ်မူတည်၍ အကျိုး ကျေးဇူးရရှိမှုကွာခြားပါသည်။ လူတစ်ဦးလျှင် တစ်နေ့ အနည်းဆုံးမိနစ် ၃၀၊ တစ်ပတ်လျှင်အနည်းဆုံး ငါးရက် စုစုပေါင်း မိနစ် ၁၅၀ ခန့် ကိုယ်လက် လှုပ်ရှားမှုလုပ်ရန် လိုအပ်ပါသည်။

ကျန်းမာရေးအတွက် အကျိုးရှိစေမည့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းလေး မျိုးရှိပါသည်။

၁။ သက်လုံကောင်းမှုနှင့် သက်ဆိုင်သောလေ့ကျင့် ခန်း

ဤလေ့ကျင့်ခန်းသည် ကိုယ်ခန္ဓာရှိ ကြွက်သား အများစုပါဝင်ပြီး အချိန်ကြာကြာ ဆောင်ရွက်ရသော လေ့ကျင့်ခန်းဖြစ်ပါသည်။ သက်လုံကောင်းလာခြင်း ဖြင့် မိမိလုပ်လိုသော အလုပ်များကို ပိုမိုလုပ်ကိုင်နိုင် မည် ဖြစ်ပါသည်။ ထို့အပြင် နာတာရှည်ရောဂါများကို လည်း မဖြစ်ပွားအောင် ကာကွယ်နိုင်ပါသည်။

လမ်းလျှောက်ခြင်း၊ ရွှေ့ပြေးခြင်း၊ တာဝေးပြေး ခြင်း၊ စက်ဘီးစီးခြင်း၊ ရေကူးခြင်း၊ လေ့လော့်ခြင်း၊ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘောကစား ခြင်း၊ ကြက်တောင်ရိုက်ခြင်း၊ တင်းနစ်ရိုက်ခြင်း၊ အခိုအခိုကင်းစွာ လှုပ်ရှားသွားလာပြုလုပ်နိုင်ပါ မည်။ ခန္ဓာကိုယ်အဆီမတိုးအောင် ထိန်းသိမ်းနိုင် သဖြင့် အဝလွန်ရောဂါ၊ ဆီးချိရောဂါတို့အတွက် ကာကွယ်တားဆီးကုသရန် အထောက်အကူပြုပါ သည်။

- အလေးမ (အလေးတုံး/အလေးမစက်များ အသုံးပြုခြင်း)။
- စပရိန်များ/မျှော့ကြိုးများ အသုံးပြုသော လေ့ကျင့်ခန်းများ၊
- မိမိကိုယ်ခန္ဓာအလေးချိန်ကို အသုံးပြုသော လေ့ကျင့်ခန်းများ - ဒိုက်ထိုးခြင်း၊ ဘားတန်း ခိုခြင်း၊ ထိုင်ထပြုလုပ်ခြင်းတို့သည် ကြွက်သားအင်အားကို သန်မာမှုနှင့် သက်ဆိုင်သော လေ့ကျင့်ခန်းအမျိုးအစား ဖြစ်ပါသည်။

၃။ ခန္ဓာကိုယ်ဟန်ချက်ထိန်းသိမ်းမှုနှင့် သက်ဆိုင် သော လေ့ကျင့်ခန်း

ခန္ဓာကိုယ်ဟန်ချက် ထိန်းသိမ်းပေးနိုင်သော လေ့ကျင့်ခန်းဖြစ်ပါသည်။ ခန္ဓာကိုယ်ဟန်ချက်ပျက် ၍ လဲကျခြင်းစသော မတော်တဆထိခိုက်ဒဏ်ရာရ ခြင်းများကို ကာကွယ်ပေးပါသည်။

- ခြေတစ်ချောင်းထောက်ရပ်ခြင်း ၊
- ထိုင်နေရာမှ လက်ကိုင်အားပြုမသုံးဘဲ မတ်တတ်ရပ်ခြင်း ၊
- ဘယ်ညာတစ်လှည့်စီ ဖနောင့်နှင့် ခြေဖျား ထိပ်ထိကပ်၍ လမ်းလျှောက်ခြင်း၊ ထိုက်ကျိ ကစားခြင်း၊
- ခန္ဓာကိုယ်ဟန်ချက်ထိန်း ဘောလုံးပျော့ များ၊ ဘုတ်ပြားများ အသုံးပြုလေ့ကျင့်ခြင်း တို့သည် ခန္ဓာကိုယ်ဟန်ချက်ထိန်းသိမ်းမှု နှင့်ဆိုင်သော လေ့ကျင့်ခန်းအမျိုးအစား ဖြစ်ပါသည်။

၄။ ခန္ဓာကိုယ်ပျော့ပျောင်းမှုနှင့် သက်ဆိုင်သော လေ့ကျင့်ခန်း

ခန္ဓာကိုယ် အရိုးအဆစ်များကို ပျော့ပျောင်းစေ သောလေ့ကျင့်ခန်းဖြစ်ပါသည်။ ခန္ဓာကိုယ်အရိုး အဆစ်များ ပျော့ပျောင်းခြင်းသည် ထိခိုက်ဒဏ်ရာ ရမှု၊ လဲကျမှုတို့ကို ကာကွယ်တားဆီးပေးနိုင်ပါသည်။

- ထိုက်ကျိ၊
- ယောဂ၊
- အကြောအဆစ်များ ဆွဲဆန့်ပေးခြင်းတို့ သည် ခန္ဓာကိုယ်ပျော့ပျောင်းမှုနှင့်ဆိုင်သော လေ့ကျင့်ခန်းအမျိုးအစားဖြစ်ပါသည်။

ထို့ကြောင့် ကျန်းမာကြံ့ခိုင်သန်စွမ်းဖို့ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းကို ယနေ့မှစတင် ပါ။ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း စတင်သည့် နေ့သည် ကျန်းမာရေးအတွက် အကျိုးစတင်ရရှိ သည့်နေ့ ဖြစ်ပါသည်။

- ရုပ်မြင်သံကြား ကြည့်ချိန်၊ ဖုန်းဘွတ် / ကွန်ပျူတာသုံးချိန်များကို လျှော့ခြင်း၊ လမ်းလျှောက်နိုင်သော အကွာအဝေးခရီးကို လမ်းလျှောက်သွားလာခြင်း။ ဓာတ်လှေ ကားသုံးရမည့်အစား လှေကားမှ တဖြည်းဖြည်းတက်ခြင်း၊ အိမ်အမှိုက် လှည်းခြင်း၊ သန့်ရှင်းရေးလုပ်ခြင်း၊ ဖုန်သုတ်ခြင်း၊ သစ်ပင်ပန်းပင်ပြုပြင်ရေ လောင်းခြင်း စသည်တို့ကိုနိုင်သလောက် လုပ်ဆောင်ရပါမည်။
- မနိုင်ဝန်ကို မထမ်းပါနှင့်၊ ကျန်းမာရေး အတွက် အကျိုးရနိုင်သည့် သတ်မှတ် အတိုင်းအတာရောက်ရန် လေ့ကျင့်ခန်း အတိုင်းအတာတိုးမြှင့်လုပ်ဆောင်ရာတွင် နည်းနည်းချင်းတိုးပြီး တစ်ဆင့်ချင်း ဆောင်ရွက်ရပါမည်။
- အပေါင်းအသင်းမိတ်ဆွေများနှင့် စိတ်ပျော် ရွှင်စွာ စုပေါင်းလုပ်ဆောင်ရသည့် လေ့ကျင့် ခန်းမျိုးဖြစ်ပါက ပိုမိုကောင်းမွန်ပါသည်။
- လေ့ကျင့်ခန်းဆောင်ရွက်စဉ် ရာသီဥတုနှင့် လိုက်ဖက်သော အဝတ်အစားကို ရွေးချယ် ဝတ်ဆင်သင့်ပါသည်။

ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းသည် ရောဂါ ကာကွယ်ခြင်း၊ ကုသခြင်း၊ ပြန်လည်ထူထောင်ခြင်း နှင့် ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ခြင်း လုပ်ငန်းများအတွက် ဆေးဝါးမပါဘဲ အကုန်အကျ သက်သာစွာဖြင့် မိမိကိုယ်တိုင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းဖြစ်သောကြောင့် ယခုမှစ၍ စတင် လုပ်ဆောင်ကြဖို့ တိုက်တွန်းရေးသားလိုက်ရပါ သည်။ ။

ရည်ညွှန်း-

(၁) လူတိုင်းအိမ်တိုင်းဆောင်ထား ကျန်းမာရေး အသိပညာများ(၂၀၂၄)

(၂) Tint Swe Latt, Ko Ko Zaw, Ko Ko, Mya Ohnmar, Moh Moh Hlaing, Ei Sandar Oo and Kyaw Myint Myat Thein. (2014) Report on National Survey of Diabetes Mellitus and Risk Factors for Non-Communicable Diseases in Myanmar. Available from URL: https://www.who.int/ needs/ surveillance/steps/ Myanmar_2014.

မိုးရာသီ ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

မြစ်ကြီးနား သြဂုတ် ၃၀

ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ကြက်တောင် အားကစားဆပ်ကော်မတီတို့ ပူးပေါင်း၍ မျိုးဆက်သစ် ကြက်တောင် အားကစားသမားများမွေးထုတ်ပေးနိုင်ရန်၊ လက်ရွေးစင်ကြက်တောင် ကစားသမားများ ရွေးချယ်လေ့ကျင့်ပေးနိုင်ရန် ရည်ရွယ်သည့် မိုးရာသီ ကြက်တောင်ရိုက် ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက မြစ်ကြီးနားမြို့ ငြိမ်းချမ်းသာယာ အားကစားကွင်းအတွင်း၌ ကြက်တောင်အားကစားရုံ၌ ကျင်းပသည်။



ဆုချီးမြှင့်ပွဲမတိုင်မီ အသက် ၂၁ နှစ်အောက် အမျိုးသားတစ်ဦးချင်း ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နှန်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ တက်ရောက်ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ကျင်းပရာ ပြည်နယ်ဝန်ကြီးများက Junior လူသစ်တန်းပြိုင်ပွဲ၊ အသက်၁၅ နှစ်အောက် တစ်ဦးချင်း ကျား/ မပြိုင်ပွဲနှင့် အလွတ်တန်း (၂)ယောက်တွဲ ကျား/မ ပြိုင်ပွဲ၊ Senior Friendship Open ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရ အသင်းများကို လည်းကောင်း၊ မြစ်ကြီးနား လေတပ်စခန်း ဌာနချုပ်မှူးက အသက် ၂၁ နှစ်အောက် တစ်ဦးချင်း အမျိုးသမီးပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်က အသက် ၂၁ နှစ်အောက် အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း၊ ကြက်တောင် ဆပ်ကော်မတီအတွက် ချီးမြှင့်ငွေကျပ် ၂၅ သိန်းနှင့် ပါဝင်ကူညီပေးခဲ့သူများအား ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ပေးအပ်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် ငြိမ်းချမ်းသာယာရေကူးကန်၌ ရေကူးနည်းပြများ၊ ဝန်ထမ်းများနှင့် သွားရောက်တွေ့ဆုံပြီး ရေကူးကန် စနစ်တကျထိန်းသိမ်းထားရှိရေး၊ ရေကူးအားကစားနည်းအတွက် မျိုးဆက်သစ် လူငယ်အားကစား သမားများ ရွေးချယ်လေ့ကျင့် ထားရှိရေး မှာကြားသည်။

ထို့ပြင် ဖူဆယ်အားကစားရုံ၌ တိုင်းဒေသကြီးနှင့် ပြည်နယ် ဖူဆယ်ဘောလုံး ပြိုင်ပွဲအတွက် လူရွေးချယ်၍ စခန်းသွင်းလေ့ကျင့် ဆောင်ရွက်နေမှု၊ ငြိမ်းချမ်းသာယာ ဘက်စုံအားကစားရုံ အတွင်းရှိ ကိုယ်ကာယလေ့ကျင့်ခန်း (Gym) အားကစားရုံနှင့် ဒုတိယထပ်ရှိ ဘိလိယက်နှင့် စန္ဒကာအားကစား ရုံ၌ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စန္ဒကာပြိုင်ပွဲ အတွက် မျိုးဆက်သစ်လူငယ် များအား သင်တန်းဖွင့်လှစ်၍ လေ့ကျင့် သင်ကြားနေမှုတို့ကို ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

တနင်္သာရီမြစ်ရေ စိုးရိမ်ရေမှတ်ထက်ကျော်လွန် ပြည်ထောင်စုကားလမ်းမကြီး ရေကျော်

တနင်္သာရီ သြဂုတ် ၃၀

တနင်္သာရီမြို့၏ မြစ်ရေသည် စိုးရိမ်ရေမှတ်ထက်ကျော်လွန်သွားပြီး ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရကာ ပြည်ထောင်စုကားလမ်းမကြီးလည်း ရေကျော်နေပြီဖြစ်သည်။

တနင်္သာရီမြစ်ရေတက်လာမှုကြောင့် မြို့ပေါ်နှင့် ကျေးရွာများတွင် ကယ်ဆယ်ရေးစခန်း ၎င်းခု ဖွင့်လှစ်ထားပြီး လူပေါင်း ၇၀၀ ခန့်ကို ပြောင်းရွှေ့နေရာချထားပေးရကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ဒီထက်များရင်လည်းများလာဦးမယ်၊ စာရင်းကောက်နေတာတွေ့၊ နေရာရွှေ့ပြောင်းပေးထားရတာတွေရှိနေသေးတယ်။ စာရင်းမငြိမ်သေးဘူး။ ပြည်ထောင်စုကားလမ်းမကြီးကို မြစ်ရေသုံးပေကျော်အထိ ရောက်လာပြီ ကားငယ်တွေသွားလို့မရတော့ဘူး"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြစ်ရေကြီးမှုကြောင့် ရေနစ်မြုပ်သွားသည့်နေအိမ်များမှ ပြည်သူများကို ကြက်ခြေနီအသင်းနှင့်တာဝန်ရှိသူများက ကယ်ဆယ်ရေးစခန်းများနှင့် နီးစပ်ရာအမြင့်ပိုင်းနေရာများသို့ ပြောင်းရွှေ့နေရာချထားပေးလျက်ရှိကြောင်း သိရသည်။ မြင့်ဦး(မြိတ်)



သီပေါမြို့နယ်၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

သီပေါ သြဂုတ် ၃၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့ ဌာနစိတ်(သီပေါ)ဒုရဲအုပ် ကျော်ဇင်မိုးနှင့် ပူးပေါင်းအဖွဲ့တို့သည် တောင်မြို့ရပ်ကွက် မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီးတွင် စီးနင်းသွားလာလျက်ရှိသော ဆိုင်ကယ်စီးနင်းသူများအား အသိပညာပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့ ဌာနစိတ်(သီပေါ)မှ ဒုရဲအုပ် ကျော်ဇင်မိုးက ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မော်တော်ဆိုင်ကယ်စီးနင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေးအသိပညာပေး ရှင်းလင်းပြောကြားပြီး ရောင်ပြန်စတေကာများကပ်ပေးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်အလုံး ၇၀ နှင့် အသိပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



သံလွင်မြစ်ရေနှင့် စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် သြဂုတ် ၃၀

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁ ပေ ၁၀ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၃ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂ ပေ ၉ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၂ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းရန်နိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁-၈-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီရောင်းနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ဝိုင်္ဂ	မကွေး	ထားဝယ်	ဒဂုံ	ပုသိမ်	မြစ်ကြီးနား	စစ်ကိုင်း	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	ပျဉ်းတော်	ဟားခါး
92 Ron	၃၅၁၀	၃၈၆၅	၃၈၀၅	၃၇၂၅	၃၈၆၅	၃၈၈၀	၃၉၁၅	၃၈၉၅	၄၁၆၀	၄၂၆၀	၃၈၀၅	၃၉၂၀	၃၉၀၅	၃၈၆၅	၃၈၀၅	၄၁၀၅
95 Ron	၃၈၀၅	၃၉၂၀	၃၉၂၀	၃၈၈၀	၃၉၂၀	၃၈၆၅	၃၉၀၀	၃၉၀၀	၄၂၂၀	၄၂၆၀	၃၉၀၀	၃၉၀၀	၃၉၂၀	၃၉၂၀	၃၉၆၀	၄၂၁၀
HSD (500 ppm)	၄၂၅၀	၄၂၈၅	၄၂၆၀	၄၂၂၅	၄၂၆၀	၄၃၀၅	၄၂၆၅	၄၂၆၀	-	၄၃၆၀	၄၂၆၀	၄၂၆၀	၄၂၂၅	၄၂၆၅	၄၂၆၅	၄၃၆၅
HSD (50 ppm)	၅၁၆၀	၅၂၂၅	၅၂၀၅	၅၁၆၅	၅၂၂၅	၅၂၀၀	၅၂၀၅	၅၂၂၅	၅၂၆၀	၅၃၂၀	၅၂၀၅	၅၂၀၅	၅၂၀၅	၅၂၂၅	၅၂၀၅	၅၂၀၅
HSD (10 ppm)	၅၁၆၀	၅၂၂၅	၅၂၀၅	၅၁၆၅	၅၂၂၅	၅၂၀၀	၅၂၀၅	၅၂၂၅	၅၂၆၀	၅၃၂၀	၅၂၀၅	၅၂၀၅	၅၂၀၅	၅၂၂၅	၅၂၀၅	၅၂၀၅

ကျပ်/လီတာ

Fuel (လက်ကားရောင်းနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၅၅၁၀	၃၈၆၁၀
95 Ron	၃၈၆၁၀	၃၉၀၁၀
HSD (500 ppm)	၄၁၀၅၇	၄၁၀၅၇
HSD (50 ppm)	၄၈၅၅	၄၈၀၂၀
HSD (10 ppm)	၄၈၅၅	၄၈၀၂၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများထယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၇၇

၀၆၇- ၄၁၁၂၅၂၊ ၀၉-၆၈၀၅၉၉၉၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ပီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

ဘဝ သေးသေးလေးများ .....

နောင်ရင်း

ဘဝဟူသည် လိုချင်တပ်မက်မှုဆန္ဒများနှင့် လက်တွေ့ရုန်းကန်မှုတို့အကြား တဝဲလည်လည် ရှင်သန်နေရသော ခရီးရှည်ကြီးတစ်ခုမဟုတ်ပါလား။ ညက တိတ်ဆိတ်စပြုလာသည်နှင့်တစ်ပြိုင်နက် အတွေးစတို့သည်လည်း ညင်သာစွာ နိုးထလို့လာခဲ့၏။ အလုပ်ခွင်မှ ပြန်ရောက်ခါစ ကျွန်ုပ်သည် တစ်ဦးတည်းနေသော တိုက်ခန်းအတွင်း ဆိုဖာပေါ်သို့ ပစ်ထိုင်ချလိုက်သည်။ မီးရောင်မှိန်ပျပျအောက်တွင် ဖုန်းကိုဖွင့်ကြည့်လိုက်ရာ "အဖေ" ဆိုသည့်နာမည်တစ်ခုက ဖုန်းမျက်နှာပြင်ပေါ်၌ ထင်ရှားစွာပေါ်နေခဲ့သည်။ ကျွန်ုပ် ပြန်ခေါ်ဖြစ်လိုက်သည်။ တစ်ဖက်မှ ထုံးစံအတိုင်း ထွက်လာမည့်အသံများကို ကြိုတင်နားစွင့်ရင်း... "သား... စားပြီးပြီလား"ဟူသော အမေ့အသံ။ ပြီးလျှင်... "အလုပ်တွေ အဆင်ပြေရဲ့လား"ဟူသော အဖေ့၏စကားသံများကို ကြားရသည်။

ဟုတ်ပါသည်။ ထိုစကားသံများသည် ကျွန်ုပ်ဘဝ၏နေ့စဉ်ဖြစ်တည်မှုများကို **အဓိပ္ပာယ်ရှိစေသော အရာများ**ပင်ဖြစ်၏။ ဤဖြစ်ရပ်သည် အခြားသူ တစ်ဦးတစ်ယောက်အနေဖြင့် သာမန်လွဲချော်သွားသော ဖုန်းခေါ်ဆိုမှု တစ်ခုမျှသာဖြစ်ပေလိမ့်မည်။ ကျွန်ုပ်အတွက်မူ အတွေးပေါင်းစုံမှ ဦးနှောက်အတွင်းသို့ တိုးနှိုးစီးဝင်လာခဲ့ပြီး **အတိတ်ဘဝများဆီသို့ ပြန်လည်ခေါ်ဆောင်ခြင်း**ခံလိုက်ရသော အခိုက်အတန့်လေးတစ်ခု ဖြစ်ခဲ့ရလေသည်။

အတ္တဖြင့် စတင်ခဲ့သော ကလေးဘဝဆန္ဒများ

ငယ်စဉ်က ကျောင်းသွားသည့်အခါ မုန့်ဖိုးပေးရန် အဖေစည်းကမ်းထုတ် ကန့်သတ်ခဲ့သော **ငွေကျပ်တစ်ဆယ်၏တန်ဖိုးကို အကြီးအကျယ် သိမ်ငယ်ခဲ့ဖူးသည်။** ဂျုံယိုတစ်ပွဲလောက်နှင့် မည်သို့မျှ သည်းမခံနိုင်ခဲ့ပေ။ ဘိန်းမုန့်ဆို ငါးကျပ်သားမျှပင်ရပါ့မလားဟု တွေးခဲ့မိသည်။ ကျွန်ုပ်၏ **တပ်မက်မှုလားရာများ**သည် အရောင်အသွေးစုံလင်လှသော ကျောင်းမုန့်ဈေးတန်းကြီးမှ မုန့်လက်ကောက်၊ မုန့်ဖက်ထုပ်များဆီသို့ ဦးတည်လျက်ရှိသည်။ သို့သော် ငွေတစ်ဆယ်၏တန်ဖိုးသည် ကျွန်ုပ်၏ ကြီးမားလှစွာသော **ဆန္ဒများကို ရက်ရက်စက်စက်ပင် ဟန့်တားပစ်ခဲ့သည်။**

ညစ်နွမ်းနွမ်း စွပ်ကျယ်အင်္ကျီသာ အမြဲဝတ်လေ့ရှိသည့် အဖေ့၏ ဆန္ဒတွေကိုလည်း မမြင်မိခဲ့ချေ (**"အဖေ ဤအင်္ကျီကို အလွန်ကြိုက်လို့ပါလို့"** ထင်မှတ်ခဲ့မိသည်)။ လက်ကြမ်းကြမ်းများဖြင့် အဖေ ကျီစယ်လျှင်လည်း နာတတ်ခဲ့သည်။ အသားမာဖြစ်နေတတ်သည့် အဖေ့ပခုံးများကိုလည်း ဖြစ်ရိုးဖြစ်စဉ်တစ်ခုထက် ပို၍မတွေးနိုင်ခဲ့ပါ။ အဖေ့အပေါ် လွန်စွာပြုငြင်ခဲ့မိသည်။ တစ်နေ့နေ့တွင် ကျွန်ုပ်မှာသာ ပိုက်ဆံအများကြီးရှိလာပါက ကျောင်းမုန့်ဈေးတန်းကြီး သိမ်းပစ်မည်၊ ဗိုက်ကားအောင် စားပစ်မည်ဟု ကြုံးဝါးခဲ့ဖူးသည်။ **အဖေ့ကိုမကျွေးဘဲနေမည်ဟုပင် တွေးမိခဲ့လေလား မသိပေ။**

ငယ်စဉ်က အသားကောင်းချက်သည့်အခါ **အမေကျွေးသည့် ဟင်းနှစ်တုံးစကေးကို လွန်စွာမုန်းခဲ့ဖူးသည်။** ကျွန်ုပ်၏ဆန္ဒများသည်က ထိုအသားနှစ်တုံးမျှ စကေးဖြင့် လုံးဝမတင်းတိမ်နိုင်ခဲ့ချေ။ ပျစ်ချွဲနေအောင် ချက်ထားတတ်သည့် ချဉ်ပေါင်ဟင်းရည် ပျစ်ချွဲချွဲက အလွန်ပင် ချဉ်လွန်းသည်ဟု တွေးခဲ့မိသည်။ ကျွန်ုပ်၏ ဆန္ဒများသည် အမေသိမ်းထားတတ်သော ပျားရည်ပုလင်း၊ ပုစွန်ခြောက်ထုပ်နှင့် ဘီစကွတ်မုန့်အချို့နောက် လိုက်ခဲ့မိသည်။ **အမေ့ထဘီပါးပါးက ဘာမှ မဟုတ်ခဲ့ပေ။** အမေ့အတွက်မဟုတ်ဘဲ ခေါင်းစဉ်အမျိုးမျိုး ပေးထားတတ်သည့် စုဘူးများကိုလည်း အသားဟင်းတစ်ပွဲလောက် တန်ဖိုးမထားမိခဲ့ချေ။ (ထိုအထဲသာ ထည့်မစုလျှင် အသားဟင်းတွေ အများကြီးစားရမည်ဟု တွေးမိခဲ့သည်)။ **အမေ့ကိုလည်း ပြုငြင်ခဲ့မိပြန်သည်။** ကျွန်ုပ်ကြီးပြင်းလာ၍ ငွေရှာနိုင်သည့်အခါ အသားဟင်းတွေ အများကြီး ချက်ပြုတ်ပြီး အမေ့ရှေ့မှာ စားပြမည်ဟုပင် တေးမှတ်ထားခဲ့ဖူးသည်။

အတ္တကင်းသော စွန့်လွှတ်မှုများ

ဤအရာများသည် ကလေးသဘာဝ မျက်စိရှေ့မှ လိုအင်တွေကိုသာ မြင်တတ်သော၊ ကိုယ့်ဗဟိုပြုဆန္ဒများနောက်ကိုသာ လိုက်တတ်သော၊ အလွန်ထိလွယ်ရှလွယ်သော မကျေနပ်ချက် တုံ့ပြန်မှုများသာဖြစ်၏။ အဖေ့ဘက်တွင်မူ... **ယင်းငွေတစ်ဆယ်ကျပ်သည်** လက်ရှိအခြေအနေအရ ပေးနိုင်သည့် အတိုင်းအတာနှင့် **ကန့်သတ်ချက်တစ်ခု**ဖြစ်နေခဲ့သည်ကို နားမလည်ခဲ့ချေ။ မိမိ၏အတ္တကိုသာ ရှေ့တန်းတင်ခဲ့ပြီး မုန့်ဖိုးငွေကျပ်တစ်ဆယ်မျှသာ ပေးနိုင်ခဲ့ခြင်းကြောင့် ခံစားနေရမည့် **ဖခင်တစ်ယောက်၏ အဆမတန်သော သိမ်ငယ်မှု**များကိုလည်း မမြင်မိခဲ့ပါ။ အဖေ တင်းကျပ်လွန်းသည်ဟုသာ ထင်မြင်ခဲ့မိသည်။ အမှန်စင်စစ်တွင်မူ ထိုတင်းကျပ်မှုများက ဖခင်တစ်ယောက်၏ **မေတ္တာနှင့်ယှဉ်သော စည်းကမ်းတစ်ခု၏ သင်္ကေတသာ**ဖြစ်ခဲ့သည်။

> **လောကဓံတို့ရွှေ့၊ သက္ကရာဇ်တို့ ကြွေလေတော့... အခုဆို ဆယ်ခေတ်က သိန်းခေတ်သို့ ပြောင်းလဲခဲ့ပြီး အိမ်ဆိုသည့်အရာနှင့် ဩ့သည်ဖြစ်ခဲ့ရသည်မှာ နှစ်ပေါင်း ၂၀ ကျော် ကြာမြင့်ခဲ့ပါပြီ။ မပြောင်းလဲနိုင်သေးသည်မှာ ယခုအချိန်တိုင် အဖေက အင်္ကျီနွမ်းနွမ်း ဝတ်ဆင်နေဆဲ၊ အမေကလည်း အမည်မဲ့စုဘူးတစ်လုံးနှင့် အလုပ်ရှုပ်နေဆဲဖြစ်သည်။ မေတ္တာသည် အချိန်နှင့် ငွေကြေးအပေါ်တွင် မူတည်ခြင်းမရှိဘဲ ထာဝရ စွန့်လွှတ်အနစ်နာခံခြင်း သဏ္ဌာန်ဆောင်ကြောင်း ထင်ရှားစေသည်။ မိဘတို့၏ မေတ္တာများက ဤမျှပင် နက်ရှိုင်းပြီး ရိုးသားခဲ့ကြသည်။ အတိတ်က ကျွန်ုပ် ပြုငြင်ခဲ့သောအရာများသည် ယခုအခါတွင်မူ နက်နဲသော လွမ်းဆွတ်မှုများအဖြစ် ပြန်ပေါ်လာ**

ထို့အပြင် ညစ်နွမ်းနွမ်း အင်္ကျီတစ်ထည်၏ နောက်ကွယ်တွင်လည်း မိမိကိုယ်ကိုပင် ဂရုမစိုက်နိုင်သော **ဖခင်တစ်ယောက်၏ချွေတာမှု၊ ပေးဆပ်မှုနှင့် နွေးထွေးမှု**တို့ရှိနေခဲ့ပြန်သည်။ ကျွန်ုပ်ပြုငြင်ခဲ့မိသည့် လက်ကြမ်းကြမ်းကြီးများနှင့် သာမန်မျှသာဟုထင်ခဲ့မိသည့် ပခုံးထက်မှ အသားမာများသည်လည်း **အလုပ်ကြမ်းများ၏ သင်္ကေတ၊ ပင်ပန်းကြီးစွာ ရုန်းကန်နေရသည့် သက်သေများ**သာလျှင်ဖြစ်ခဲ့၏။ ထိုအချိန်က နားမလည်နိုင်ခဲ့သည့်အတွက် နောင်တကြီးစွာ ရမိပြန်သည်။

တစ်ဖန် မိခင်တစ်ယောက်၏ အနှိုင်းမဲ့သော မေတ္တာ... အမေ့၏ ဟင်းနှစ်တုံးစကေးသည် မိသားစုဝင်တိုင်း မျှမျှတတ စားသုံးနိုင်ရန်၊ နေ့ဖို့ညစာချန်ထားနိုင်ရန်၊ သို့မဟုတ်ရှိသည်နှင့် လောက်ငအောင် ချက်ပြုတ်ရသည့် အိမ်ရှင်မတစ်ယောက်၏ စီမံမှုအမြော်အမြင်ဆိုသည်ကိုလည်းမသိခဲ့ပါ။ ဤမျှလောက်အောင် ဖြူစင်သန့်ရှင်းသော ချစ်ခြင်းမေတ္တာများသည် ကျစ်လျစ်တိကျလွန်းသည့် မိခင်တစ်ဦး၏ချွေတာရေး စည်းမျဉ်းများအောက်တွင်သာ တိတ်တဆိတ် ပုန်းလျှိုးကွယ်လျှိုး ဖြစ်နေခဲ့ရသည်။

အဆိုးဆုံးမှာ အမေ့ထဘီနွမ်းပါးပါးနှင့် အမည်မဲ့ စုဘူးတို့၏တန်ဖိုးကို နားမလည်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ ထိုနွမ်းပါးသည့် ထဘီပါးပါး တစ်ထည်သည် **မိခင်တစ်ယောက်၏ ကိုယ်ကျိုးမငဲ့သော၊ တိတ်ဆိတ်သည့် ပေးဆပ်မှုအမှတ်အသားတစ်ခု**ပင်ဖြစ်ခဲ့ပြီး အမည်မဲ့စုဘူးများသည်လည်း မိသားစု အနာဂတ်အတွက်၊ အရေးပေါ် လိုအပ်ချက်များအတွက်၊ သားသမီးများ၏ ပညာရေးနှင့် ကျန်းမာရေးတစ်ခုခုအတွက် ရည်ရွယ်ထားသော မိခင်တစ်ဦး၏ မျှော်လင့်ချက်များ၊ **ချစ်ခြင်းမေတ္တာများ၏ စုဆောင်းမှုပြယုဂ်တစ်ခု**သာ ဖြစ်ခဲ့သည်။ ယခုအချိန်တွင်မူ ထိုအမှတ်တရများအတွက်ပင် **အမေ့ကို အားနာမိပြန်၏။**

နက်နဲသော လွမ်းဆွတ်မှု

ယခုအချိန်မှာတော့ ဆန္ဒနှင့်ဘဝကို ကျွန်ုပ် အတော်လေးနားလည်သဘောပေါက်ခဲ့ပါပြီ။ ငွေကျပ်တစ်ဆယ်အပေါ် ထားရှိသည့် ဖခင်တစ်ယောက်၏ဆန္ဒသည် ကျွန်ုပ်တို့၏ ဘဝများအတွက်ဖြစ်သည်။ အတ္တကင်းစင်ခဲ့သည်။ ထို့အတူပင် ဟင်းနှစ်တုံးစကေးနှင့် အမည်မဲ့ စုဘူးများအပေါ်ထားရှိသည့် မိခင်တစ်ယောက်၏ ဆန္ဒများကလည်း ကျွန်ုပ်တို့ဘဝများအတွက်ဆိုသည်မှာ သေချာနေခဲ့သည်။ ကျွန်ုပ်၏ ဆန္ဒများကမူ မိမိအတွက်သာလျှင် ဦးတည်ခဲ့သည်။ လိုချင်တပ်မက်မှု အပြည့်နှင့် အတ္တများ ထုံမွမ်းကြီးစိုးနေခဲ့သည်။

ထိုစဉ်က ရယူလိုမှု အသေးအဖွဲလေး တစ်ခုချင်းစီတိုင်းသည် ကျွန်ုပ်အတွက် ဘဝတစ်ခုဖြစ်ခဲ့သည်။ တစ်ကိုယ်ကောင်းဆန်ခဲ့သည်။ အစွဲအလမ်းကြီးစွာဖြင့် အတ္တကြီးခဲ့သည်။ ယခုအချိန်တွင်မူ ယခင်က လုံးဝသည်းမခံနိုင်ခဲ့သော၊ စိတ်တိုဒေါသထွက်ခဲ့ရသော ထိုဘဝသေးသေးလေးများထဲတွင်ပင်လျှင် **မိဘနှစ်ပါး၏ စစ်မှန်သောစေတနာနှင့် ချစ်ခြင်းမေတ္တာတို့၏ တိတ်ဆိတ်သော အတ္တပြုတ္တိ**တို့ရှိနေခဲ့သည်ကို နားလည်ခဲ့ပြီမဟုတ်ပါလား။

လောကဓံတို့ရွှေ့၊ သက္ကရာဇ်တို့ ကြွေလေတော့... အခုဆို ဆယ်ခေတ်က သိန်းခေတ်သို့ ပြောင်းလဲခဲ့ပြီး အိမ်ဆိုသည့်အရာနှင့် ဩ့သည်ဖြစ်ခဲ့ရသည်မှာ နှစ်ပေါင်း ၂၀ ကျော်ကြာမြင့်ခဲ့ပါပြီ။ မပြောင်းလဲနိုင်သေးသည်မှာ ယခုအချိန်တိုင် အဖေက အင်္ကျီနွမ်းနွမ်း ဝတ်ဆင်နေဆဲ၊ အမေကလည်း အမည်မဲ့ စုဘူးတစ်လုံးနှင့် အလုပ်ရှုပ်နေဆဲဖြစ်သည်။ မေတ္တာသည် အချိန်နှင့်ငွေကြေးအပေါ်တွင် မူတည်ခြင်းမရှိဘဲ ထာဝရစွန့်လွှတ်အနစ်နာခံခြင်းသဏ္ဌာန်ဆောင်ကြောင်း ထင်ရှားစေသည်။ မိဘတို့၏ မေတ္တာများက ဤမျှပင် နက်ရှိုင်းပြီး ရိုးသားခဲ့ကြသည်။ အတိတ်က ကျွန်ုပ်ပြုငြင်ခဲ့သောအရာများသည် ယခုအခါတွင်မူ နက်နဲသောလွမ်းဆွတ်မှုများအဖြစ် ပြန်ပေါ်လာခဲ့သည်။

"ဘဝဆိုသည်က ငွေကြေးမည်လား၊ ရာထူးဂုဏ်ရှိန်သည်လား၊ စားကောင်းသောက်ဖွယ်များလား..." ကျွန်ုပ်မှာဖြင့် ယခုအချိန်အထိ ဆန္ဒနှင့်ဘဝကို ရှာဖွေနေရဆဲပင်ဖြစ်ပါသည်။ ဖုန်းဆက်ဖြစ်သည့်အခါ အမေ့၏ ချဉ်ပေါင်ဟင်းရည် ပျစ်တွဲတွဲကို ပူဆာမိသည်။ ယခုခေတ် သရေစာများသည်လည်း ဆယ်ခေတ်က ဂျုံယိုတစ်ပွဲလောက် မချိုမြိန်တော့ကြောင်း အဖေ့ကို ပြောဖြစ်သည်။ မျှော်လင့်ချက်အပြည့်နှင့် ထမင်းလက်ဆုံစားရရန် ခက်ခဲနေသည့် မိသားစုထမင်းဝိုင်းအကြောင်း အဖေနှင့်အမေ့ထံမှ ကြားရပြန်တော့ ဘဝဆိုတာကြီးက စကားတစ်လုံး၊ စာတစ်စုထက် ပိုပါလားဆိုသည်ကို သိခဲ့ရသည်။

ချစ်ခြင်းမေတ္တာ၏ နက်နဲသောအဓိပ္ပာယ်သည် မိဘများ၏ ဘဝသေးသေးလေးများမှ မွေးဖွားလာသော သားသမီးများ၏ ဘဝများအတွက် မိမိတို့၏ဆန္ဒကို ရိုးသားစွာ စွန့်လွှတ်ခဲ့ကြခြင်းပင်ဖြစ်သည်။ ထိုမေတ္တာများသည် အင်္ကျီနွမ်းနွမ်း၊ ထဘီပါးပါး၊ လက်ကြမ်းကြမ်းကြီးများနှင့် အမည်မဲ့စုဘူးတို့ထဲ၌ ထာဝရကိန်းအောင်းလျက်ရှိပြီး ကျွန်ုပ်ဘဝ၏ တန်ဖိုးမဖြတ်နိုင်သောကြီးမားသည့် အမှတ်တရများအဖြစ် ထာဝရတည်ရှိနေပါတော့သည်။ ။

တာချီလိတ်ဒေသ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေး



တာချီလိတ် ဩဂုတ် ၃၀

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဟိုတယ်၊ တည်းခိုရိပ်သာ၊ ခရီးသွားလုပ်ငန်းများနှင့် ဩ့လမ်းညွှန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို သိရှိနိုင်ရန်အတွက် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ဝမ်ကောင်းရပ်ကွက်ရှိ ဟိုတယ် တာချီလိတ် အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဆွေးနွေး

ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဟိုတယ်၊ တည်းခိုရိပ်သာနှင့် ခရီးသွားလုပ်ငန်းရှင်များက တာချီလိတ်ဒေသအတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားဩ့သည်များ ပိုမိုဝင်ရောက်လာစေရေး၊ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေးမြှင့်တင်ရေး၊ ဒေသ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လုပ်ငန်းရှင်များကြုံတွေ့နေရသည့် အခက်အခဲများ၊ လိုအပ်ချက်များနှင့် လုပ်ငန်းဆိုင်ရာ အကြံပြုချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ကျော်ဇေယျာလင်း(ပြန်/ဆက်)

■

အဂတိလိုက်စားမှုပပျောက်ဖို့ ပြည်သူနဲ့အတူ ကြိုးပမ်းစို့

အဂတိလိုက်စားမှုဆိုသည်မှာ "ယုံမှတ်အပ်နှံထားသည့် အခွင့်အာဏာကို ကိုယ်ကျိုးအတွက် အလွဲသုံးခြင်း"ဖြစ်ပါသည်။

ပြည်သူ့တာဝန်

နိုင်ငံသားတစ်ဦးအနေဖြင့် ကိုယ်တိုင်လာဘ်မပေးရန် (ရှောင်ကြဉ်ခြင်း)၊ တွေ့ရှိပါက သတင်းပေးပို့တိုင်ကြားရန်နှင့် သက်သေအဖြစ် ထွက်ဆိုရန် (ပူးပေါင်းဆောင်ရွက်ခြင်း) အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ တာဝန်ရှိပါသည်။

ထို့အပြင် နိုင်ငံသားတိုင်း၏ အဓိကတာဝန်များမှာ ပါဝင်ပတ်သက်မှုကိုငြင်းဆန်ခြင်း၊ သတင်းပို့ခြင်းနှင့် ဖော်ထုတ်ခြင်း၊ ပွင့်လင်းမြင်သာမှုကိုတောင်းဆိုခြင်းနှင့် ရိုးသားဖြောင့်မတ်သော ယဉ်ကျေးမှုတည်ဆောက်ခြင်းတို့ဖြစ်ကြောင်း ကုလသမဂ္ဂမူးယစ်ဆေးပါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး (UNODC) ၏ ဖော်ပြချက်အရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ အများပြည်သူအနေဖြင့် ပြည်သူ့ဝန်ဆောင်မှုများ ရယူရာတွင် တံဆိုးလက်ဆောင် သို့မဟုတ် လာဘ်ငွေတောင်းခံခြင်း ခံရလျှင် ပြတ်သားစွာငြင်းဆန်ရန်၊ အဂတိလိုက်စားမှုကြုံတွေ့ရလျှင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် သို့မဟုတ် သက်ဆိုင်ရာသို့ သတင်းပေးပို့ရန်၊ ဌာနဆိုင်ရာများနှင့်တာဝန်ရှိသူများ၏ လုပ်ဆောင်ချက်များကို စောင့်ကြည့်ပြီး တာဝန်ယူမှုရှိရန်တောင်းဆိုရန်နှင့် မိမိ၏ အခွင့်အရေးများ၊ တာဝန်များနှင့် အဂတိလိုက်စားမှု၏ ဆိုးကျိုးများကို မိမိကိုယ်တိုင်သိရှိနားလည်ပြီး ပတ်ဝန်းကျင်သို့ အသိပညာပေးရန် လိုအပ်ပါသည်။

အဂတိလိုက်စားမှုအမျိုးမျိုး

"အဂတိလိုက်စားမှု" ဟုဆိုလျှင် သာမန်အားဖြင့် လာဘ်ပေးလာဘ်ယူပြုလုပ်မှုကိုသာ ပြေးမြင်လေ့ရှိကြပေရာ အမှန်စင်စစ်အားဖြင့် သူ့ချည်းသာမက အခြားပုံစံအမျိုးမျိုးဖြင့်လည်း ဖြစ်ပွားလေ့ရှိပါသည်။ နိုင်ငံပိုင်ကဏ္ဍ၌ဖြစ်စေ၊ ပုဂ္ဂလိကကဏ္ဍ၌ဖြစ်စေ လာဘ်ပေးလာဘ်ယူပြုခြင်း၊ မလျော်သြဇာသုံးခြင်း၊ အလွဲသုံးခြင်း၊ တရားမဝင်ကြွယ်ဝချမ်းသာခြင်း၊ ငွေကြေးခဝါချခြင်း၊ ဖုံးကွယ်ထားခြင်း၊ မတရားမှုပြုခြင်း အစရှိသည်တို့သည် အဂတိလိုက်စားမှုများဖြစ်ပါသည်။

အဂတိလိုက်စားခြင်းအကြောင်းရင်းများနှင့် ကုစားခြင်း

အဂတိလိုက်စားမှုကို အမှန်တကယ်ထိရောက်စွာ အရေးယူဆောင်ရွက်လိုပါက အဂတိလိုက်စားခြင်းအကြောင်းရင်းများကို ဦးစွာစိစစ်ဖော်ထုတ်ရန် အထူးလိုအပ်လှပါသည်။ ဥပမာအားဖြင့် ရောဂါတစ်ခုဖြစ်ပွားလျှင် ရောဂါ၏သွင်ပြင်လက္ခဏာများကို ကုစားရခြင်းမဟုတ်ဘဲ ယင်းလက္ခဏာများကိုဆန်းစစ်၍ ရောဂါ၏ရင်းမြစ်ကို ရှာဖွေကုစားရပါသည်။ ကျောက်ကပ်မကောင်းသဖြင့် ခြေလက်အင်္ဂါများ ရောင်ရမ်းနေသည့်ကိစ္စ၌ အဆိုပါရောင်ရမ်းနေသည့် ခြေလက်အင်္ဂါများကို ဆေးလိမ်းရုံ၊ ဖြတ်တောက်ပစ်ရုံမျှဖြင့်မရနိုင်ဘဲ ရောဂါ၏ရင်းမြစ်အစစ်အမှန်ဖြစ်သည့် မကောင်းသည့်ကျောက်ကပ်အား ကုသရမည်ဖြစ်ပါသည်။ သို့မဟုတ်ပါက ခြေလက်အင်္ဂါအစိတ်အပိုင်းများ ဆုံးရှုံးရရုံသာရှိပြီး ရောဂါမှာ အမြစ်ပြတ်ပျောက်ကွယ်သွားမည်မဟုတ်ပေ။ အလားတူပင် အဂတိလိုက်စားမှုကို ကိုင်တွယ်ရာ၌ အဂတိလိုက်စားမှုများအား အရေးယူရုံမျှဖြင့် မလုံလောက်နိုင်ဘဲ အရင်းအမြစ်ဖြစ်သည့် အဂတိလိုက်စားခြင်း အကြောင်းရင်းများကို စိစစ်ဖော်ထုတ်၍ ကုစားသွားရမည်ဖြစ်ပါသည်။ သို့မှသာလျှင် အဂတိလိုက်စားမှုများ အမြစ်ပြတ်သွားနိုင်မည်ဖြစ်ပါသည်။

အဂတိလိုက်စားခြင်းအကြောင်းရင်းများနှင့် ကုစားခြင်းတို့နှင့် စပ်လျဉ်း၍ နိုင်ငံတကာ၌ ယနေ့အထိ လက်ခံထားရှိသည့်အယူအဆတစ်ရပ်မှာ "THE FRAUD TRIANGLE THEORY" ဖြစ်ပါသည်။ အဂတိလိုက်စားခြင်း အကြောင်းရင်းသုံးရပ်အား တြိဂံတစ်ခု၏ အနားသုံးခုအဖြစ် စဉ်ပြုံပုံပြထားခြင်းဖြစ်ပါသည်။ အဆိုပါ အနားသုံးခုမှာ ဖိအား၊ အခွင့်အလမ်းနှင့် အကြောင်းပြချက်တို့ဖြစ်ပါသည်။ ဤတွင် ယင်းအဂတိလိုက်စားခြင်း အကြောင်းရင်းသုံးရပ်နှင့် ကုစားမှုအသီးသီးတို့အား အကျဉ်းချုပ်ကောက်နုတ်တင်ပြအပ်ပါသည်–

(က) ဖိအား

စီးပွားရေး၊ လူမှုရေး အစရှိသည်တို့ဆိုင်ရာ ဖိအားများဖြစ်ပါသည်။ ဥပမာအားဖြင့် လုပ်ခ၊ လစာနှင့် မလုံလောက်သဖြင့် အဂတိလိုက်စားခြင်းဖြစ်ပါသည်။ ကုစားမှုအနေဖြင့် လုပ်ခ၊ လစာလုံလောက်အောင် စီမံပြုလုပ်ပေးခြင်းအားဖြင့် အဆိုပါဖိအားကို လျှော့ချပေးရမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် စင်ကာပူနိုင်ငံ၌ Public Service Division (PSD) anti-corruption salary model ခေါ် အဂတိလိုက်စားမှုကာကွယ်နိုင်ရေးအတွက် အခြေခံဆုံးလစာပေးသည့်စနစ်ကို ကျင့်သုံးစေလျက်ရှိပါသည်။

(ခ) အခွင့်အလမ်း

ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်များ အစရှိသည်တို့၌ အားနည်းချက်များရှိပါက အဂတိလိုက်စားရန် အခွင့်အလမ်းများပေါ်ပေါက်နိုင်ပါသည်။ ကုစားမှုအနေဖြင့် ယင်းအားနည်းချက်များအား အခြေခံဆုံးစိစစ်ဖော်ထုတ်ပြင်ဆင်၍ အဆိုပါအခွင့်အလမ်းကို တားဆီးရမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ကိုရီးယားသမ္မတနိုင်ငံ၌ ဥပဒေ

"အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးလိုအပ်ချက်တစ်ရပ်မှာ သတင်းပေးပို့သူ အကာအကွယ်ပေးရေးဥပဒေ သို့မဟုတ် စနစ်တစ်ရပ်အား ကျနသေချာစွာနှင့် ခိုင်မာစွာပြဋ္ဌာန်း၍ ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ပါသည်။ သတင်းပေးပို့သူအား ဆုချီးမြှင့်ခြင်းနှင့် လျှို့ဝှက်ထားပေးခြင်းပြုရုံသာမက တိုင်ကြားခြင်းခံရသူက လက်တုံ့ပြန်ခြင်းအန္တရာယ်မှ ခိုင်မာစွာအကာအကွယ်ပေးနိုင်မှသာလျှင် အများပြည်သူအနေဖြင့် အဂတိလိုက်စားမှုများနှင့် မတရားမှုများအား လုံခြုံစွာသတင်းပေးပို့နိုင်လျက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နိုင်မည်"

တစ်ရပ်ကို ပြဋ္ဌာန်းခြင်းမပြုမီ ဥပဒေမူကြမ်းအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပြည်သူ့အခွင့်အရေးကော်မရှင် (ACRC) သို့ ဦးစွာတင်ပြရပါသည်။ ယင်းကော်မရှင်က အဆိုပါဥပဒေမူကြမ်းအပေါ်တွင် Corruption Risk Assessment (CRA) ခေါ် အဂတိလိုက်စားမှုဆုံးရှုံးနိုင်ခြေများရှိ၊ မရှိ အသေးစိတ်ဆန်းစစ်မှုပြုလုပ်ပြီးမှသာလျှင် လွှတ်တော်သို့ တင်သွင်းခွင့်ရှိပါသည်။

(ဂ) အကြောင်းပြချက်

"အများက အဂတိလိုက်စားသဖြင့် မိမိသည်လည်း အဂတိလိုက်စားခြင်းဖြစ်သည်"ဟူသည့် အကြောင်းပြချက်ဖြစ်ပါသည်။ ကုစားမှုအနေဖြင့် အဂတိလိုက်စားမှုအားလုံးကို ဘက်လိုက်မှုလုံးဝ

သန်းစိုးဝင်း (ပီအိပ်ချ်ဒီ)

မရှိဘဲ ပြင်းထန်စွာအရေးယူရန်ဖြစ်ပါသည်။ ဥပမာအားဖြင့် "Zero Tolerance Policy" ခေါ် ခြွင်းချက်မရှိ၊ လုံးဝသည်းခံခြင်းမပြုသည့် မူဝါဒအား ကျင့်သုံးရမည်ဖြစ်ပါသည်။

အဂတိလိုက်စားခြင်းအကြောင်းရင်းများနှင့် ကုစားခြင်းတို့နှင့် စပ်လျဉ်း၍ အထက်ပါအတိုင်း မူဝါဒများချမှတ်ဆောင်ရွက်ရာတွင် အစိုးရဌာနဆိုင်ရာများအနေဖြင့် မိမိဌာန၏ လုပ်ငန်းသဘောသဘာဝအလိုက် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကို စနစ်တကျ ပီပြင်စွာဖြင့် အမှန်အကောင်အထည်ဖော်ဆောင်ရွက်ရန် အထူးလိုအပ်လှပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာ၌ လက်ခံကျင့်သုံးလျက်ရှိသည့် အလေ့အထများအား အခြေပြုလျက် မိမိတို့အနေအထားနှင့် ဆီလျော်အောင် စီမံဆောင်ရွက်နိုင်ပါသည်။

ဥပမာအားဖြင့် အခွန်အကောက်ဆိုင်ရာဌာနများနှင့်စပ်လျဉ်း၍ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ Tax Administration Diagnostic Assessment Tool (TADAT) ခေါ် အခွန်စီမံအုပ်ချုပ်မှုဆိုင်ရာအားနည်းချို့ယွင်းချက်ရှာဖွေစစ်ဆေးမှု လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါသည်။ ယင်းအရ ဌာနတစ်ခုအနေဖြင့် တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိစေနိုင်ရေးအတွက် ဌာနတွင်းကြိုးကြပ်မှုနှင့် ဌာနပြင်ပမှကြိုးကြပ်မှုများအပြင် အများပြည်သူအမြင်နှင့် ပွင့်လင်းမြင်သာမှုကိုလည်း အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း သိရှိရပါသည်။

ထို့အပြင် သက်ဆိုင်ရာ ဥပဒေများအပေါ် အများပြည်သူ လွယ်လင့်တကူ ဆန္ဒအလျောက် လိုက်နာဆောင်ရွက်နိုင်ရေး အားပေးကူညီရန်လိုအပ်ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် လိုအပ်သည့် သတင်းအချက်အလက်များ အလွယ်တကူရရှိနိုင်စေရန်၊ အထောက်အကူပြုရေး အစီအစဉ်များထားရှိရန်၊ လိုက်နာဆောင်ရွက်မှုစစ်ဆေးမှုများ (ပြည်သူ၏ ငွေကြေး၊ လုပ်အား၊ အချိန် စသည်ဖြင့်) လျှော့ချရန် စီမံဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးလိုအပ်ချက်တစ်ရပ်မှာ သတင်းပေးပို့သူ အကာအကွယ်ပေးရေးဥပဒေ သို့မဟုတ် စနစ်တစ်ရပ်အား ကျနသေချာစွာနှင့်ခိုင်မာစွာ ပြဋ္ဌာန်း၍ ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ပါသည်။ သတင်းပေးပို့သူအား ဆုချီးမြှင့်ခြင်းနှင့် လျှို့ဝှက်ထားပေးခြင်းပြုရုံသာမက တိုင်ကြားခြင်းခံရသူက လက်တုံ့ပြန်ခြင်းအန္တရာယ်မှ ခိုင်မာစွာအကာအကွယ်ပေးနိုင်မှသာလျှင် အများပြည်သူအနေဖြင့် အဂတိလိုက်စားမှုများနှင့် မတရားမှုများအား လုံခြုံစွာသတင်းပေးပို့နိုင်လျက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ အဂတိလိုက်စားမှုကင်းစင်ပြီး သာယာဝပြောသည့် လူနေမှုအဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရေးအလို့ငှာ အထက်ပါအတိုင်း အများပြည်သူအခြင်နှင့် ပွင့်လင်းမြင်သာမှုကို အလေးထားလျက်၊ တာဝန်ကိုယ်စီကျေပွန်ကြလျက် "အဂတိလိုက်စားမှု ပပျောက်ဖို့ ပြည်သူနဲ့အတူ ကြိုးပမ်းစို့" ဟူ၍သာ တိုင်းပြည်နှင့် လူမျိုးအကျိုးမျှော်ကိုးလျက် ရေးသားတင်ပြလိုက်ရပါသည်။ ။

ကိုးကား –

PSD, Singpore TADAT, IMF ၊ Transparency International၊ UNCAC ၊ UNODC

အဂတိလိုက်စားမှု ကင်းရှင်းစေရေး "1111" ကို ဖြေကြားပေးရန် ပြည်သူသို့ အသိပေးနှိုးဆော်ခြင်း



အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

လူငယ်နှင့်ဘဝအောင်မြင်ရေး

ကိန်းသေ ကြွယ်ဝနည်း

ပီမိုးနင်း

မည်သူမဆို ကြွယ်ဝလိုၾကပါ။ အဘယ်ကြောင့် ကြွယ်ဝလိုပါသနည်း။ သုံးစွဲချင်သည်။ ခမ်းနားကြီးကျယ်ချင်သည်။ သို့အတွက် ကြွယ်ဝချင်သည်ဟု ပြောရပေလိမ့်မည်။

မှန်၏။ ဤစိတ်အတိုင်း တစ်သမတ်တည်း ရှာဖွေစုဆောင်းက ဇကနဲကြွယ်ဝရမည်။ ပညာဉာဏ်ကြီးမားဖို့မလို၊ အလွန်အကြူး အထူးကြိုးစားအားထုတ်၊ တကုပ်ကုပ်လုပ်ကိုင်ဖို့မလိုဘဲလျက် အမှန်ဇကနဲ အလိုပြည့်ဝစေနိုင်သောနည်းသည် လောကၻ မျက်မြင်ထင်ရှားရှိ၏။ အမြဲအားဖြင့်လည်း တွေ့ကြုံ၍နေကြရလေသည်။

ထိုနည်းကား အခြားမဟုတ်။ သုံးစွဲချင်သောစိတ်၊ ခမ်းနားကြီးကျယ်လိုသောစိတ်ကို ချုပ်တည်း၍ ထားခြင်းပင်ဖြစ်လေသည်။

ချက်ချင်းသုံးစွဲချင်လျှင် တစ်သက်လုံးဖြစ်တော့မည်မဟုတ်ပေ။ ချက်ချင်းခမ်းနားကြီးကျယ်ချင်လျှင် တစ်သက်လုံး အဘယ်သောအခါမျှ ကြီးကျယ်တော့မည်မဟုတ်ပေ။ ချက်ချင်းသုံးစား၊ ချက်ချင်းခမ်းနား၍နေသူများမှာကား အဘယ်ပြောဖွယ်ရာ ရှိပါတော့မည်နည်း။

လောကၻ ဂဏန်းအတွက်ကောင်းသူများသည် သူဌေးသူကြွယ်ကြီးများဖြစ်တတ်ကြ၏။ အသုံးအစားကို တွက်ချက်လေ့ရှိသူများကား အဘယ်သောအခါမျှ ဆင်းရဲနိုင်မည်မဟုတ်ပေ။ မဆင်းရဲလျှင် လက်ဝယ်ငွေကြေးရှိရမည်။ ရှိလျှင်ကိန်းသေတိုးပွားသော နည်းရှိရမည်။ ချက်ချင်းကြီးကျယ်ချင်သော စိတ်ကိုသာ ချုပ်ဖို့ရှိလေသည်။

အချို့ လူမျိုးကွဲများသည် စီးပွားကို စၥရာကြစဉ် မိမိတို့၏ခါးဦ ပိုက်ဆံအဘယ်နှယ်ပြားရှိသည်။ မူးစေ့အဘယ်နှစေ့ရှိသည်။ ဒင်္ဂါးကျပ်ပြား အဘယ်နှပြားရှိသည်ကို အမြဲတွက်စစ်မှတ်သားထားလေ့ရှိကြလေသည်။ ၎င်းတို့၏စိတ်၌ ခါးထဲက အစေ့အဆံကလေးတွေ တစ်ပြားပြီးတစ်ပြား တိုးပွားဖို့ရန် ကျိုးကန်းမျက်စိနှင့် ကြည့်ကြ၏။ ချက်ချင်း မသုံးရက်၊ ချက်ချင်းကြီးကျယ်ရန် မလျှော့လင့် တစ်နေ့သ၌ တိုက်တည်မည်၊ တစ်နေ့သ၌ ကားဝယ်မည်။ တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲ၊ တစ်နေ့တစ်ပြား သူဌေးမဖြစ်ဘဲနေမလားဟူသော ကိန်းသေနည်းကိုလက်ကိုင်ပြကာ ပစ္စည်းကိုရှာကြလေသည်။

ကျွန်ုပ်တို့လူမျိုးကား ကူလီအောက်တန်းစား ဖြစ်စေကာမူ လက်ဖက်ရည်ဆိုင်ကိုရောက်လျှင် သူပေးမယ်..ငါပေးမယ် သူ့ထက်ငါ လျင်မြန်သော လက်နှင့် အိတ်ထဲကို နှိုက်လေ့ရှိကြလေသည်။ ဝတ်စားနေထိုင်သုံးစွဲပုံမှာ လူချမ်းသာများနှင့်မခြားပေ။

ထိုကဲ့သို့ သုံးစားခြင်းသည် ချက်ချင်းကြီးကျယ်လိုခြင်းမဟုတ်၊ ချက်ချင်းကြီးကျယ်ခြင်းဖြစ်ရာ အဘယ်သောအခါမှာ တကယ်ကြီးကျယ်နိုင်ပါတော့မည်နည်း။

ကြွယ်ဝလိုခြင်းသည် သုံးချင်၊ စားချင်၊ ကြီးကျယ်ချင်သောကြောင့်ဖြစ်၏။ သုံးချင်၊ စားချင်၊ ကြီးကျယ်ချင်ပါသည်ဟုပြောလျက် ချက်ချင်းသုံးစား၊ ချက်ချင်းကြီးကျယ်၍နေချေက အဘယ်သို့လျှင် နောင်အခါ၌ ကြီးကျယ်နိုင်ပါတော့မည်နည်း။

ယခုကြီးကျယ်က နောင်မကြီးကျယ်နိုင်၊ ယခုမကြီးမကျယ်က နောင်ကြီးကျယ်နိုင်မည်ဟုမှတ်ကြရမည်။ ကျွန်ုပ်တို့လူမျိုးမှာ မည်သူမဆို ယခုအခါ ကြီးကျယ်၍နေကြ၏။ သို့အတွက် နောင်ကြီးကျယ်မည်သူ လွန်စွာနည်းပါး၍နေလေသည်။

အချို့လည်း အစ၌ လွန်စွာခြိုးခြံ၏။ လွန်စွာချွေတာ၏။ အလုပ်ကို ပိပိပြားပြားသေဝပ်စွာလုပ်၏။ ၎င်းတို့မှာ ကူလီလိုဆင်းရဲရာမှ လက်ဝါးနှင့်ထ၍ လုပ်ရာ ငွေကလေး ငါးထောင် တစ်သောင်းဖြစ်သည်နှင့်တစ်ပြိုင်တည်း မော်တော်ကားစီးကြသဖြင့် အလုပ်မှာအားပြတ်ပြီး တိုးတက်ခြင်းအရှိန်ကို သတ်ကြလေသည်။

မော်တော်ကားတစ်စီးကို တစ်နှစ် နှစ်နှစ်ထက် ကြာစွာ ပို၍စီးသူများအား ဇကနဲတစ်ခုခုဖြစ်ပြီ၊ ငွေကျပ်ပြီ၊ အလုပ်မဟန်လို့ဘဲဟု ပြောကြသည်ဟု သတင်းစာတစ်စောင်၌ ဖတ်ရဖူးလေသည်။

ထိုစကားသည် မှန်လိမ့်မည်ဟု အောက်မေ့၏။ အကြောင်းမူကား အမေရိကန်မှာ ကားအလုပ်လွန်စွာကြီးကျယ်လေရာ ကျွန်ုပ်တို့ တိုင်းပြည်မှာထက် ကားများပေါမည်ကား ယုံမှားဖွယ်မရှိပေ။ ကားများပေါသလောက် ငွေကြေးလည်း ပေါများလေသည်။ ငွေငါးထောင် တစ်သောင်းမျှနှင့် ကားစီးချင်က ကားကောင်းကို စီးရမည်မဟုတ်။ အကျအနသာ စီးရလေသည်။ ဘာလုပ်မလဲ၊ အကောင်းကိုမစီးရက မစီးဘဲနေခြင်းက ပို၍ မကောင်းပါလော။ ထို့ပြင် အာမခံစရိတ်၊ ပြင်ရသော စရိတ်၊ ဟောင်းလျှင် အသစ်ဖြစ်အောင်လုပ်ရသော စရိတ်တွေလည်းရှိလေသည်။ မော်တော်ကားမရှိက အလုပ်မလုပ်နိုင်အောင် အရေးကြီးသူများမှာကား အဘယ်လိုကားကိုပင်သုံးစေကာမူ အရေးမကြီးပေ။ သို့ဖြစ်လေရာ နောင်ကြီးကျယ်လိုက ကြီးကျယ်ဖို့ရန် ရှေ့လောမကြီးအပ်ပေ။ "မော်တော်ကားကို ရှောင်၊ အိုအောင် မဆင်းရဲ" ဟူ၍ပင် ပြောလိုက်ချင်လေသည်။

"အလှူအတန်းမှာလည်း ညောင်စေ့လောက် လှူလျှင် ညောင်ပင်လောက် အကျိုးကြီးနိုင်သည်" ဟူသော စကားရှိရာ မိမိနိုင်သည်ထက် အဆမတန် ပိုမိုကြီးကျယ်စွာ လှူခြင်းသည် ချက်ချင်းကြီးကျယ်ခြင်းပင် ဖြစ်လေသည်။ ယခုလှူသော်လည်း သေပြီးသောအခြားမဲ့ဘဝ၌ ချက်ချင်းသူဌေးဖြစ်မည်ဟု မဆိုနိုင်။ မိမိလှူသော အလှူကုသိုလ် အကျိုးဆက်နှင့် ကြုံကြိုက်သောဘဝမှာသာ အကျိုးခံစားရပေမည်။

လူမှန်သမျှ ရှေးက အကြီးအကျယ်လှူခဲ့ဖူးသူများသာဖြစ်ကြသည်။ စကြဝဠာမန္တာတ်ပင် ဖြစ်ခဲ့ကြလေရာ သူဌေးဘဝကို အကြိမ်ပေါင်း မရေမတွက်နိုင်အောင် မရဘဲရှိနိုင်ပါမည်လော။ သို့ဖြစ်လေရာ မလှူခဲ့ရ၊ မတန်းခဲ့ရသောဘဝများသလောက် လှူခဲ့တန်းခဲ့ရသော ဘဝတွေမများဘူးဟု မဆိုနိုင်ပေ။

သို့ဖြစ်လေရာ ငါ တစ်သိန်းကုန် တစ်သန်းကုန် လှူနိုင်သော အခြေကျလျှင် လှူမည်၊ ယခုကား ပကာသနနှင့်အားကျ၍မလှူ။ မည်သူ၏မြွောက်ပင့်ခြင်းကိုမျှ ငါနားမထောင်၊ ငါတတ်နိုင်သမျှသာ လှူမည်၊ သဒ္ဓါစိတ်သာ လိုရင်းဖြစ်သည်ဟု သတိပြုကာ ပကာသနဖြင့် ယခုချက်ချင်းမကြီးမကျယ်လိုက ဇကနဲဒိဋ္ဌ နောင်သောအခါ ကြီးကျယ်ရမည်သာတည်း။

ဘားမားဂျာနယ်(ဒုတိယတွဲ နံပါတ် ၅)
၁၀-၇-၁၉၃၇ ခုနှစ်

(၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ပဉ္စမနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၃၀

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ပဉ္စမနေ့ကို နေပြည်တော် စစ်ကြောရေးနှင့် တည်ခိုရေးစခန်းရှိ ဆင်ဖြူရင်ခန်းမ၌ ဆက်လက်ကျင်းပသည်။



ဦးစွာ နံနက်ပိုင်းတွင် (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲမှ အရေးပြိုင်ပွဲ တွင် ပြည်သူ ညီတူ ကြည်ဖြူ စိတ်ဓာတ်ဆိုသော ခေါင်းစဉ်ဖြင့် ပြိုင်ပွဲဝင် ၁၃ ဦးက လည်းကောင်း၊ အတီးပြိုင်ပွဲတွင် မြန်မာ့ဆိုင်းတစ်ဦးချင်းနှင့် ပဏ္ဍာလားပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ခုနစ်ဦးက လျှပ်ပန်းခွန်အဲ့ယိုးဒယားသိချင်းဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ခေတ်ပေါ်တီးဝိုင်းမှ (အဖွဲ့လိုက်) ပြိုင်ပွဲကို ပြိုင်ပွဲဝင်အဖွဲ့ ခြောက်ဖွဲ့မှ မြို့ဆိုင်မြူးကြွလှသော တီးလုံးလက်သံများဖြင့် အသီးသီးတီးခတ်ယှဉ်ပြိုင်ကြသည်။

ညပိုင်းတွင် အငြိမ့်ပြိုင်ပွဲကို နယ်လှည့် ပြည်သူ့ဆက်ဆံရေး တပ်ခွဲများက ဆက်လက်ယှဉ်ပြိုင်ကြသည်။

ကြည့်ရှုအားပေး

အဆိုပါ ပြိုင်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အကဖြတ်ဒိုင်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဩဂုတ် ၃၀

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ နယ်မြေခံ တပ်ရင်း၌ ပြုလုပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇောနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူနှင့် ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြိုဆို ဂုဏ်ပြုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား၊ည၊မနား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်ကုံးများဖြင့်လည်းကောင်း၊ စားသောက်ဖွယ်ရာများဖြင့် လည်းကောင်း၊ ဘင်ခရာတီးဝိုင်းများ၊ အိုးစည် ဒိုးပတ် အတီးအမှုတ်၊ အကအနုနှံများဖြင့် လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။



သတင်းစဉ်

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်ပြီး အင်္ဂလိပ်စကားပြောပုံစံများကို လေ့လာနိုင်ရန်အတွက် အပတ်စဉ် ကြေးမုံစာတည်းအဖွဲ့ ဖော်ပြပေးလျက်ရှိပါသည်။

A Basic Spoken English Course

ယခင်တစ်ပတ်က Lesson 6: Likes and Dislikes (ကြိုက်နှစ်သက်တာနှင့် မနှစ်သက်တာများ) အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာ Lesson 7: Countries and Nationalities (နိုင်ငံများနှင့် နိုင်ငံသားအမည်များ) အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

Lesson 6: Likes and Dislikes
(ကြိုက်နှစ်သက်တာနှင့် မနှစ်သက်တာများ)

(ယခင်တစ်ပတ်မှအဆက်)

Exercise 8: Find Someone Who...

Walk around the classroom and ask your classmates.

Find Someone Who..	Name
likes coffee	_____
likes tea	_____
likes football	_____
likes music	_____
likes English	_____
likes swimming	_____
likes reading	_____
likes cooking	_____
likes spicy food	_____
likes cats	_____

Example

A: Do you like coffee?

B: Yes, I do.

A: What's your name?

B: My name is Aung Aung.

Exercise 9: Make Your Own Sentences

Complete the sentences about yourself.

1. I like _____.
2. I like _____.
3. I like _____ very much.
4. I don't like _____.
5. I don't like _____.
6. I love _____.
7. I like _____ing.
8. My favorite food is _____.
9. My favorite color is _____.
10. My favorite sport is _____.

Speaking Test

Teacher asks each student:

Teacher: What do you like?

Student: I like _____.

Teacher: Do you like coffee?

Student: Yes, _____.

Teacher: Do you like swimming?

Student: No, _____.

Teacher: What is your favorite food?

Student: My favorite food is _____.

Teacher: What is your favorite sport?

Student: My favorite sport is _____.

****

Lesson 7: Countries and Nationalities
(နိုင်ငံများနှင့် နိုင်ငံသား အမည်များ)

1. Country ဆိုတာ နိုင်ငံလို့ အဓိပ္ပာယ်ရပါတယ်။

ဥပမာ –

- Myanmar = မြန်မာနိုင်ငံ
- Thailand = ထိုင်းနိုင်ငံ
- Japan = ဂျပန်နိုင်ငံ
- China = တရုတ်နိုင်ငံ

Country name ကို အများအားဖြင့် **စာလုံးအကြီး (Capital Letter)** ဖြင့် စရေးရပါတယ်။

✔ Myanmar

✖ myanmar

2. Nationality ဆိုတာ လူတစ်ယောက်ရဲ့ နိုင်ငံသားဖြစ်မှု / ဘယ်နိုင်ငံသားလဲဆိုတာ ကို ဖော်ပြတဲ့စကားလုံး ဖြစ်ပါတယ်။

ဥပမာ –

- Myanmar → Myanmar
- Thailand → Thai
- Japan → Japanese
- China → Chinese

Country နဲ့ **Nationality** (နိုင်ငံနှင့် နိုင်ငံသား) အသုံးအနှုန်းများကို လေ့လာကြည့်ပါ။

Country(နိုင်ငံ)	Nationality (နိုင်ငံသား)
Myanmar	Myanmar
Thailand	Thai
China	Chinese
Japan	Japanese
Korea	Korean
India	Indian
Vietnam	Vietnamese
Malaysia	Malaysian
Singapore	Singaporean
Indonesia	Indonesian
The Philippines	Filipino
Australia	Australian
England	English
France	French
Germany	German
Italy	Italian
Spain	Spanish
Portugal	Portuguese
Russia	Russian
America / the USA	American
Canada	Canadian
Mexico	Mexican
Brazil	Brazilian



Country နဲ့ Nationality ကို မေးမြန်းခြင်း

1. **Country** ကို မေးရင်
   Where are you from? လို့မေးရပါတယ်။
   သင်ဘယ်နိုင်ငံကလဲ ပေါ့။
   ပြန်ဖြေတဲ့အခါ **I am from Myanmar.**
   (ကျွန်တော်/ကျွန်မ မြန်မာနိုင်ငံကပါ။) ဆိုပြီး ပြန်ဖြေရပါတယ်။
2. **Nationality** ကို မေးရင်
   What nationality are you? / What is your nationality? လို့မေးရပါတယ်။ (သင် ဘာနိုင်ငံသားလဲ။)

ပြန်ဖြေတဲ့အခါ **I am Myanmar.** (ကျွန်တော်/ကျွန်မ မြန်မာနိုင်ငံသားပါ။) ဆိုပြီး ပြန်ဖြေရပါတယ်။

မှတ်သားရန်။ ။

be + from + Country

- I am **from Myanmar**.
- She is **from Japan**.
- They are **from Thailand**.

be + Nationality

- I am **Myanmar**.
- She is **Japanese**.
- They are **Thai**.

I am from Thai. (မှား)

She is from Japanese. (မှား)

I am from Thailand. (မှန်)

She is Japanese. (မှန်)

Exercises

Exercise 1: Match the countries with the nationalities.

1. Myanmar	_____	a. French
2. Japan	_____	b. Canadian
3. China	_____	c. Indian
4. Thailand	_____	d. German
5. India	_____	e. Thai
6. Australia	_____	f. Burmese
7. France	_____	g. Japanese
8. Germany	_____	h. Australian
9. Italy	_____	i. Chinese
10. Canada	_____	j. Italian

Exercise 2: Choose the correct answer.

1. I am from _____.
   A. Japanese B. Japan C. Japanese people
2. She is _____.
   A. France B. French C. from French
3. He is from _____.
   A. China B. Chinese C. Chinese nationality
4. They are _____.
   A. Thailand B. Thai C. from Thai
5. My friend is from India. He is _____.
   A. Indian B. India C. Indonesian
6. Tom is from Australia. He is _____.
   A. Austria B. Australian C. Australia
7. Anna is from Germany. She is _____.
   A. German B. Germany C. French
8. We are from Myanmar. We are _____.
   A. Myanmar B. Myanmese C. Both A and B

Exercise 3: Complete the sentences.

Use the words in the box.

(Myanmar / Japanese / China / Thai / Indian / France / Australian / Germany)

1. I am from _____.
2. She is _____. She is from Japan.
3. He is from _____.
4. They are _____. They are from Thailand.
5. My friend is _____. He is from India.
6. Anna is from _____.
7. Tom is _____. He is from Australia.
8. Peter is from _____.

Exercise 4: Country or Nationality?

Write **Country** or **Nationality**.

1. Japan → _____
2. Japanese → _____
3. China → _____
4. Chinese → _____
5. Thailand → _____
6. Thai → _____
7. France → _____
8. French → _____
9. Indian → _____
10. India → _____

Exercise 5: Complete the questions and answers.

1. **A:** Where are you _____?
   B: I am from Myanmar.
2. **A:** What nationality _____ you?
   B: I am Myanmar.
3. **A:** Where _____ she from?
   B: She is from Japan.
4. **A:** What nationality _____ she?
   B: She is Japanese.
5. **A:** Where are they from?
   B: They are _____ Thailand.

Exercise 6: Correct the mistakes.

1. I am from Japanese.
   → _____
2. She is from French.
   → _____
3. He is China.
   → _____
4. They are from Thai.
   → _____
5. I am Japan.
   → _____
6. She is from Indian.
   → _____

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။


ကြေးမုံ စာအုပ်စင်



ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်၊ သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

အဘိဓမ္မာပို့ချချက်




ရွှေဆံနွယ်ဆရာတော်ဒေါက်တာအရှင်ဝါယမာနန္ဒရေးသားသည့် အဘိဓမ္မာပို့ချချက်(ပထမအဆင့်) စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် အရှေ့တောင်တန်းသားများ၏ရင်တွင်းစကားသံများ၊ အခန်း(၁) စိတ်ပိုင်းတွင် ဝေဒနာ (၅)မျိုး၊ ကာမဝစရစိတ် (၅၄)ပါး၊ အကုသိလ်စိတ် (၁၂)ပါး၊ အဟိတ်စိတ် (၁၈)ပါး၊ ကာမသောဘနစိတ် (၂၄)ပါး၊ ရူပါဝစရစိတ် (၁၅)ပါး၊ အရူပါဝစရစိတ် (၁၂)ပါး၊ လောကီစိတ် (၈၁)ပါး၊ လောကုတ္တရာစိတ် (၈/၄၀)ပါး၊ အခန်း(၂) စေတသိက်ပိုင်းတွင် ပကိဏ်းစေတသိက်စိတ် (၆)ပါး၊ အခန်း(၃) ပကိဏ်းပိုင်းတွင် ဝေနာသာဂ်ဟ၊ ဟေတုသဂ်ဟ၊ကိစ္စသဂ်ဟ၊ ဒွါရသဂ်ဟ၊ အာရမ္မဏသဂ်ဟ၊ ဧကန်အာရုံပြုသောစိတ် (၄)မျိုး၊ ဆုတောင်းအမျှဝေတို့ပါရှိသည်။

မြတ်စွာဘုရားရှင်သည် သတ္တဘဂ္ဂာနစံနေတော်မူစဉ် စတုတ္ထသတ္တာဟဖြစ်သော ရတနာဃရသတ္တာဟတွင် အဘိဓမ္မာ (၇)ကျမ်းဖြစ်သော ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းတရားတော်တို့ကို ဆင်ခြင်သုံးသပ်တော်မူရာ အဘိဓမ္မာတရားတော် စတင်ပေါ်ပေါက်တော်မူခဲ့သည်။

ကိုလတ်စာပေ၊ ဖုန်း - ၀၉-၈၈၅၁၂၀၀၆၈၊ ၀၉-၉၆၅၅၂၀၀၆၈၊ အမှတ်(၂၂၀)၊ ၃၁လမ်း(အထက်)၊ ပန်းဘဲတန်း မြို့နယ်နှင့် အရပ်ဖောင်ဒေးရှင်း(ဗဟို)၊ ဖုန်း ၀၉-၂၀၂၃၀၄၊ သုမင်္ဂလာလုံးချင်းအိမ်ရာဝင်း၊ ဘုရားသုံးဆူ မမွေပါလစာသင်တိုက်(အတွင်း)၊ ILBCအနီး၊ သဃ်နိုးကျွန်းမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဖြန့်ချိသည်။

ရင်သွေးဖူးငုံ ကလေးစာပဒေသာ



အမျိုးသားစာပေဆုရ ရွှေဒါးမောင်မြင့်ထွန်းနှင့် စာပေဗိမာန်စာမူဆုရ ခင်မောင်မြင့် (ရွှေဆယ်မြေ)တို့ စီစဉ်တည်းဖြတ်ထုတ်ဝေသည့် ရင်သွေးဖူးငုံ ကလေးစာပဒေသာ အမှတ် (၁) စာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် ဂန္ဓဝင်ကလေးကဗျာ၊ ကလေးကဗျာများ၊ သတ်ပုံကဗျာ၊ ပုံပြင်၊ ကာတွန်း၊ ပုံပြဉာဏ်စမ်း၊ ပျော်ရွှင်စရာအင်္ဂလိပ်စာ၊ မှား/မှန်ရွေးပါ အင်္ဂလိပ်စာ၊ အင်္ဂလိပ်စာဉာဏ်စမ်း၊ အင်္ဂလိပ်စာပေဟဋ္ဌိ၊ မင်းယုဝေ၏ သရက်ပင်နှင့် ခွေးတောက်ပင်၊ မောင်ခေတ်ထွန်း၏ ယာသမား ဇနီးမောင်နှံနှင့် ဝက်ဝံကြီး (ရုရှားပုံပြင်)၊ ညွှန့်အေး(အင်းဝ)၏ အလှဆုံးအရာ၊ ဝင်းဇော်(သုံးဆယ်)၏ စိတ်ကောင်းမွေးပါ၊ ဝိသေသ တင်ပြသည့် စိတ်လှုပ်ရှားစရာသိပ္ပံနှင့် နည်းပညာ၊ ပါမောက္ခဒေါက်တာ ဒေါ်ကေသီထွန်း ရေးသားသည့် မပျော်ဆသင့်တဲ့ သွေးလွန်တုပ်ကွေး၊ တက္ကသိုလ် မောင်အောင်ဆွေ၏ နေ့စဉ်မှတ်တမ်း၊ ရေနံမြေ မောင်မောင်ကြည်၏ ဘော်ဘော်၊ မှော်ဝန်းသီဟ၏ ပါးကွက်ကြားလေး၊ ခင်မြတ်မွန်၏ စုဘူး၊ သုံးဆယ်ဘုန်းကြွယ်၏ တော်သလင်းလန့်နှင့် ရွေးခေတ်လှေသဘင်ပွဲတော်၊ မောင်ကြီးငြိမ်း၏ ဘိုးဘိုးပြောတဲ့ပုံပြင်၊ ခြူးရဲသန့်၏ အန္တရာယ်ကင်းစွာကစားပါ၊ မောင်အောင်ဘုန်း(တလင်းကုန်းရွာ)၏ ကျောင်းပတ်ဝန်းကျင်က ဟာသများ၊ စံသူမြတ်(သုံးဆယ်)၏ ကြိုးကြာနတ်သမီး၊ စည်သူမောင်(သုံးဆယ်)၏ ဖိုးခွေးနှင့် ဆက်ရက်လေး၊ သစ်သီးဝလံ ပန်းမန်နှင့် သစ်ပင်ဆိုင်ရာ စကားပုံများ၊ မှားတတ်သောသတ်ပုံ စသည့် အကြောင်းအရာများပါရှိသည်။

စာအုပ်ကို ရွှေဒါးအောင်သဗြေစာပေ၊ ဖုန်း- ၀၉-၇၉၅၃၉၉၈၈၆၊ အမှတ်(၁၆)၊ အောင်သစ္စာ(၁)လမ်း၊ မိုးကောင်းလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၅၅၀၀ ဖြင့် ဖြန့်ချိသည်။

ဓနုဖြူမြို့ ဧရာဝတီမြစ်အတွင်း၌ ကုန်တင်တွဲသင်္ဘောတစ်စင်း မီးလောင်

ဓနုဖြူ သြဂုတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ယမန်နေ့ ည ၈ နာရီ မိနစ် ၂၀ အချိန်က ဧရာဝတီမြစ်အတွင်း၌ ကုန်တင်တွဲသင်္ဘောတစ်စင်း ဆီပန့်ဖြင့် ဆီဖလှယ်ရာမှ မီးလောင်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အမှတ်(၅)ရပ်ကွက် စံကင်းကူးတို့ဆိပ်တွင် ရေယာဉ် အုပ် ဦးရဲဝင်းနိုင် မောင်းနှင်လာသည့် အင်ဂျင် နှစ်လုံးတပ် တွန်းသင်္ဘော်နှင့် အလျား ပေ ၂၂၀၊ အနံ ၅၅ ပေ၊ ဧကောက် ၁၀ ပေ ကုန်တင် တွဲသင်္ဘော်မှ ကျောက်စရစရဲခဲတင်ရန် ရန်ကုန်မှ ပြည်သို့ ခုတ်မောင်းလာပြီး စံကင်းကူးတို့ဆိပ်အနီး ညအိပ် ရပ်နားရန် ပြင်ဆင်နေချိန် အဆိုပါ တွန်းသင်္ဘော် မီးလောင်မှုဖြစ်ပွားခဲ့သည်။



မီးလောင်မှုဖြစ်ပွားရာနေရာသို့ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင် ၁၂ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့က စက်လေ့သုံးစင်း၊ အပေါ့စားစက် လေးလုံးဖြင့် သွားရောက် မီးငြိမ်းသတ်ခဲ့ရာ ၉ နာရီ ၅၀ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး ၁၀ နာရီ ၁၇ မိနစ်တွင် မီးလုံး၀ငြိမ်းသွားခဲ့သည်။

မီးလောင်မှု အကြောင်းအရင်းမှာ အရန်ဆီကန်မှ အင်ဂျင်ရှိ ဆီကန်အတွင်းသို့ ဆီပန့်ဖြင့် ဆီဖလှယ်ရာမှ မီးစထွက်ပြီး မီးလောင်မှု ဖြစ်ပွားခြင်းဖြစ်သည်။

အဆိုပါ သင်္ဘော်ပေါ်တွင် လုပ်သား အမျိုးသား ၁၀ ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ၁၁ ဦးအနက် ဦးဇင်မျိုးထက်နိုင် (၂၀-နှစ်)(စုံစမ်းဆဲ)မှာ ပျောက်ဆုံးလျက်ရှိပြီး ကျန် ၁၀ ဦးမှာ ထိခိုက် ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် မီးလောင်မှုကြောင့် ဒီဇယ် (ချက်ဆီ) ခုနစ် ပီပါ (၃၅၀ ဂါလန်) ဧရာဝတီမြစ်ထဲသို့ ယိုစိမ့်ခဲ့ရာ ဓနုဖြူမြို့ မရဲစခန်းမှ အမှုဖွင့် အရေးယူနိုင်ရေး ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)



ရေကြီးနစ်မြုပ်မှုဘေးဒဏ်ခံခဲ့ရသည့် ငါးမွေးမြူကန်များ ပြန်လည်မွေးမြူနိုင်ရန် လိုက်နာရမည့်အချက်များ


- ရေကြီးနစ်မြုပ်မှုကြောင့် ငါးမွေးမြူကန်ပတ်ဝန်းကျင်မှ အမှိုက်သရိုက်ဆွေး၊ အနည်အနှစ်များ၊ ဘေးအန္တရာယ်ရှိသော အညစ်အကြေးများ၊ အဆိပ်အတောက်ဖြစ်စေနိုင်သည့်အရာများ (ပိုးသတ်ဆေးဓာတ်ကြွင်း)၊ ရောဂါဖြစ်စေနိုင်သည့်ပိုင်းရပ်စနှင့် ဗက်တီးရီးယားပိုးမွှားများကြောင့် အနီးဝန်းကျင်နေထိုင်သည့် လူများသည် အသုံးပြုမည့်ရေအား သေချာစွာ ကျိုချက်သန့်စင်အသုံးပြုကြပါရန်၊
- ရေကြီးပုံလွှမ်းခဲ့သည့် ငါးမွေးမြူကန်အတွင်းရှိ ငါးများအား ပြန်လည်မမ်းယူစစ်ဆေးခြင်း၊ ရောနှောသွားသောငါးများ အရွယ်အစားအလိုက်၊ ငါးမျိုးအလိုက်ခွဲခြားခြင်း၊ ပြင်ပမှဝင်ရောက်လာသည့် သားစားငါးများ၊ သဘာဝငါးရိုင်းများအား ဖယ်ရှားခြင်းတို့ လုပ်ဆောင်ပါရန်၊
- ငါးမွေးကန်များ ရေကြီးနစ်မြုပ်မှုကြောင့် ပြိုကျနိမ့်ဆင်းသွားသောကန်ပေါင်းများအား အမြန်ဆုံးပြန်လည်ဆည်ဖို့ခြင်း၊ ရေရှည်ခိုင်ခံ့မှုအားကောင်းစေရန် သေချာစွာပြုပြင်ခြင်း၊ ရေတိုက်စားမှုနှင့် မိုးများခြင်းကြောင့် ကန်ပေါင်မြေသားများ မပြိုစေရန် တုတ်များ၊ မြေထိန်းနံရံများဖြင့် ခိုင်ခံ့စွာပြုပြင်ပြီး မြေထိန်းနိုင်မည့် မြက်ပင်များစိုက်ပျိုးထားရှိရန်၊ ကန်ပေါင်ခိုင်ခံမှုအား ပျက်စီးစေနိုင်မည့် တိရစ္ဆာန် (ကွဲ၊ နွား၊ ဝက်များ) မဝင်ရောက်စေနိုင်ရန် ခြံစည်းရိုးအကာအရံများ ထားရှိပါရန်၊
- ရေသွင်းမြောင်း၊ ရေထုတ်မြောင်းများရှိ အနည်အနှစ်များ၊ အမှိုက်သရိုက်များဖယ်ရှားခြင်း၊ ရေဝင်ရေထွက်ကောင်းမွန်အောင် လိုအပ်သော ရေမြောင်းအနက်၊ ရေမြောင်းအကျယ်အား သေချာစွာပြုပြင်ခြင်း၊ ငါးမွေးကန်၏ရေဝင်ပိုက်လိုင်းများနှင့် ရေထုတ်ပိုက်လိုင်းများ အမှိုက်ဖယ်ရှား၍ သေချာစွာပြန်လည်တပ်ဆင်ခြင်းတို့ ဆောင်ရွက်ရန်နှင့် အနီးဝန်းကျင်ရှိ ရေသွယ်မြောင်း၊ တံတားများ၌ အမှိုက်များ ပိတ်ဆို့ခြင်းအား အမြဲပုံမှန်စစ်ဆေး၍ သေချာစွာဖယ်ရှားပါရန်၊
- ရေကြီးနစ်မြုပ်စဉ် ကာရံထားသောပိုက်များအား ပေါက်ပြဲဆွေးမြည့်မှု သေချာစွာစစ်ဆေး၍ တစ်နှစ်တစ်ကြိမ် အသစ်လဲလှယ်ကာရံထားရန်၊ ကာရံထားသောသဲအိတ်များအား ပြန်လည်စစ်ဆေး၍ အသစ်လဲလှယ်ရန်နှင့် ထပ်မံလိုအပ်မည့်သဲအိတ်များ အဆင်သင့် ပြင်ဆင်ထားရှိပါရန်၊
- ငါးမွေးကန်ပတ်ဝန်းကျင်ရှိ ချုံနွယ်သစ်ပင်ပေါင်းပင်များနှင့် ရေမြောင်းများနှင့် ကန်အတွင်းရှိ ရေပေါက်ပင်များ (ဧဇေါပင်၊ ရေမှော်ပင်၊ တက်ပြားပင်များ) ဖယ်ရှားရှင်းလင်းပါရန်၊
- ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အတွင်းရှိငါးများနှင့် အသုံးပြုရမျှားအား ငါးရောဂါစစ်ဆေးခြင်းနှင့် ရောဂါမပြန့်ပွားရေး ငါးအသေများ သေချာစနစ်ကျစွာ ဖယ်ရှားရှင်းလင်းပါရန်၊
- ရေအရင်းအမြစ်ရယူသောနေရာ (မြစ်၊ ချောင်း)များနှင့် ရေစွန့်ထုတ်မည့်မြောင်းများအား အတားအဆီးဖြစ်စေနိုင်မည့်နေရာ၌ ပိတ်ဆို့စေနိုင်သောအဆောက်အအုံ၊ ကန်များ တည်ဆောက်ခြင်း မပြုလုပ်ရန်၊ ငါးမွေးကန်များအား သေချာသောမြေနေရာချထား တည်ဆောက်မှု (Layout Plan)ဖြင့် ရေဝင်ရေထွက်ကောင်းမွန်အောင်၊ လုပ်ငန်းသုံးပစ္စည်း (အစာ၊ ဆေးဝါးများစသည့်)များ လွယ်လင့်တကူသယ်ယူရွှေ့ပြောင်းနိုင်မည့် လမ်း၊ ချောင်းတို့အား ပြင်ဆင်ထားရှိပါရန်၊
- ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အား မွေးမြူမည့် ငါးများအတွက် သင့်တော်သောရေအရည်အသွေးရှိစေရန် တိုင်းတာစစ်ဆေးခြင်းနှင့် ရေပြင်ခြင်း(ထုံးထည့်ခြင်း၊ ရေဩဇာထည့်ခြင်းတို့ ပြုလုပ်ပေးပါရန်၊
- ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အား အမြန်ပြန်လည်မွေးမြူနိုင်ရေး သင့်တော်မည့်ငါးအရွယ်များ ထည့်သွင်းမွေးမြူနိုင်ရန် သွင်းအားစုများ (ငါးအစာ၊ ငါးသားပေါက်)များ ဖြည့်ဆည်းနိုင်မည့် အစီအမံများ ချိတ်ဆက်ဆောင်ရွက်ပါရန်၊

ငါးလုပ်ငန်းဦးစီးဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

တစ်ကျော့ပြန် နျူကလီးယား နည်းပညာ (၃)

နီဇော်သစ်



ပလာစမာတို့ကို တိုကာမက်ဟုခေါ်သော မုန့်လက်ကောက်ပုံပတ်လမ်းထဲတွင် အရှိန်ပေးပြီး နှံရံကိုမထိအောင် အားကောင်းသောသံလိုက်ဖြင့် ဆွဲလှည့်ပေးခြင်းသည် နေ၏ဗဟိုချက်မှ အပူမျိုး ရအောင် လုပ်နိုင်သော်လည်း ထိုမျှဖြင့် ဖျူရှင်မဖြစ်သေးဟု ရှေ့တွင်ပြောခဲ့သည်။ သို့သော် ထိုအဆင့်မှာ မဖြစ်မနေ ဖြတ်သန်းဖို့လိုအပ်သည့်အဆင့်ဖြစ်ပြီး သိပ္ပံပညာရှင်များအနေဖြင့် ထိုသို့လုပ်နိုင်အောင် အထူးတလည ကြိုးပမ်းအားထုတ်ခဲ့ကြရသည်။

၁၉၆၀ ပြည့်လွန်နှစ်များအတွင်း ဆိုဗီယက် ပြည်ထောင်စုက တိုကာမက် တီ-၃ ကို လည်ပတ် စမ်းသပ်ခဲ့ပြီး ၁၉၆၈ ခုနှစ်တွင် သူတို့၏ ပလာစမာ အပူချိန်မှာ ဒီဂရီဆဲလ်စီးယပ် ၁၀ သန်းရပြီဟု ထုတ်ပြန်သည်။ နောက်နှစ်တွင် ဗြိတိန်အဖွဲ့က သွားရောက်စမ်းသပ်ပြီး အတည်ပြုသည်။ ယင်းမှာ ဖျူရှင်နည်းပညာအတွက် အရေးကြီးသောသမိုင်း မှတ်တိုင်တစ်ခုဖြစ်ခဲ့သည်။ သို့သော် ဖျူရှင်အဆင့်သို့ မရောက်သေး။

ပလာစမာအဆင့်တွင် ဟိုက်ဒရိဂျင် အိုင်ဆိုတုပ် များဖြစ်သော ဒူတီရီယံနှင့် ထရစ်တီယံတို့သည် အလွန်ပူနေပြီဖြစ်ရာ စွမ်းအင်အခြေခြင် အီလက် ထရွန်တို့ကို ဆက်ထိန်းမထားနိုင်တော့ဘဲ အပေါင်း အိုင်းယွန်းများဖြစ်နေပြီ။ သဘာဝအရ လျှပ်စစ် အပေါင်းဓာတ်တို့သည် အချင်းချင်း တွန်းကန်သည်။ ဖျူရှင်ဖြစ်ဖို့ ဒူတီရီယံနှင့် ထရစ်တီယံတို့ပေါင်းပြီး ဟီလီယံဖြစ်ဖို့လိုအပ်ရာ ကူးလောင်းအားဟု ခေါ်သည့် ထိုတွန်းကန်အားကို ကျော်လွှားဖို့က အရေးကြီးဆုံး အတားအဆီးဖြစ်သည်။ သို့သော် အလွန်ပူပြင်းသော ပလာစမာစွပ်ပြုတ်ထဲတွင် ဒူတီ ရီယံနှင့် ထရစ်တီယံတို့သည် အလွန်မြင့်မားသော အလျင်ဖြင့် ရွေ့လျားနေကြသည်က တစ်ကြောင်း၊ အမှုန်အဆင့်တွင် ကူးလောင်းအားကို အပြည့်အဝ ကျော်စရာမလိုဘဲ ကွမ်တမ်လိုဏ်ခေါင်းဖောက်ပြီး သွားနိုင်သည်က တစ်ကြောင်းတို့ကြောင့် တစ်ခုနှင့် တစ်ခု တော်တော်ကြီး နီးကပ်သည့်အနေအထားသို့ တစ်ခါတစ်ရံရောက်သွားသည်။

ဤနေရာတွင် နျူကလီးယားအားပြင်းက ဝင်ပါလာသည်။ အားပြင်းသည် လျှပ်စစ်သံလိုက် အားလောက် လက်တဲ့မရှည်သော်လည်း အနီးကပ် လာလျှင် လျှပ်စစ်သံလိုက်အားထက် များစွာပိုမို အားကြီးသည်။ ထို့ကြောင့် လုံလောက်အောင်နီးကပ် သွားသော ဒူတီရီယံနှင့် ထရစ်တီယံ အိုင်းယွန်းတို့ကို အားပြင်းက ဆွဲကပ်ပေးလိုက်သည်။ ထိုအချိန်တွင်မှ ဖျူရှင်လုပ်ငန်းစဉ် အထမြောက်သွားပြီး ဟီလီယံ နျူကလိယ တစ်လုံး၊ နျူထရွန် တစ်လုံးနှင့် စွမ်းအင် ၁၇ ဒဿမ ၆ မဂ္ဂါ အီလက်ထရွန်ဗို့ ထွက်လာသည်။ စွမ်းအင်ဘယ်ကရလဲဆိုလျှင် ထွက်လာသည့် ဟီလီယံနျူကလိယနှင့် နျူထရွန်တို့၏ ဒြပ်ထု စုစုပေါင်းသည် မူလ ဒူတီရီယံ-ထရစ်တီယံ ဒြပ်ထု နှစ်ခုပေါင်းအောက် အနည်းငယ်လျော့သွားသည်။ ထိုအခါ အိုင်းစတိုင်း၏နာမည်ကျော် ဒြပ်ထု-စွမ်းအင် ညီမျှခြင်းအတိုင်း လျော့သွားသည့် ဒြပ်ထုနှင့်ညီမျှ သော စွမ်းအင်ထွက်လာခြင်းဖြစ်သည်။

၁၉၆၀ ပြည့်လွန်နှစ်များအတွင်း ဆိုဗီယက် တိုကာမက်များ စတင်လည်ပတ်ခဲ့သည်မှ နှစ်ပေါင်း ၃၀ ကျော်အကြာ ၁၉၉၁ ခုနှစ်တွင်မှ ပထမဆုံး ဖျူရှင်စွမ်းအင်ကို ထုတ်လုပ်နိုင်သည်။ ဆိုဗီယက်တို့ တော့မဟုတ်။ ဥရောပသားတို့ဖြစ်သည်။ ဥရောပ နိုင်ငံများပူးပေါင်းပြီး ၁၉၇၃ ခုနှစ်တွင် ဂျက်ဟု ခေါ်ကြသည့် Joint European Torus (JET)ကို ဒီဇိုင်းစဆွဲခဲ့သည်။ ၁၉၇၇ တွင် ဗြိတိန်၌ စတင် တည်ဆောက်သည်။ ၁၉၉၃ တွင် ပထမဆုံး ပလာစမာ ကို လည်ပတ်နိုင်ခဲ့သည်။ ၁၉၉၁ တွင် ပထမဆုံး ဒူတီရီယံ-ထရစ်တီယံ ပလာစမာကို လည်ပတ်နိုင် သည်။ ပထမဆုံး ဖျူရှင်ပါဝါ ၂ မဂ္ဂါဂျိုးလ်ကို ရရှိခဲ့ သည်။ ပမာဏအားဖြင့် ဘာမှမဟုတ်သော်လည်း သမိုင်းဝင်အောင်မြင်မှုဖြစ်သည်။ ၁၉၉၇ ခုနှစ်တွင်မူ ဖျူရှင်ပါဝါ ၁၆ ဒဿမ ၁ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ခဲ့ သည်။

TFTR ဟု အတိုကောက်ခေါ်သော တိုကာမက် ဖျူရှင် စမ်းသပ်ဓာတ်ပေါင်းဖိုကို ဆောက်လုပ်ရန် အမေရိကန် ကွန်ဂရက်က ၁၉၇၄ ခုနှစ်တွင် ခွင့်ပြု လိုက်သည်။ ဒီ-တီ ဖျူရှင်ကို အမှန်တကယ်စမ်းသပ် မည့်စီမံကိန်းဟု ဆိုလိုသည်။ ၁၉၇၇ ခုနှစ်တွင် စတင်ဆောက်လုပ်သည်။ ကိုးနှစ်အကြာ ၁၉၈၅ ခုနှစ်တွင်မှ ပထမဆုံး ပလာစမာကိုရရှိသည်။ ၁၉၉၃ ခုနှစ်တွင် ဒီ-တီ ဖျူရှင်ကို အောင်မြင်ခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ၁၀ ဒဿမ ၇ မဂ္ဂါဝပ် ဖျူရှင်ပါဝါကို သမိုင်းဝင် ထုတ်လုပ်နိုင်ခဲ့သည်။

ထိုအဆင့်ကိုရောက်မှ ဖျူရှင်ဖြစ်ပြီး ထွက်လာ သည့် ဟီလီယံနျူကလိယများက ပလာစမာအတွက် ဘာတွေဆက်လုပ်ပေးနိုင်သလဲဆိုသည်ကို လေ့လာ နိုင်ခဲ့ကြသည်။ ထိုအပိုင်းမှာ အလွန်အရေးကြီးသည်။ ဟီလီယံနျူကလိယသည် လျှပ်စစ်ဓာတ် အပေါင်း-၂ ရှိသည်။ ၃ ဒဿမ ၅ မဂ္ဂါအီလက်ထရွန်ဗို့ အရွေ့ စွမ်းအင်ဖြင့် ပလာစမာစွပ်ပြုတ်ထဲတွင် အတူရောပြီး ပြေးနေသည်။ ထို့ကြောင့် အီလက်ထရွန်များနှင့် အတုံအလုပ်ရှိသည်။ ဆိုလိုသည်မှာ ဟီလီယံ နျူကလိယက သူ့အရွေ့စွမ်းအင်များကို အီလက် ထရွန်နှင့် အိုင်းယွန်းများထံ လွှဲပေးပြီး ပိုမိုမြန်ဆန် စေကာ ပလာစမာအပူချိန်ကို ပိုမိုမြင့်တက်စေသည်။ ဤနည်းဖြင့် မြင့်တက်လာသောအပူချိန်ကြောင့် ဒီ-တီ ဖျူရှင်များ ထပ်ဖြစ်၊ ဟီလီယံ နျူကလိယများ ထပ်ထွက်၊ အီလက်ထရွန်နှင့် အိုင်းယွန်းများကို စွမ်းအင်လွှဲပေး၊ ဖျူရှင်ဆက်ဖြစ်ဆိုသည့် သံသရာကို ရရှိတော့သည်။


ဘာကြောင့် အဓိကကျလဲဆိုလျှင် ထိုသို့ဖြစ်မှ စွမ်းအင်အပေးအယူအားဖြင့် အဓိပ္ပာယ်ရှိသည်။ အရင်ဆုံး ပလာစမာများပူလာအောင် ပြင်ပ အပူပေး စက်များဖြင့် အပူချိန်မြင့်လာအောင်လုပ်ရသည်ကို ရှေ့တွင်ပြောခဲ့ပြီ။ ဖျူရှင်ဖြစ်ပြီး ဟီလီယံနျူကလိယ မှ ရသည့်စွမ်းအင်ဖြင့် အပူချိန်ကို ဆက်လက် ထိန်းထားသည့်အချိန်တွင် ပြင်ပအပူပေးစက်များ မလိုတော့သည့်အပြင် ယခင်က ပေးထားခဲ့ရသည့် စွမ်းအင်များကို ပြန်ကာမိစေမည်မဟုတ်ပါလား။ ယင်းအခြေအနေကို ကိုယ်တိုင်လောင်ကျွမ်းနိုင်သည့် အခြေအနေဟု ဆိုနိုင်သည်။ TFTR က ထိုအဆင့်သို့ မရောက်ခဲ့သည့်တိုင် လမ်းခင်းပေးနိုင်ခဲ့သည်။

သို့ဆိုလျှင် ထွက်လာသော နျူထရွန်ကရော ဘာလုပ်သလဲ။ နျူထရွန်သည် လျှပ်စစ်ဓာတ် မဆောင်။ ထို့ကြောင့် တိုကာမက်ထဲမှ ပလာစမာ စီးကြောင်းထဲတွင် သူ့ကိုပါ ထိန်းထား၍မရ။ မရသာဖြင့် နံရံကိုဝင်တိုက်သည်။ ထိုသို့ဖြစ်မည်ကို သိ၍ နံရံတွင် လစ်သီယံပါသော အလွှာတစ်ထပ် ကာထားသည်။ နျူထရွန်က အကာကိုဝင်တိုက်ပြီး သူ့ထံမှ ၁၄ မဂ္ဂါ အီလက်ထရွန်ဗို့ အရွေ့စွမ်းအင်ကို လွှဲပေးလိုက်သည်။ ထိုအခါ နံရံအကာသည် ပူလာ သည်။ ပူလာသောနံရံကို ရေဖြင့်အအေးခံရသည်။ ယခုအချိန်အထိ ထိုနေရာမှာပင် ရှိပါသေးသည်။ တကယ်တမ်းတွင် ထိုအပူကြောင့် ရေများ ဆူပွက် လာပြီး ထွက်လာသော ရေနွေးငွေ့တို့ဖြင့် တာဘိုင် ကြီးများကိုလည်ပတ်စေကာ လျှပ်စစ်ထုတ်လုပ်ဖို့ ဆိုသည်က နောက်ဆုံး ရည်မှန်းချက်ပန်းတိုင်။ ထပ်ပြောပါမည်။ ထိုအဆင့်သို့ မရောက်သေးပါ။

ဂျပန်နိုင်ငံက ဖျူရှင် သုတေသနများကို ၁၉၆၁ ခုနှစ်ကတည်းက စတင်လုပ်ဆောင်ခဲ့သည်။ ၁၉၇၀ ပြည့်လွန်နှစ်များတွင် JT-60 စီမံကိန်းကို စတင်ပြီး ၁၉၇၈ ခုနှစ်တွင် စတင်တည်ဆောက်ပြီး ၁၉၈၅ ခုနှစ်တွင် ပထမဆုံး ပလာစမာကိုရရှိခဲ့သည်။ အမေရိကန်၊ ဥရောပတို့နှင့် မရှေးမနှောင်းရခဲ့သည် ဟု ဆိုနိုင်သည်။ ဂျပန်နည်းပညာ၏ထူးခြားချက်မှာ ထရစ်တီယံကိုမသုံးဘဲ ဟိုက်ဒရိဂျင်နှင့် ဒူတီရီယံ ပလာစမာများကို အသုံးပြုကာ ဒီ-တီ ဖျူရှင်တွင် ရရှိနိုင်မည့် ပလာစမာအခြေအနေများကို အစားထိုး လေ့လာခဲ့သည်။ ကြာရှည် အပူထိန်းထားနိုင်သော ပလာစမာရရှိဖို့ ရည်ရွယ်သည်။ ဖျူရှင်ပါဝါထွက်ဖို့ ရည်ရွယ်ချက်မပါ။ ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း ဂျပန်သည် မြင့်မားသော ပလာစမာ အပူချိန်၊ မြင့်မား သော သိပ်သည်းဆ၊ အပူကို ကြာရှည်ထိန်းသိမ်းခြင်း၊ ပလာစမာ၏ ဖိအားတို့တွင် ကမ္ဘာ့အဆင့် စွမ်းဆောင် ရည်များပြခဲ့ခဲ့သည်။

ယင်းမှာ နေအတု နည်းပညာဟု ယနေ့ခေတ် တွင် လူပြောများနေသည့် နည်းပညာ၏အခြေခံ စု၍ တိုးတက်လာပုံဖြစ်သည်။ အမေရိကန်၊ ဥရောပ တို့၏ နောက်ဆက်တွဲ ရည်မှန်းချက်များ၊ တရုတ်၊ ကိုရီးယားတို့ အရှိန်အဟုန်ဖြင့် တိုးဝင်လာကြခြင်း စသည်တို့ကို နောက်တစ်ပတ်တွင် ဆက်ပြီး ဆွေးနွေးကြပါမည်။

သာမန်ကြယ်တစ်စင်းထက် အဆ ဘီလီယံ ၁၀၀ လောက် ပိုမိုတောက်ပသော ကြယ်တစ်စင်းတွေ့ရှိ



နာဆာ၏ ဂျိမ်းဝက်ဘ် အာကာသမှန်ပြောင်းမှ ရိုက်ကူးပေးပို့သော ဓာတ်ပုံများကို လေ့လာနေကြသည့် နက္ခတ္တဗေဒပညာရှင်များသည် ပုံမှန်ကြယ်တစ်စင်းထက် မဖြစ်နိုင်လောက်အောင် အဆ ဘီလီယံ ၁၀၀ ကျော် ပိုမိုတောက်ပသည့်ကြယ်တစ်စင်းကို တွေ့ရှိခဲ့သောကြောင့် ဖြစ်တည်စ စကြဝဠာနှင့်ပတ်သက်ပြီး ဆွေးနွေးငြင်းခုန်စရာများ တိုးလာခဲ့သည်။

အဆိုပါ မဖြစ်နိုင်လောက်သည့်ကြယ်ကို MoM-BH*-1 ဟု အမည်ပေးထားပြီး ယင်းကို မဟာပေါက်ကွဲမှုဖြစ်ပြီး နှစ်သန်းပေါင်း ရာဂဏန်း အနည်းငယ်မျှသာကြာသေးသည့် အချိန်ကာလအတွင်း တွေ့မြင်ခဲ့ရခြင်း ဖြစ်သည်။ အဆိုပါတွေ့ရှိမှုကို နေးချားဂျာနယ်တွင် ဖော်ပြခဲ့ကြသည်။

ထိုစာတမ်းကို ဦးဆောင်ရေးသားသည့် နက္ခတ္တဗေဒပညာရှင် ရိုဟန်နိုင်ဒူးက “ကျွန်တော်တို့ မြင်တွေ့ခဲ့ရတဲ့ အဲဒီအရာဝတ္ထုက အလျင် အမြန်ကို ဆင့်ကဲပြောင်းလဲနေတာပါ။ ဖြစ်နိုင်တာက အလယ်မှာ နေထက် အဆတစ်သိန်းလောက် ဒြပ်ထုပိုကြီးတဲ့ တွင်းနက်ကြီးတစ်ခု ရှိနေမယ်လို့ ကျွန်တော်တို့ထင်ပါတယ်။ အဲဒါကို နေမိသားစုလောက် အဝန်းအိုင်းရှိတဲ့ ဟိုက်ဒရိဂျင်ဓာတ်ငွေ့တိမ်တိုက်ကြီးက ဖုံးထားတာ ဖြစ်နိုင်ပါတယ်။ အဲဒါက အလွန်ကိုကြီးပါတယ်”ဟု ဆိုသည်။

ယင်းမှာ တွင်းနက်ကြယ်ဆိုသည့် အနမာနအဆိုပြုချက်ဖြစ်သည်။ ဆိုလိုသည်မှာ အလွန်ကြီးမားသော စကြဝဠာ ခေတ်ဦးတွင်းနက်ကြီးကို အလွန်ကြီးမားသော ဟိုက်ဒရိဂျင်ဓာတ်ငွေ့တိမ်တိုက်ကြီးက ဖုံးထားပြီး တွင်းနက်၏ စုပ်ယူမှုကြောင့်ဖြစ်လာသော စွမ်းအင်ထုတ်လုပ်မှုများက ယင်းကို သာမန်ကြယ်တစ်စင်းထက် အဆပေါင်းများစွာ ပိုမိုထွန်းလင်း တောက်ပစေသည်ဟု ယူဆခြင်းဖြစ်သည်။

ဂျိမ်းစ်ဝက်ဘ် အာကာသမှန်ပြောင်းသည် စကြဝဠာ စတင် ဖြစ်တည်သည်ဟု ယူဆထားသည့် မဟာပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး နှစ်သန်းပေါင်း သုံးလေးရာခန့်အကွာကို လေ့လာရန် တည်ဆောက် ထားခြင်းဖြစ်သည်။ ထိုကာလမှာ ပထမဆုံးကြယ်များ၊ ပထမဆုံး ကြယ်စုကြီးများနှင့်အတူ မဟာပေါက်ကွဲမှုကြောင့်ဖြစ်လာသည့် ပထမဆုံးတွင်းနက်ကြီးများ တည်ရှိရာကာလဖြစ်သည်။

ယခုအဆိုပြုချက်က ဂျိမ်းစ်ဝက်ဘ်၏ နောက်ထပ် ပဟေဠိတစ်ခု ဖြစ်သော အနီစက်လေးများကိုပါ ဖြေရှင်းနိုင်မလားဟု သိပ္ပံ ပညာရှင်များက ရည်မှန်းထားကြသည်။ အနီစက်လေးများဆိုသည် မှာ ဂျိမ်းစ်ဝက်ဘ်က ပေးပို့သောပုံများတွင် မကြာမကြာ တွေ့မြင်ရ သည့် အရာတစ်မျိုးဖြစ်သည်။

“အနီစက်လေးတွေကို စကြဝဠာတစ်ခုလုံးလိုလို မြင်နေရ တာ။ ဒီနေ့ခေတ်မှာတော့ အဲဒါတွေမရှိတော့ဘူး။ အဲဒါက ဂျိမ်းစ်ဝက်ဘ် ခေတ်မှာ အငြင်းခုန်ရဆုံး ခေါင်းစဉ်တစ်ခုဖြစ်မယ်ထင်တယ်”ဟု နိုင်ဒူး က ရှင်းပြသည်။ အနီစက်လေးများမှာ ယခုတွေ့ရှိထားသည့် တွင်းနက် ကြယ်လိုအရာများဖြစ်မည်ဟု ခန့်မှန်းနေကြသည်။ **Ref: scitechdaily**

လူငယ်များလေ့လာဖတ်ရှုသင့်သော ဝတ္ထုတိုစာပေ

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

ရသစာပေတွင် စာရေးဆရာသည် သူသိသော၊ သူခံစားမိသော အကြောင်းအရာတို့ကို အခြေခံပြု၍ သူ့စေတနာကို အဓိကထားသော သူ့စိတ်ကူးဉာဏ်တည်းဟူသော ဆေးရောင်စုံဖြင့် ရေးခြယ်သည်။ ထိုအခါ စာဖတ်သူသည် စာရေးဆရာ၏ စိတ်ကူးဉာဏ်တန်ခိုးကြောင့် ဝမ်းမြောက်ခြင်း၊ သနားခြင်း၊ အားတက်ခြင်း၊ ရဲရင့်ခြင်း၊ အံ့သြခြင်း၊ ချစ်ခင်မြတ်နိုးခြင်း၊ စက်ဆုပ်ခြင်း၊ ခိုးကျူးခြင်း၊ ကဲ့ရဲ့ခြင်းတည်းဟူသော ရသအတွေ့အကြုံကိုရရှိ

လူငယ်များသည် စာဖတ်ဝါသနာပါလာသော အခါ သုတစာပေနှင့် ရသစာပေများကို လေ့လာဖတ်ရှုလာကြသည်။ သုတစာပေတွင်မူ စာရေးဆရာသည် သူသိသောအကြောင်းအရာ၊ သူသိသော ပညာဗဟုသုတတို့ကို သူသိသည့်အတိုင်း တင်ပြသည်။ ထိုအခါ စာဖတ်သူသည် အသိပညာကို လည်းကောင်း၊ ဗဟုသုတအမျိုးမျိုးကိုလည်းကောင်း ရရှိသည်။ ဆောင်းပါး၊ စာတမ်း၊ အတ္ထုပ္ပတ္တိ၊ ကျမ်းနှင့် ဗဟုသုတကိုတင်ပြလိုသည့် ရည်ရွယ်ချက်ဖြင့် ရေးသော ပညာပေးစာပေများသည်လည်း သုတစာပေတွင် ပါဝင်သည်ဟု ဆိုရပါမည်။ သုတစာပေကိုရေးရာ၌ တစ်ခါတစ်ရံစာရေးဆရာသည် သူသိသော အသိပညာ၊ သူသိသော ဗဟုသုတတို့ကို စာဖတ်သူတို့ လက်ခံချင်လာအောင် သူ့စေတနာနှောလျက် ဖျောင်းဖျသွေးဆောင်၍ရေးတတ်သည်လည်းရှိသည်။ ထိုအခါ စာဖတ်သူသည် ပညာဗဟုသုတရသည့် အပြင် နှစ်သက်ခြင်းလည်းဖြစ်ရသည်။ ထိုစာမျိုးကို သုတစာပေ၌ ထည့်သွင်းနိုင်သည်ဆိုသော်လည်း ရသသဘောနှောနေသဖြင့် ပညာရှင်အချို့က သုတ ရသစာပေဟုဆိုကြသည်။

ရသစာပေတွင် စာရေးဆရာသည် သူသိသော၊ သူခံစားမိသော အကြောင်းအရာတို့ကို အခြေခံပြု၍ သူ့စေတနာကို အဓိကထားသော သူ့စိတ်ကူးဉာဏ်တည်းဟူသော ဆေးရောင်စုံဖြင့် ရေးခြယ်သည်။ ထိုအခါ စာဖတ်သူသည် စာရေးဆရာ၏ စိတ်ကူးဉာဏ်တန်ခိုးကြောင့် ဝမ်းမြောက်ခြင်း၊ သနားခြင်း၊ အားတက်ခြင်း၊ ရဲရင့်ခြင်း၊ အံ့သြခြင်း၊ ချစ်ခင်မြတ်နိုးခြင်း၊ စက်ဆုပ်ခြင်း၊ ခိုးကျူးခြင်း၊ ကဲ့ရဲ့ခြင်းတည်းဟူသော ရသအတွေ့အကြုံကိုရရှိသည်။ ဝတ္ထု၊ ကဗျာ၊ ပြဇာတ်၊ ပုံပြင် စသည်တို့သည် ရသစာပေတွင် အကျုံးဝင်သည်ဟု ဆိုရပါမည်။

လူငယ်များအနေဖြင့် ရသစာပေကိုဖတ်ရှုရာတွင် လုံးချင်းဝတ္ထုများအပြင် ဝတ္ထုတို၊ ဝတ္ထုရှည်များကို ဖတ်ရှုရန်လိုအပ်ပါသည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ဝတ္ထုတိုနှင့် ဝတ္ထုရှည်များကို အလျဉ်းသင့်သလို ဖော်ပြခဲ့ကြသည်။ မဂ္ဂဇင်း၊ ဂျာနယ်များစွာထုတ်ဝေခဲ့သောကာလ၌ မဂ္ဂဇင်းစာမျက်နှာများတွင် စာရေးဆရာများစွာက ဝတ္ထုတို၊ ဝတ္ထုရှည်များကို ရေးသားခဲ့ကြသည်။ ဝတ္ထုတို ရွေးခေတ်ဟုပင် ခေါ်ဆိုခဲ့ကြသည်။ အလုပ်မအား၍ အချိန်မရသည့်အခါများတွင် ဝတ္ထုတိုတစ်ပုဒ်ဖတ်ရင်း ရသခံစားနိုင်သည်။ ဝတ္ထုတို (short story) ဆိုသည်မှာ စကားပေါဖြင့် ရေးသားထားသော ဇာတ်လမ်းအကြောင်းအရာ အပိုင်းအစတစ်ခုဖြစ်၍ စံနမူနာအားဖြင့် တစ်ထိုင်တည်း ဖတ်ရှုနိုင်သည်။ ဝတ္ထုတိုပါအဖြစ်အပျက်အကြောင်းအရာတစ်ခု သို့မဟုတ် ချိတ်ဆက်ဆက်သွယ်ထားသော အဖြစ်အပျက်များစွာတို့သည် ပြည့်စုံ၍ မိုခိုင်ခြင်းကင်းသည့်အပေါ် အလေးထားဖွဲ့ဆိုကာ ခံစားမှုရသတစ်ခု သို့မဟုတ် စိတ်ခံစားချက်တစ်ခုကို နှိုးဆွပေးသော ရည်ရွယ်ချက်ပါဝင်လေသည်။ ဝတ္ထုတိုသည် စာပေများ၏ ရေးအကျဆုံးပုံစံတစ်မျိုးဖြစ်၍ ကမ္ဘာတစ်လွှားရှိ ရေးကျသော လူမှုအဖွဲ့အစည်းအသီးသီးတွင် ရာဇဝင်၊ ရိုးရာပုံပြင်၊ စာတိုပေတို့ စသည့်ပုံစံများဖြင့် တည်ရှိခဲ့ကြသည်။

ခေတ်ပေါ်ဝတ္ထုတိုများသည် ၁၉ ရာစုအစောပိုင်းမှ စတင်ဖြစ်ထွန်း တိုးတက်လာခဲ့ကြသည်။

ဝတ္ထုတိုများသည် သူနဂိုပုံစံအားဖြင့် သေချာစွာ ပြင်ဆင်ရေးသားထားသောပုံစံဖြစ်သည်။ ဇာတ်ကွက်၊ စိတ်/ခံစားချက် လှုံ့ဆော်နိုင်မှုအားနှင့် ရသမြောက် အောင်ရေးဖွဲ့ကြသည်။ ထို့ပြင် နက်နဲသော အခြေခံအုတ်မြစ်ရှိကြကာ ခေတ်သစ်လူ့အဖွဲ့အစည်းတွင် နှစ်ရာချီ၍လည်း ဝတ္ထုတိုများ၏ စွမ်းပကားကို အသိအမှတ်ပြုခဲ့ကြသည်။

ဝတ္ထုတိုနှင့်ပတ်သက်ပြီး ဗြိတိသျှစာရေးဆရာ ဝီလျံဘွိုက် (William Boyd) က ဤသို့ ဖွင့်ဟပြောဆို ခဲ့သည်။

"ထူးထူးခြားခြားတစ်ခုခုကို ဖန်တီးတဲ့အလား၊ ကျွန်ုပ်တို့အတွေ့အကြုံတွေရဲ့ အနှစ်သာရအချို့ကို သုံးသပ်အချုပ်ပြောဆိုတဲ့အလား၊ သေခြင်းတရားနဲ့ အနိစ္စတရားသို့သွားရာ ပုံမှန်ခရီး၊ လှိုင်းလေထန်တဲ့ ခရီးများထဲက ထုတ်နုတ်ထားတဲ့ ယာယီအသိစိတ်/ဆင်ခြင်တုံတရားတွေဖြစ်တဲ့အလား ဇာတ်လမ်းကို ပြောပြနေစဉ်မှာ ဝတ္ထုတိုတွေဟာ ကျွန်ုပ်တို့ရဲ့ သဘာဝတရားထဲမှာ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေတဲ့ တစ်ခုခုနဲ့ ကိုက်ညီနေပုံပါပဲ။"

ဝတ္ထုတို၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုရာ၌ စာရေးဆရာများတွင် မတူကွဲပြားသောအမြင်များ ရှိကြသည်။ ရှည်လျားသော ဇာတ်လမ်းပုံစံများမှ ဝတ္ထုတိုကို တိတိကျကျ ခွဲခြားဆုံးဖြတ်ပေးရာတွင် ပြဿနာရှိ၏။ ရှေးအစဉ်လာခွဲခြားနည်းတစ်ခုက တစ်စုံတစ်ဦးသည် တစ်ထိုင်တည်းဖြင့် ဖတ်ရှုနိုင်ရမည်ဖြစ်၍ ထင်ရှားစွာ ညွှန်းပြထားသည့်စာမှာ အက်ဂါအလန်ပိုး၏ အက်ဆေးစာပေဖြစ်သော The Philosophy of Composition (၁၈၄၆) ဖြစ်သည်။ အချို့စာရေးဆရာများက ဝတ္ထုတိုသည် တိကျကျဉ်းမြောင်းသောပုံစံရှိရမည်ဟုလည်း ငြင်းခုံဆွေးနွေးကြ၍ ဆမ်းမားဆက်မောမ် (Somerset Maugham)က ဝတ္ထုတိုသို့ တိကျသောပုံစံတည်ဆောက်ပုံရှိရမည်ဖြစ်ပြီး ပြောင်းလဲသွေဖည်သည့် အချက် (a point of departure)၊ ဇာတ်အထွတ်အထိပ်ရောက်မှု (climax)၊ စစ်ဆေးစမ်းသပ်မှုအချက် (a point of test) တို့ပါဝင်ရမည်။ တစ်နည်းဆိုရသော် ဇာတ်လမ်းဇာတ်ကွက် ပါဝင်ရမည်ဖြစ်သည်။ သို့ရာတွင် ရုရှားစာရေးဆရာ အန်တွန်ချက်ကော့ဗ်က ထိုအဆိုကိုကန့်ကွက်၍ ဝတ္ထုတိုတစ်ပုဒ်သည် ဇာတ်လမ်းအစလည်း မပါဝင်ရ၊ ဇာတ်လမ်းအဆုံးလည်း မထည့်ထားရ၊ ဝတ္ထုတိုသည် နိစ္စဓူဝဖြစ်ပျက်မှုများ၏ အရိုသဘောတင်ပြခြင်း (slice of life) ဖြစ်သင့်၍ အရိပ်ပြသည့်သဘောဖြင့်သာ တင်ဆက်သင့်သည်ဟု ထွေးတောယူဆသည်။

စင်စစ်ဝတ္ထုတိုဟူသည် လူ့ဘဝ၏ တစ်စိတ်တစ်ပိုင်း၊ အရေးကြီးသောဖြစ်ရပ်တစ်ခု သို့မဟုတ် စိတ်ခံစားမှုတစ်ခုကို အဓိကထား၍ လိုရင်းတိုရှင်းနှင့် ထိရောက်စွာဖွဲ့ဆိုထားသော ရသစာပေဖြစ်သည်။ ဝတ္ထုရှည်နှင့်မတူဘဲ ဇာတ်ကောင်၊ အချိန်နှင့် နေရာကို ကန့်သတ်ချက်ဖြင့်ရေးသားပြီး ဖတ်ရှုပြီးချိန်တွင် တစ်ခုတည်းသော ခံစားမှု သို့မဟုတ် ထွေးဆမှုမျိုးကို ရရှိစေရန် ရည်ရွယ်သည်။

ဝတ္ထုတို၏ အဓိကသဘောသဘာဝများ

* ကျစ်လျစ်ခြင်း (Conciseness): ဝတ္ထုတို၏ အဓိကလက္ခဏာမှာ ဇာတ်လမ်းတစ်ပုဒ်လုံးကို လိုရင်းတိုရှင်း၊ ဇာတ်အိမ်ကျစ်ကျစ်လျစ်လျစ်ဖြင့် တင်ပြခြင်းဖြစ်သည်။

* ဇာတ်လမ်းတစ်ပုဒ်တည်း (Single Effect): များသောအားဖြင့် ခံစားမှုတစ်ခု သို့မဟုတ် အဖြစ်အပျက်တစ်ခုကိုသာ အာရုံစိုက်ကာ အထူးအလေးပေးဖော်ပြသည်။

* ဇာတ်ဆောင် နည်းပါးခြင်း: ဇာတ်ကောင်အရေအတွက် အနည်းငယ်သာပါဝင်ပြီး အဓိက ဇာတ်ကောင်၏ ဘဝအခိုက်အတန့် သို့မဟုတ် စရိုက်ဖော်ပြချက်ကို အသားပေးသည်။

* အာဘော် (ရည်ရွယ်ချက်) ပေါ်လွင်ခြင်း: စာရေးသူသည် ဇာတ်လမ်းမှတစ်ဆင့် လူ့သဘာဝ သို့မဟုတ် လောကအမြင်ကို ဖော်ပြလိုပြီး ဇာတ်လမ်းအဆုံးတွင် စာဖတ်သူ၌ စိတ်ခံစားမှု ကျန်ရစ်စေသည်။

* အချိန်နှင့် နေရာ တိုတောင်းခြင်း: အဖြစ်အပျက်များ ဖြစ်ပျက်သည့်အချိန်နှင့် နေရာသည် အကန့်အသတ်ရှိပြီး ပြည့်စုံလုံလောက်မှုရှိသည်။

မြန်မာဝတ္ထုတိုများကို မည်သည့်အချိန်တွင် မည်သူက စတင်ခဲ့သနည်းဟု ရှာဖွေလေ့လာကြည့်သောအခါ ၁၉၁၇ ခုနှစ် မတ်လတွင် စတင်ထုတ်ဝေသည့် သူရိယမဂ္ဂဇင်းပါ မောင်သိန်းတင် မသိန်းရှင် ဝတ္ထုထက်စောသောဝတ္ထုတိုကို မတွေ့ရှိရသေးပါဟု ဦးကြီးမောင်(ငွေဒေါင်း)က ၁၉၇၈ ခုနှစ် မတ်လ၌ ကျင်းပခဲ့သော ဝတ္ထုတိုစာတမ်းဖတ်ပွဲတွင် မြန်မာဝတ္ထုတိုသမိုင်းအမည်ဖြင့် ဖတ်ကြားသောစာတမ်း၌ ထည့်သွင်းပြောကြားခဲ့သည်။ ၁၉၁၇ ခုနှစ် မတ်လထုတ် သူရိယမဂ္ဂဇင်း အမှတ်(၁) တွင် မောင်သိန်းတင် မသိန်းရှင်အမည်ရသောဝတ္ထုတို စတင်ဖော်ပြခဲ့သည်။ ရေးသူမှာ ဆရာကြီးရွှေဥဒေါင်း ဖြစ်သည်။ ထိုဝတ္ထုမှာ မြန်မာ့စာပေလောကအတွက် အရေးပါသော စာပေအရေးအသားတစ်ခုဖြစ်ခဲ့သလို မြန်မာ့ပထမဆုံး ဝတ္ထုတိုတစ်ပုဒ်လည်းဖြစ်သည်။ ထိုဝတ္ထုတိုထက်စောသော၊ ဝတ္ထုတိုဟုသတ်မှတ်နိုင်သော အရေးအသားကို အထောက်အထားအားဖြင့် မတွေ့ရသေးဟုဆိုသည်။ မောင်သိန်းတင် မသိန်းရှင် ဝတ္ထုတိုကို မြန်မာ့ပထမဆုံးဝတ္ထုတိုအဖြစ် မြန်မာစာပေလေ့လာသူများက သတ်မှတ်ထားကြသည်။ မြန်မာကာလပေါ်ဝတ္ထု(Novel)သည် ၁၉၀၄ ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့သည်။ မြန်မာဝတ္ထုတို (Short Story) သည် မြန်မာဝတ္ထု(Novel)ထက် ၁၃ နှစ်နောက်ကျပြီးမှသာ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

သူရိယမဂ္ဂဇင်းသည် ပထမဦးဆုံးမြန်မာဝတ္ထုတို ဖော်ပြခဲ့သော မဂ္ဂဇင်းဖြစ်ခဲ့သလို ဝတ္ထုတိုမျိုးဆက်သစ်များ ပြုစုပျိုးထောင်ခဲ့သည့် မဂ္ဂဇင်းတစ်စောင်လည်းဖြစ်သည်။ ဝတ္ထုတိုမျိုးဆက်သစ် ပြုစုပျိုးထောင်ခြင်းကို ၁၉၁၇ ခုနှစ်နောက်ပိုင်းတွင် ထုတ်ဝေခဲ့သောမဂ္ဂဇင်းများကလည်း အစဉ်တစိုက် အားထုတ်ခဲ့သည်ကို တွေ့ရသည်။ ထိုသို့ပျိုးထောင်နိုင်ရန် ဝတ္ထုတိုကလောင်သစ်ကဏ္ဍ ဖွင့်လှစ်ခြင်းနှင့် မျိုးဆက်သစ် ဝတ္ထုတိုစာပေဆုပေးခြင်းတို့ဖြင့် ကြိုးပမ်းအားထုတ်ခဲ့ကြကြောင်း တွေ့ခဲ့ရသည်။ ပေဖူးလွှာမဂ္ဂဇင်း၏ ကလောင်ငယ်စာမျက်နှာ၊ ပန်းဝေသီမဂ္ဂဇင်း၏ တက္ကသိုလ်ကဏ္ဍနှင့် ရွှေအမြဲတေမဂ္ဂဇင်း၏ ရွှေအသစ်ကဏ္ဍတို့သည် ဝတ္ထုတိုမျိုးဆက်သစ်များ မွေးထုတ်ပေးခဲ့သော မဂ္ဂဇင်းစာမျက်နှာများဖြစ်သည်။ ထို့ပြင် မိုးဝေမဂ္ဂဇင်း၊ ဟန်သစ်မဂ္ဂဇင်းနှင့် ဖူးငုံဆယ်ကျော်သက်မဂ္ဂဇင်းတို့ကလည်း ဝတ္ထုတိုမျိုးဆက်သစ်များနှင့် သစ်လွင်သောစာပေရေးဟန်များကို အားပေးစင်တင်ပေးခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဝတ္ထုတိုမျိုးဆက်သစ် စာပေဆုအနေဖြင့် ရွှေအမြဲတေမျိုးဆက်သစ်စာပေဆုကိုလည်း တွေ့ရမည်ဖြစ်ပြီး ဝတ္ထုတိုမျိုးဆက်သစ်များ ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းမှုတစ်ရပ်အဖြစ် အသိအမှတ်ပြုရမည်ဖြစ်ပါသည်။



❁ ကျောဖုံးမှ

နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ- တစ်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီးလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်နှစ်ပွဲစီးဆုံးဖြတ်ပွဲတွင် အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်နှစ်ပွဲစီးဆုံးဖြတ်ပွဲတွင် မွန်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

သြဂုတ် ၃၁ ရက်တွင် ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်နောက်ဆုံးပွဲစဉ်များနှင့် ကွာတား ဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ရာ အားကစားဝါသနာရှင်များ မည်သူမဆို "အခမဲ့" လာရောက်ကြည့် ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်



ညောင်ဦးမြို့နယ်၌ စုပေါင်းပလတ်စတစ်ကောက်ခြင်းများ ဆောင်ရွက်

ညောင်ဦး သြဂုတ် ၃၀

မန္တလေး တိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရေးဟောင်း ယဉ်ကျေးမှု နယ်မြေအတွင်း စုပေါင်းပလတ်စတစ် အမှိုက်ကောက်ခြင်းကို သြဂုတ် ၂၉ ရက် က ဆောင်ရွက်ကြသည်။

Baganplastic Campaign အဖွဲ့သားများ ဦးဆောင်သော ပလတ်စတစ်ကမ်ပိန်းအဖွဲ့သားများသည် ညောင်ဦးမြို့ အခြေခံပညာ အထက်တန်းကျောင်း (မြို့မ)ရှေ့မှစတင်ကာ ရွှေစည်းခုံ ဘုရားတောင်ဘက် ကွင်းပြင်၊ အလိုတော်ပြည့် စာသင်တိုက်ရှေ့မှ ဝက်ကြီးအင်းရပ်ကွက်မှသည် ဝက်ကြီးအင်း ဂူပြောက်လေး ဘုရားအထိ ပလတ်စတစ်အမှိုက်များကို Baganplastic Campaign အဖွဲ့သားများနှင့်အတူ Aureum Palace Hotel ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ ပလတ်စတစ်ကင်းစင်ရေး စုပေါင်းပလတ်စတစ်အမှိုက်များ ကောက်ယူခဲ့ကြောင်း သိရသည်။



ဒီပါလင်း

မြဝတီမြို့၌ ကျောင်းတွင်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

မြဝတီ သြဂုတ် ၃၀

ကရင်ပြည်နယ် မြဝတီမြို့ ပညာရွှေဖူး ကိုယ်ပိုင်အလယ်တန်း ကျောင်းတွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပညာအားကစား ပေါင်းစပ်ဖြင့်တင်မှု ကျောင်းတွင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့က ကျင်းပသည်။

အခမဲ့အနာဂတ်တွင် ခရိုင် ပညာရေးမှူးက အမှာစကား ပြောကြားပြီး ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများက ကွင်းအတွင်းမှ ပြန်လည် ထွက်ခွာခဲ့ကြသည်။ ထို့နောက် ကျောင်းတွင်း ဘောလုံးပြိုင်ပွဲကို ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို သြဂုတ် ၂၉ ရက်မှ ၃၀ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

ဆောင်းနွင်းဖြူ(ပြန်/ဆက်)



ကော့သောင်းမြို့၌ မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာ ကျောင်းပေါင်းစုံ အသက်(၁၄)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဝိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ကော့သောင်း သြဂုတ် ၃၀

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့တွင် ကော့သောင်းမြို့နယ်ဘောလုံးအဖွဲ့ချုပ်နှင့် မြို့နယ်ပညာရေးမှူးရုံးတို့ ပူးပေါင်းကျင်းပသော မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာ ကျောင်းပေါင်းစုံ အသက်(၁၄)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲဝိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းက ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် (၃)မိုင် ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

ဦးစွာ အလက(ခွဲ)ချမ်းဖန်းအသင်းနှင့် မူလွန်အောင်သုခအသင်းတို့က ဝိုလ်လုပွဲပြိုင်ပွဲကို အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြရာ ပထမပိုင်းတွင် အလက(ခွဲ) ချမ်းဖန်းအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ခဲ့ပြီး ဒုတိယပိုင်း ပွဲစဉ်အပြီးတွင် အလက(ခွဲ)ချမ်းဖန်းက မူလွန်အောင်သုခ အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဂိုလ်စွဲခဲ့သည်။

ပေးအပ်

ယင်းနောက် အသက်(၁၄)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးပါသော အလျှုရှင်များအား ကော့သောင်းမြို့ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်၍ ပညာရေးဌာနမှ ဘောလုံးအဖွဲ့ချုပ်ထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။



ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးက ဒုတိယဆုရရှိသော မူလွန်အောင်သုခအသင်း ကစားသမားများအား လည်ဆွဲဆု၊ ဂုဏ်ပြုဆုဖလားများနှင့် ဆုချီးမြှင့်ပေးအပ်သည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဆရာမကြီးက ပထမဆုရရှိသော အလက(ခွဲ)ချမ်းဖန်းအသင်းမှ ကစား သမားများအား လည်ဆွဲဆု၊ တံခွန်စိုက်ဆုဖလားနှင့် ဂုဏ်ပြုဆွဲများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

"ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/သမိုင်း)၊ မြေကွက်အမှတ်(၁/က)၊ ဦးဘဟန်လမ်းသွယ်၊ တိုက်အမှတ်(၆၆/ဃ)၊ (၃)ခန်းတွဲ (၅)ထပ်တိုက်၏ ပထမထပ်၊ အကျယ်အဝန်း (၁၃၊၈၀)ပေ၊ တိုက်ဘက် မျက်နှာမူလျှင်ညာဘက်ခြမ်းရှိ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာချက်"

အထက်ဖော်ပြပါ လိပ်စာရှိ တိုက်ခန်းသည် မြေရှင် ဒေါ်အေးအေးမြင့် (၁၂/မရက(နိုင်)၁၂၀၃၈၁၅ ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပိုင်ဆိုင်ခွင့်ရှိသူမှာလည်း မိမိတစ်ဦးတည်းသာဖြစ်ကြောင်း၊ အမှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း မည်သူကိုမျှကြိုတင်လွှဲပြောင်းရောင်းချထားခြင်းတို့မရှိပါကြောင်း ဝန်ခံကတိပြုသဖြင့် ကျန်ငါးဖိတ်ခွေဖြစ်သူ ဒေါ်ခင်လေးနွယ် (၈/နမန(နိုင်)၂၄၅၀၀၂)မှ (၂၆-၈-၂၀၂၆) ရက်ရွဖြင့် အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်သောက္ခံ ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျမှိုင်လုံသော တရားဝင် စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်လေးနွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဝင်ပါမြင့်
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၃၉၉)
အမှတ်(၄၀)၊ စာလှမြိုင်(ဂ)လမ်း၊ (၁၆)ရပ်ကွက်၊လှိုင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၄၅၂၄၅၂၂၂

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆-E)၊ (၁၀)ရပ်ကွက်၊ သံလွင်လမ်း၊ မြေကွက်အမှတ် (၉၀/ဂျ)ဟုခေါ်ဝေါ်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြန့်ဖြစ်မိမခန့်ခွဲမှုဥနေတွင် ဒေါက်တာဦးအောင် အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၀၂၉) ဧကရှိ မြေပိုင်မြေအမျိုးအစား မြေကွက်ကြီးနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အမှတ်(၉၃/၆)၊ သံလွင်လမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ် ဟူသော်လည်း ဆောက်အဦနှင့် ယင်းအဆောက်အဦတွင် တပါဆင်ထားသော လျှပ်စစ်မီတာ၊ ရေမော်တာနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပြီး လက်ဝယ်ပိုင်ဆိုင်ထားသူ ဦးသက်ဦး(၁၂/လမတ(နိုင်)၀၁၅၇၃၂၂)၊ ဒေါ်လှလှမူ (၇/သနပ(နိုင်)၀၆၄၂၇၂၂) ကိုင်ဆောင်သူတို့မှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းကြွယ် (၁၂/ဗဟန(နိုင်)၀၅၄၆၀၀၂)ကိုင်ဆောင်သူမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်သောက္ခံ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံတိုထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းကြွယ်၏လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)
ဒေါ်မျိုးမျိုးအေး (LL.B, D.I.L, Dip.D.S)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃) **အထက်တန်းရှေ့နေ (စဉ်-၄၃၀၇၀)**
အမှတ် (၀၄၆)၊ သဓာဒိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၅၀၅၅၆၀၂၂၊ ၀၉-၂၅၃၅၆၀၀၃၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူကုန်ကူးခံရသူများအတွက် ဧည့်ခိုရိပ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)
ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉
မန္တလေး ☎ ၀၂-၂၈၃၀၄၂၂

ရန်ကုန်လိပ်စာ
အမှတ်(၆၄)၊
ကမ္ဘာအေးဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်။

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။

မန္တလေးလိပ်စာ
ရွှေကျင်သံလမ်းအနီး၊
ဘုန်းတော်တိုးရပ်၊
အောင်မြေဘာစံမြို့နယ်။

ရေချွေတာရေး နည်းလမ်းများ

❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

နန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု-ဆင်ဖဲကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၃၈၉-ခ/ဗ-၅)ဆင်ဖဲရွာကွင်း။ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၁၃၄)ဟု မြို့မြေစာရင်းတွင် မှတ်သားထားရှိသောမြေကွက်ဖြစ်သည့် ဧရိယာ (၀.၀၅၂)ဧကခန့် (၂၃'x ၈၀') အကျယ်ရှိမြေကွက်အား ခရိုင်အဆွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးကျော်နေထွန်းပါ (၂)အမည်ဖြင့် အမည်ပေါက် (၁၀)နှစ်မြင့်ဘားဂရန်မြေကွက်နှင့် ပျဉ်ထောင်အိမ် (၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ယခုရောင်းချသူ ဒေါ်စန္ဒာဝင်း၏ ခင်ပွန်းအမည်ပေါက် ဦးကျော်နေထွန်းသည် ကွယ်လွန်သွားသည့်အတွက် ၎င်း၏ တရားဝင်ဇနီးဖြစ်သူ ဒေါ်စန္ဒာဝင်းမှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့် ရှိသူဖြစ်ကြောင်း၊ ဒေါ်စန္ဒာဝင်းမှ လက်ရောက်ပိုင်ဆိုင်လျက်ရှိကြောင်း၊ အရှေ့ အရှည်များကင်းရှင်းကြောင်း၊ စီမံခန့်ခွဲခရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း၊ ဖြတ်ပာထုတ်ဖော်ခန့်ကတိပြုသူ ဒေါ်စန္ဒာဝင်း (၁)လက(နှိုင်)၂၄၃၃၄ ကျွန်ုပ်၏မိတ်ဆွေ အငြိုးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစိတ်တပိုင်းသာကို ပေးချေပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်း/စာရွက်စာတမ်း (မူရင်းများနှင့်တကွ ယူကိုယ် တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်းမရှိပါက မြေနှင့်အိမ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ဝင်းမြတ်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်အေးခိုင်ဝင်း (LL.B, D.B.L, D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၀၀၁၂၄)
တိုက်အမှတ်(၁၈)၊ အခန်းအမှတ်(၂၃)၊ မလိမ်အိမ်ရာ၊ ဘဝမြင့်ရပ်ကွက်၊ သဃိန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၂၅၅၇၇

ဒေါ်သိန်းခင်(၁၂/သဂကတ(နိုင်)၀၄၈၂၅၅) သိစေရန် အကြောင်းကြားချက်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁/အနော်ဝေ)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁)၊ မြေကွက်အမှတ် (၁၆၂၀/၁)၊ ဧရိယာ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေ၊ လိပ်စာအဒေါ် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁/အနော်ဝေ) ရပ်ကွက်၊ သစ်လမ်း(၂)လမ်း၊ အမှတ် (၁၆၂၀/၁) ဟုခေါ်တွင်သည့် အမည်ပေါက် ဒေါ်သိန်းခင်ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသော ဒေါ်ထိုက်ထိုက် (၁/သဂကတ (နိုင်)၀၈၆၂၁၁) ဦးသန်းတိုးဇော် (၁/သဂကတ(နိုင်)၀၆၈၄၂၁) ဦးသန်းတိုးဇော်၏ ဇနီး ဒေါ်ခင်မမည်း (AD -၀၀၅၃၀၄) အမည်ဖြင့် အမည်ပေါက်ခဲ့ကြသော ဆထက်ပါအိမ်ခွင့်မြေ အကျိုး ခံစားခွင့်အရပ်ရပ်ကို (၂၇-၁၂-၂၀၂၃) ရက်နေ့တွင် အငြိုးအပိုင်ပြန်လည်လွှဲပြောင်း ရောင်းချခဲ့ရာ ကျွန်ုပ်၏ခြံဝင်းများမှ ဝယ်ယူလက်ရောက်ရရှိခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မူလအမည်ပေါက်ပိုင်ရှင် ဒေါ်သိန်းခင် အနေဖြင့် မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်အတွက် ကြော်ငြာပါသည့်နေ့မှစ၍ (၇)ဘွဲ့အင်း ဆက်သွယ်ဆောင်ရွက်ပေး ပါရန်နှင့် သက်ဆုတ်သည့်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လွမ်းဝေအောင် LL.B, D.B.L, D.M.L, D.I.L တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၁၀၀)
အမှတ်(၁၄၃၂)၊ ဝေဂုဏ်း(၆)လမ်း၊ (၂၀)ရပ်ကွက်၊
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

နန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၃၊ ကျောင်းကုန်း)၊ လူနေရပ်ကွက်အမှတ်(၄)၊ ပဒုံဆာလမ်း၊ မြေကွက်အမှတ်(၄၇၃)ဟု ခေါ်တွင်သော အကျယ်အနံ့ (၄၀x၆၀)ပေရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့ပြမြေစီမံခန့်ခွဲရေးနှင့်ဌာန ဦးစီးဌာန၌ အမည်ပေါက်လျက်ရှိသော ပါမစ် မြေကွက်ကြီးနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်ခွဲအဆောက်အဦ (၁)လုံးအပါအဝင် ယင်းအဆောက်အဦ၌ တပ်ဆင်ထားသော Powermax 60 KVA မီးစက် (၁)လုံး၊ Aircon (၂)လုံးခန့်၊ တပ်ဆင်ထားသော CCTV နှင့် ဆက်ပေါ့ပူးဆုံးအရံ၊ ကျိုးမြဲ ရေပိုက်လိုင်းနှင့် ရေပိုက်အရံ၊ ရေဓမ်တာ၊ Compressor အရံ၊ ဘုရားကျောင်းဆောင်နှင့် ရုပ်ပုံများတော်(၁)ဆူအပါဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတ် ဆက်ခံစာချုပ်များဖြင့် ဝယ်ယူ၍ လက်ဝယ်ပိုင်ဆိုင်ထားသူ ဦးဆောင်မင်း(ဂ/အဖန(နိုင်) ၀၆၅၂၇) ကိုင်ဆောင်သူမှ တရားဝင်လက်ရောက်ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသူဟု ထုတ်ဖော်ခန့်ကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သူ ဦးမင်းသိုက်(ဂ/ရတန(နိုင်)၁၁၄၃၁၈) ဒေါ်ချိုချိုဆော (၇/လဝတ (နိုင်)၁၂၂၉၅)ကိုင်ဆောင်သူတို့မှ အငြိုးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဝေကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သည့်သူမရှိပါက ကျွန်ုပ်၏အိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဃမင်းသိုက်နှင့် ဒေါ်ချိုချိုဆောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်မေဝေမြင့်ဝင်း	ဒေါ်နီးနီးဆေး
(LL.B, D.B.L, D.I.L)	(LL.B, D.I.L, Dip.D.S)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၃၃)	အထက်တန်းရှေ့နေ (စဉ်- ၄၃၉၈၀)
အမှတ် (၈၄၆)၊ သာဗာလမ်း (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊	
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၂၉၈၆၂၄၊ ၀၉-၂၅၃၅၀၀၇၀	

"အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မွေဘွဲ့ညွန့်ရပ်ကွက်၊ ရွှေဝါလမ်း၊ အမှတ်(၅၆၆)၊ အခန်း(၂၀၁)ခန့် ဒေါ်သဥာ (၁/ကမရ(နိုင်)၀၅၃၁၇၆) ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်သည် စီးပွားရေး၊ လူမှုရေးအရ လူမှုကွန်ရက်ပေါ်တွင် Facebook, Telegram, TikTok Account, Viber စသည့် Application များဖွင့် လှစ်အသုံးပြုလျက်ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်အမှုသည်အသုံးပြုလျက်ရှိသော Facebook, Telegram, TikTok Account, Viber စသည့် Application များတွင် စီးပွားရေးအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း ဂုဏ်သိက္ခာ ကျဆင်းစေသော Comment များလာရောက်ရေးသားခြင်း၊ အများသူငှာထင် ယောင်ထင်မှားဖြစ်စေသည့် ကိစ္စရပ်များပြုမူ ပြောဆိုရေးသားခြင်း၊ ကျွန်ုပ် မိတ်ဆွေတင်ထားသော ဓာတ်ပုံများအား ကူးယူ၍ တစ်ဆင့်ဖော်ပြခြင်း အလွဲသုံးစားပြု၍ မဟုတ်မမှန်ဖော်ပြခြင်း၊ Post များအား Screen Shoot ရိုက်ကူးယူပြီး မိမိတို့၏လူမှုကွန်ရက် Account များတွင် မဟုတ်မမှန်ပြန်လည် Post တင် ရေးသားခြင်းဖြင့် အလွဲသုံးစားမပြုလုပ်ကြပါရန်နှင့် Messenger မှတစ်ဆင့် အခြားသူများသို့ ကျွန်ုပ်အမှုသည်၏ ဂုဏ်သိက္ခာကျဆင်းအောင် မဟုတ်မမှန် ပြောဆိုရေးသားခြင်း၊ သတင်းအဖြစ် ဖြန့်ဖြူးပေးပို့ ဆင့်ပွားခြင်းများ မပြုလုပ်ပါရန် လေးနက်စွာအသိပေးအပ်ပါသည်။

ထိုသို့ အများသိရှိစေရန် ကြေညာထားသည့် ကိစ္စရပ်များနှင့်ပတ်သက်ပြီး တစ်နည်းနည်းဖြင့် ပြုလုပ်နေသူ မည်သူမဆိုတွေ့ရှိပါက ယခုကြော်ငြာပါသည့် နေ့ရက်မှစ၍ သက်ဆိုင်ရာဥပဒေကြောင်းများအရ တရားစွဲဆို အရေးယူသွားရန် ကျွန်ုပ်အား ယွဲ့အပ်ညွှန်ကြားထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးအောင်ကျော် LL.B., B.A(Business Law),
C.B.L., DL.101 WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၇၉)
အမှတ်(၇၈)၁ထပ်၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။ Ph:09-5045140, 09-250729155

တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ နောင်ရိုးကိုယ်ပိုင် အထက်တန်းကျောင်း-Grade-11 (ကောသမတန်း)တွင် ပညာသင်ကြားနေသော မောင်ဝေယံထွန်း၏ ဖခင် အမည်မှာ ဦးကံထွန်း နှင့် ဦးဦးကံထွန်း (၁/ရုပသ(နိုင်) ၀၅၂၉၉၇)ဟူ၍ အမည် (၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သီသီဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၅/ဓ-၀-၂၀၂၀)
အမှတ်(၁၂၉)၊ ဦးညီ(၇)လမ်း၊ ဝဝ/ဖြောက်၊ ဓမ်းချောင်းမြို့နယ်၊
Ph:09-799036641

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ကျောကတ်တံတားမြို့နယ်၊ (၂)ရပ်ကွက်၊ ၃၄-လမ်း(အထက်ဘလောက်) အမှတ်(၁၆၀)၊ (၂)နန်းတွဲ၊ (၆)ထပ်တိုက်အနက်မှ ၄-လွှာ(A)၊ မျက်နှာမူလျှင် (ယာ)ဘက်၊ အကျယ်အဝန်း (၁၂'၃"ပေ x ၄၀ပေ)ရှိ ကိုယ်ပိုင်လှေခါးစင်အိတ်ဘား ကိုယ်ပိုင်ခရေမော်ဘာ ပါရှိသောတိုက်ခန်းနှင့် ယင်းတိုက်ခန်း တွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်လွင်လွင်ဖြင့် (၁၂/တတန(နိုင်)၁၆၀၂၉၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဆင်မောင်တင့် (၁၂/ ပဘတ(နိုင်)၀၃၀၁၆၈)က အငြိုးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက်မှ စရန်ငွေတစိတ်တစ်ဝေကို ပေးချေထားပြီး ဖြစ်ပါသည်။

သို့ပါရှိ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင် ခံစားခွင့်ရှိပါက မည်သူမဆို အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာစာ ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့် တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခွေမွှာခင်(LL.B, D.M.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၄၅)
အမှတ်(၂၉၄/၂၉၉)၊ ၃-လွှာ(C)၊ ဧည့်သည်ဆောင်မှ အရှိုးကုန်ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၄၃၁၀၉၆၄၅၅၊ ၀၉-၉၆၄၁၀၈၄၄၅

အမည်ပြောင်းခြင်း

အ.ထ.က (၁) နေပြည်တော်၊ ဓေယျာသီရိမြို့နယ် Grade–4 (A) မှ အဖ ဦးစိုးပိုင်[၇/အဖန (နိုင်)၀၇၇၃၅၂] ၏သမီး မဇာဂရီ စိုးပိုင်အမည်အား မဆုရတုနာပိုင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မဆုရတုနာပိုင်

အမည်ပြောင်းခြင်း

အ.ထ.က (၁) နေပြည်တော်၊ ဓေယျာသီရိမြို့နယ် Grade–2 (A)မှ အဖ ဦးစိုးပိုင်[၇/ အဖန (နိုင်)၀၇၇၃၅၂] ၏သမီး မသွန်း ယသော် အမည်အား မသွန်းဆု ရတနာပဒု ပြောင်းလဲခေါ်ဆို ပါရန်။ **မသွန်းဆုရတနာ**

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင် လေးပင်ခရိုင်၊ ရွှေကျင်မြို့နယ်၊ အထက-(တပ်နယ်)ကျောင်း၊ Grade–5 မှ မောင်ထက်ဝေယံ၏ ဖခင်အမည်မှန်မှာ ဦးစိုးငြိမ်းဦး [၇/တငန(နိုင်)၁၁၆၃၉၈] ဖြစ် ပါကြောင်း။ **ဦးစိုးငြိမ်းဦး [၇/တငန(နိုင်)၁၁၆၃၉၈]**

ဖခင်အမည်မှန်

ရန် ကုန် တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အ.ထ.က (၂၂) ကျောင်းတွင် ပညာသင်ကြားနေသော Grade-11(B) အခန်းမှ မန္တယိန်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးချန်ရဲဘဝ ဂလူး [၁/သလန(ပြု)၀၀၀၅၃၃] ဖြစ်ပါကြောင်း။

အမှန်ပြင်ဆင်ဖတ်ရှုပါရန်
၂၉-၈-၂၀၂၆နေ့ ထုတ်ကြေးမုံ သတင်းစာ၏စာမျက်နှာ-၂၃ ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်သီရိဦး၏အများသိစေရန် အသိပေးကြေငြာခြင်းကြော်ငြာ တွင်မြေကွက်အမှတ်ကို (၆-A) အစား မြေကွက်အမှတ် (၆-A) ဟုအမှန်ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ လမ္ဘာန်းရပ်ကွက်၊ ရာဇသာကြီးနန်းလမ်း၊ အမှတ်(၈၄)၊ (၂)ခန်း၀တွဲ(၆)ထပ်တိုက်၏ တတိယထပ်၊ (၄)လွှာ၊ တိုက်မျက်နှာ မူလျှင်ညာ၊ (၁၂၅၄၀)ပေရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့် ရှိသူ ဦးမောင်သိန်း(ခ)အာယူအာလီ [၁၁/မဂတ(နိုင်)၁၁၈၀၃၃]ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ယဉ်ယဉ်အေး [၁၁/စတန(နိုင်)၀၀၂၆၇၂]က အငြိုးအပိုင် လွှဲပြောင်း ဝယ်ယူရန် တိုက်ခန်းတစ်ခန်း၏တစိတ်တစ်ဝေကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဥာဏ်မင်းထက်(LLB,DIPL,DBL,PGDB) ဒေါ်ယုစန်းကို(LL.B,DBL,PGDB)
အထက်တန်းရှေ့နေ(စဉ်-၅၂၃၁)၊ အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)
အမှတ်(၂၀၀/က)၊ ဧည့်သည်ဆောင်လမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊
ဖုန်း-၀၉-၅၀၃၂၂၀၃၃၊ ၀၉-၄၂၀၀၉၉၄၆

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသိရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၂/ရုံးရပ်)၊ မြေဧရိယာ(၀.၁၁၀)ရှိ မြေကွက်အမှတ်(ပ-၂၀၉၇၁)ကို အမည်ပေါက် ဒေါ်စိုးပွင့်ဖြူ(၁၁)ဦးမောင်ဃီ နိုင်ငံသားစီစစ်ရေးကတ်ပြား အမှတ်[၁/မကန(နိုင်)၁၀၀၅၀၀]မှ ဦးခင်မောင်စစ်း(၁၁)ဦးကနက်စိန် နိုင်ငံသားစီစစ်ရေးကတ်ပြားအမှတ် [၉/နထက(နိုင်)၁၅၆၃၀၁] နှင့် မှတ်ပုံတင် အရေးဒေါ်သဘင်ချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၄)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာနစု၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံးမြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသိရိမြို့၊ မြေဧရိယာ(၀.၀၅၅)ရှိ မြေကွက်အမှတ်(ပ-၃၀၄၆၆) ကို အမည်ပေါက် ဒေါ်အိအိထွေး(၁၁)ဦးဝမ်ရွှေကြည်(ခ)ဦးလှသင် နိုင်ငံသား စီစစ်ရေးကတ်ပြားအမှတ်[၁/မကန(နိုင်)၀၀၁၇၄၁]မှ ဦးကျော်မင်းနိုင်(၁၁) ဦးသာမှံ နိုင်ငံသားစီစစ်ရေးကတ်ပြားအမှတ်(၇/ကကန(နိုင်)၀၃၀၅၅၅) နှင့် မှတ်ပုံတင်အရေးဒေါ်သဘင်ချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၄)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာနစု၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံးမြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ဧရာဝတီပတ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၁၁၉)၊ အကျယ်အဝန်း(၄၅'x၈၀)ပေ၊ ဧရိယာ(၀.၀၆၂)ကေရှိ ဒေါ်ခိုးဖိုးအေးအမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ ဝန်ခံကတိပြုသူ ဒေါ်ခိုးဖိုးအေး [၁/မဂဒ(နိုင်)၀၁၀၄၀၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရောနှင့်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကို စာရွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးသိန်းအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ငြိမ်းငြိမ်း (LL.B)(D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၉၇)
အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ၀၉-၄၂၂၂၈၆၀၄၂၊ ၀၉-၇၆၀၈၁၁၇၇၆

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၀)ရပ်ကွက်၊ မြောင်းမြေလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ် (၃၁၀၀)၊ ဧရိယာ (၀.၀၇၂)ကေရှိ ဒေါ်မြေငြိမ်း အမည်ပေါက် ပါမစ်မြေအမျိုးစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ် အရပ်ဂကတ်စာချုပ် အဆက်စပ်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်မာသီ(၇/အရတ(နိုင်)၀၀၂၃၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေ အချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရောနှင့်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်စန္ဒာမြင့်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ငြိမ်းငြိမ်း(LL.B) (D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၉၇)
အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ၀၉-၄၂၂၂၈၆၀၄၂၊ ၀၉-၇၆၀၈၁၁၇၇၆

အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ၁၀မိုင်ကုန်း၊ မြဝတီမင်းကြီးလမ်း၊ အမှတ်-၅၅တွင် တည်ရှိသော၊ မြေရိယာ(အလျား ၅၀xအနံ၈၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မူလပိုင်ရှင် ဦးမြင့်သိန်း(CT-၀၅၆၂၃၄)ထံမှ အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် လွှဲပြောင်းဝယ်ယူထားကြသူများအနက် ဦးထွန်းရွှေ [၁၂/ဥကတ (နိုင်) ၁၁၄၆၁၄]ထံမှ (၁-၁၂-၂၀၁၄) ရက်စွဲပါ၊ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ် (အရပ်ကတိစာချုပ်)အရ ဝယ်ယူထားပြီး လက်ရှိထားပိုင်ဆိုင်အကျိုးခံစားလျက် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုရှိသူများဖြစ်ကြသော (အဖ) ဦးတင်အေး၏သား/သမီးများဖြစ်ကြသည့် ၁။ ဒေါ်ခင်အုံးမြင့် (ခ) ဒေါ်ခင်အုန်းမြင့် [၁၂/အစန(နိုင်)၀၅၄၂၃၀]၊ ၂။ ဒေါ်လှလှဝင်း [၁၂/အစန(နိုင်) ၀၅၄၈၁၂]၊ ၃။ ဦးတင်ထွန်း[၁၂/အစန(နိုင်)၀၅၄၇၉၉]၊ ၄။ ဦးလှထွေး[၁၂/အစန (နိုင်)၀၆၁၇၀၁]၊ အမှတ်-၅၅၊ မြဝတီမင်းကြီးလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ၁၀မိုင်ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့နေသူတို့(၄)ဦးထံမှ ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ် ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL) — **ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L)**

တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆) — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)**

ဖုန်း-၀၉-၅၁၇၁၄၃၃ — **ဖုန်း-၀၉-၇၉၂၇၃၇၃၃၀၊ ၀၉-၂၅၄၄၈၈၃၃၀**

အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅၂-စီခ)၊ လူနေရပ်ကွက်အမှတ်(ကာယ)၊ ကာယ(၁၀)လမ်း၊ မြေရိယာ(၃.၂၅) ဧက အကျယ်အဝန်းရှိ နှစ်(၆၀)မြေငှား ဂရန်မြေကွက်ပေါ်ရှိ မြေရိယာအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ယာယီမြေကွက်အမှတ်(၃၈)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀x၆၀)ရှိ မြေကွက် (၁)ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအားအရပ်ကတိဆက်စပ်စာချုပ်များဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်ခိုင်သဇင်ဦး [၈/မတန(နိုင်)၀၉၆၉၃၃] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံ ကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နေဇာဝင်း [၅/မရန(နိုင်)၁၉၁၀၃၀]မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်တို့၏ မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နေဇာဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L) — **ဒေါ်မျိုးမျိုးအေး (LL.B, D.I.L, Dip.D.S)**

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃) — **အထက်တန်းရှေ့နေ (စဉ်- ၄၃၉၇၈)**

အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၅)၊ ဝါရှောင်လမ်း၊ မြေကွက်အမှတ်(၂၃၄)၊ အကျယ်အဝန်း (၄၀ x ၆၀)ပေရှိဦးတင်ငွေ (TGN – ၀၃၈၀၀၂) အမည်ပေါက် နှစ် (၆၀)ဂရန် မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အား မျက်နှာမူလျှင် ဝဲဘက်ရှိ အကျယ်အဝန်း (၂၀ x ၆၀)ပေရှိသော ဂရန်မူရင်းခြမ်းမြေကွက်အား လက်ရှိဝယ်ယူပိုင်ဆိုင်ထားသော ဦးဇော်မင်း [၁၂/မရက(နိုင်)၁၃၇၆၅၂] မှ လည်းကောင်း၊ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အား မျက်နှာမူလျှင် ယာဘက်ရှိ အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ ဂရန်မိတ္တူခြမ်းမြေကွက်အား လက်ရှိဝယ်ယူ ပိုင်ဆိုင်ထားသော ဒေါ်အေးအေးခိုင် [၁၂/အစန(နိုင်)၁၂၉၅၇၃] နှင့် ဒေါ်လဲ့လဲ့ခိုင် [၁၂/အစန(နိုင်) ၁၃၁၀၃၁] တို့မှလည်းကောင်း၊ အဆိုပါမြေကွက် (၂)ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ဦးဇော်မင်း၊ ဒေါ်အေးအေးခိုင်၊ ဒေါ်လဲ့လဲ့ခိုင်တို့မှ လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မြတ်မြတ်ဌေး မှ တရားဝင်အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် (၂)ကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ဟေမာနှင်းစိုး (LL.B)

တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၈၁/၂၂-၁၁-၂၀၁၂)

တိုက်(A-2)၊ အခန်း(၁၀၃)၊ ဗိုလ်မှူးဗထူးအိမ်ရာ၊ ၄၈ U10 ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၂၅၀၀၀၉၃၉၄၊ ၀၉-၂၅၀၂၃၀၁၂၅

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉/၁)၊ ရွှေပေါက်ကံ(စက်မှုဇုန်)၊ လူနေရပ်ကွက်အမှတ်-(၁၉)၊ ကနောင်(၆)လမ်းနှင့်(၈)လမ်းထောင့်၊ မြေကွက်အမှတ် (၁၆၈၊ ၁၆၉၊ ၁၇၀) ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်မြင့်ကြည် အမည်ဖြင့် စက်မှုဂရန်ထွက်ရှိထားသော အကျယ်အဝန်း(၁၂၀x ၆၃)ပေ၊ ရေိယာ(၀.၁၇၄)ဧက၊ (၇၅၆၀)စတုရန်းပေရှိ နှစ် (၆၀)စက်မှုဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦအပါအဝင် ရေမီးစုံအကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူ၍ လက်ဝယ်ပိုင်ဆိုင်ထားသူများဖြစ်သော ဦးအောင်ဖြိုး [၉/ဝတန (နိုင်) ၁၀၇၀၃၁]၊ ဒေါ်သန်းစုထွေး [၉/ဝတန(နိုင်)၀၀၀၄၄၄] ကိုင်ဆောင်သူတို့မှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသက်နိုင် [၁၂/ ထတပ (နိုင်)၁၀၀၂၆၃]ကိုင်ဆောင်သူမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသက်နိုင်၏လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L) — **ဒေါ်မျိုးမျိုးအေး (LL.B, D.I.L, Dip.D.S)**

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃) — **အထက်တန်းရှေ့နေ (စဉ်- ၄၃၉၇၈)**

အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ပွဲစားလမ်း၊ အမှတ်(၆၄)ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၇)ထပ်တိုက်၏ ပဉ္စမထပ်(၆-လွှာ)(ခြေရင်းခန်း)၊ (အလျား ၁၅ x အနံ ၅၀)ပေရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ပြုံး[၁၂/မရက(နိုင်)၀၁၉၈၀၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေများ ဦးမျိုးအောင်ထူး[၁၂/ဥကတ (နိုင်)၁၄၆၀၆၇]၊ ဒေါ်အိအိဖြူ[၁၂/ကမတ(နိုင်)၀၅၁၇၇၇]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်မိုးခင်အိ(LL.B)

တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)

အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၄၃၀၇၁၁၄၈

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂A, ၁၂B,၆၉,၇၃-ကမာရွတ်)၊ လူနေရပ်ကွက်အမှတ်(ရတနာမွန်)၊ အေးရိပ်မွန် (၂) လမ်း၊ မြေကွက်အမှတ်(၆၂)၊ အိမ်အမှတ်(၇)၊ အကျယ်အဝန်း (၆၇x၇၆)ပေ၊ ဧရိယာ (၀.၁၁၇)ဧကရှိ ဒေါ်ခင်ဆွေယု အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ RC (၂)ထပ် နေအိမ်တစ်လုံး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်ဆွေယု [၇/ပခန (နိုင်)၀၀၆၉၂၈]က အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လွတ်လပ်စွာပြန်လည် လွှဲပြောင်း ရောင်းချခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လဲ့လဲ့ဝင်း [၁၂/ဗဟန(နိုင်)၀၂၃၀၃၀]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေကွက်၏ ပိုင်ရေးဆိုင်ခွင့်နှင့် ပတ်သက်၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း) အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက နှစ်ဖက်သဘောတူညီချက်များအတိုင်း အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ဝေဝေခိုင် (LL.B, D.B.L, D.I.L, D.I.P.L, D.M.L)

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၂၉)

အမှတ်(၄၈၇)၊ အောင်တံခွန်(၁)လမ်း၊ ၂၉-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၅၀၃၈၆၁၈၊ ၀၉-၇၈၉၄၈၇၃၂၆

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

